# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 23 August 2021 ၁၀၄၇၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများ ရောက်ရှိ




တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် ဩဂုတ် ၂၂

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိမြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသည့် Air China လေယာဉ်သည် ပေကျင်းမြို့မှ ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ အဆိုပါ ဆေးနှင့် ဆေးပစ္စည်းများကို ဒဂုံမြို့နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံမှ ဗိုလ်မှူးကြီး ဇော်မျိုးဟန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထိုသို့ ရောက်ရှိလာသော ဆေးနှင့်ဆေးပစ္စည်းများတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ မြန်မာ့တပ်မတော်သို့လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး SARS-CoV-2 Vaccine(Vero Cell) အလုံး ၄၀၀၀၀၀၊ ဆေးထိုးအပ် ၄၀၃၂၀၀၊ ပေကျင်းမြို့ရှိ


စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖


## သံလွင်မြစ်ရေနှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၂

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ကြေးမုံ ယနေ့ ဖတ်စရာ


**တပ်ကုန်း၊ ထားဝယ်နှင့် မြိတ်မြို့နယ်တို့အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ** စာမျက်နှာ » ၅

**လူငယ်တွေ နိုင်ငံရေး အသုံးချခံ မဖြစ်ဖို့ဆိုရင်** စာမျက်နှာ » ၆

**လူမှုကွန်ရက်ပေါ်က ဝါဒဖြန့်သတင်းတု သတင်းများသံသရာ** စာမျက်နှာ » ၉

**ရသစုံလင် ပြုံးပျော်ရွှင်** စာမျက်နှာ ၂၀၊ ၂၁





**လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ် အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးတွေသည် ‘ဒယ်လ်တာ’ မျိုးဗီဇပြောင်းပိုး အပါအဝင် အခြားမျိုးဗီဇကွဲတွေကို ကောင်းစွာနှိမ်နင်းနိုင်ပါတယ်၊ ကာကွယ်နိုင်ပါတယ်** စာမျက်နှာ » ၁၆

ကြေးမုံ

# စိုက်ပျိုးစီးပွား ဦးမော့လာရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ နောက်ဆက်တွဲဂယက်ရိုက်ခတ်မှုများကြောင့် နိုင်ငံအတွင်းစီးပွားရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တုံ့ဆိုင်းနှေးကွေး ရပ်တန့်ခြင်းများဖြစ်ပေါ်နေသည်။ ထို့ကြောင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်တွန်းအားပေး မြှင့်တင်ပေးရန် ကြိုးပမ်းအားထုတ်နေသည်။ စိုက်ပျိုးရေးကဏ္ဍ၌ စပါးပြီးလျှင် အဓိကအားထားသည့် ပဲမျိုးစုံစိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နေသည်။

မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေးကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးဖြင့် နိုင်ငံ့စီးပွားပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန်များ ပေါများဖွံ့ဖြိုးသော်လည်း စားသောက်ကုန်များကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေသည်မှာ နိုင်ငံ့စီးပွားရေးတွင် လိုအပ်ချက်ဖြစ်နေသည်။ စိုက်ပျိုးရေးထုတ်ကုန်များ ပြည်တွင်း၌ ကြိုးစားထုတ်လုပ်ပြီး ပြည်တွင်း၌ အားပေးခြင်းဖြင့် နိုင်ငံ့စီးပွား အလုပ်အကိုင်များ ဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံခြားငွေ စီးထွက်မှုကို တားဆီးနိုင်သည်။

မြန်မာနိုင်ငံတွင် ဆန်စပါးပြီးလျှင် ဆီထွက်သီးနှံများကို ပိုမိုထုတ်လုပ်နိုင်သလို ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်ရေးအတွက် ဆီစားသုံးမှုကို ဆင်ခြင်ခြင်းဖြင့် ပြည်တွင်းသို့ စားသုံးဆီတင်သွင်းမှုလျှော့ချပြီး ပြည်သူများ လူမှုစီးပွားမြင့်မားရေးကို အထောက်အကူပြုနိုင်သည်။ ဆီထွက်သီးနှံပိုလျှံစွာ ထုတ်လုပ်နိုင်ရေးအတွက် တောင်သူများအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်တွင်းဆီစက်များ အပြည့်အဝလည်ပတ်နိုင်ရေးစီမံချက်ကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပဲမျိုးစုံသီးနှံသည် မြန်မာနိုင်ငံအတွက် ဒုတိယ အားထားရဆုံး သီးနှံမျိုးစုံဖြစ်သဖြင့် ပဲမျိုးစုံသီးနှံစိုက်ပျိုးရေးတွင် နိုင်ငံတော်က ဝိုင်းဝန်းကူညီအားပေးကာ ကြိုးပမ်းထုတ်လုပ်နိုင်ပါက နိုင်ငံ့စီးပွားဦးမော့လာမည်မှာ သေချာသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ ၁၀ လတာကာလအတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့ခဲ့ရာ ပင်လယ်ရေကြောင်းမှ အမေရိကန်ဒေါ်လာ သန်း ၇၆၀ ကျော်နှင့် နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ သန်း ၆၀၀ နီးပါးရရှိခဲ့ရာ ပြည်ပသို့ ပဲမျိုးစုံတင်ပို့ရောင်းချမှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ သန်း ၁၃၆၀ နီးပါး ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံမှ အရည်အသွေးကောင်းမွန်သော ပဲမျိုးစုံထုတ်လုပ်နိုင်မှုကြောင့် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန် တစ်သိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ် ပုဂ္ဂလိကကဏ္ဍမှတစ်ဆင့်တင်သွင်းရန် နှစ်နိုင်ငံ သဘောတူလက်မှတ်ရေးထိုးထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့၏ ပဲထုတ်လုပ်မှုပမာဏနှင့် စားသုံးမှုလိုအပ်ချက်တို့အပေါ် မူတည်ပြီး နှစ်နိုင်ငံအကြား မတ်ပဲနှင့်ပဲစင်းငုံ ကုန်သွယ်မှုကို အားပေးရန်ရည်ရွယ်၍ မြန်မာ-အိန္ဒိယ မတ်ပဲနှင့်ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့က နှစ်နိုင်ငံအစိုးရအကြား လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါသဘောတူညီမှုသည် အိန္ဒိယအစိုးရက နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံတကာပဲခွဲတမ်းအား ထိခိုက်မှုမရှိစေဘဲ မြန်မာ့ပဲတင်ပို့သူများအနေဖြင့် နိုင်ငံတကာခွဲတမ်းတွင်လည်း ပါဝင်အကျိုးခံစားခွင့် ရမည်ဟု သိရသည်။ ယမန်နှစ်က ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနီးပါးရရှိထားပြီး ယခုအခါ ယခင်နှစ်ထက် တင်ပို့မှုတန်ချိန်လျော့ကျသော်လည်း ဝင်ငွေအမေရိကန်ဒေါ်လာ သန်း ၁၉၀ နီးပါး ပိုမိုရရှိခဲ့သည်။

မြန်မာနိုင်ငံသည် ပြည်တွင်း၌ ပဲမျိုးစုံထွက်ရှိသည့်အနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ ပဲသုံးမျိုးကို ပြည်ပသို့ အများဆုံးတင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်ဧက ၁၁ သန်းကျော် စိုက်ပျိုးလျက်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှုမှာ ၃၅ ရာခိုင်နှုန်းကျော်၊ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးလျက်ရှိပြီး ကျန်စိုက်ပျိုးမှုမှာ အခြားပဲမျိုးစုံဖြစ်သည်။ ယခုအခါ ပြည်တွင်းစားသုံးဆီသီးနှံ တိုးတက်ထုတ်လုပ်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ရာ မြေပဲ၊ နှမ်းနှင့်နေကြာဆီ ဆီထွက်သီးနှံများကို ပိုမိုတိုးတက်ထွက်ရှိလာအောင် အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဆီထွက်သီးနှံစိုက်ပျိုးသည့်တောင်သူများ ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဦးမော့လာရေးအတွက် ပဲမျိုးစုံစိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံများ ပိုမိုအောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးကို နိုင်ငံ၏အမျိုးသား အကျိုးစီးပွားဖြစ်သည်ဟု ရှုမြင်ခံယူပြီး အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကိုဗစ် -၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဩဂုတ်လ ၂၃ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်စ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/ လေကြောင်း/ နယ်စပ်) လမ်းကြောင်းများမှ တစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၂ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၁၂ ခုမှ Amnavir-400 Tablet ၉၉၉၀၊ Azinam-250 Tablet ၁၉၂၄၃ ခု၊ Emboxin-40 Injection ၄၀၀၀၀၊ Emboxin-60 Injection ၄၀၀၀၀၊ Enoxaparin Sodium Injection ၄၀၀၀၊ Immunospreme Capsule ၁၅၁၂၀၊ Nova-C Tablet ၁၀၀၁၀၊ နှာခေါင်းစည်း ၁၂၀၊ Nasal Cannula ၁၂၀၊ Oximeter ၅၁၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၄၅၀၊ Oxygen Concentrator Spaer Part ၆၈ ခု၊ Spirometer ၂၀၀၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၂၂ ခုမှ Oxygen Cylinder ၃၀၃၄ ခု၊ Oxygen Concentrator ၈၃ ခု၊ နှာခေါင်းစည်း ၅၁၅၀၊ Liquid Oxygen ၂၉၁၃၁ ကုဗမီတာ၊ Liquid Oxygen ၁၉ ဒသမ ၀၆ တန်၊ Flow Meter ၄၉၈၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၇၀၀၀၊ အောက်ဆီဂျင်ထုတ်သည့်စက် သုံးခု၊ Blood Pressure Monitor ၅၀၀၊ Thermometer ၁၅၀၊ Spary Gun ၁၅၀၊ Oxygen Storage Container တစ်ခု၊ Oxygen Mask ၂၆၂၀၊ Oximeter ၁၅၀၊ Oxygen Liquid Distributor တစ်ခု၊ Trolley ၃၀၊ Ultraviolet Disinfection Mobile Cart ငါးခု၊ Cleaning Liquid ၁၉၅၀ ကီလိုဂရမ်၊ Cannula ၁၀၀၀၊ Face Shield ၁၀၅၀၀၀ ကီလိုဂရမ် တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးမပြုန်းတီးစေရေး၊ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး၊ ကျေးလက်နေပြည်သူများ ငါးစားသုံးမှု မြင့်မားလာစေရေးတို့ကိုရည်ရွယ်၍ ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဆင်ကျုံးခံတပ်အနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကျင်းပခဲ့သည်။




အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးအောင်သူနှင့် အဖွဲ့ဝင်များ၊ တံတားဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးသန်းနိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးနိုင်ဦး၊ မြို့နယ်အဆင့် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များ၊ မီးသွေးတိုက်ကျေးရွာအုပ်ချုပ်ရေးမှူး၊ နတ်ရေကန်ငါးစခန်းတာဝန်ခံ ဒေါ်အေးအေးမော်နှင့်ဝန်ထမ်းများ၊ ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့်ဝန်ထမ်းများ၊ မြို့နယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက နတ်ရေကန်ငါးစခန်းနှင့် ကူမဲငါးစခန်းတို့မှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၇၅၀၀၀နှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၅၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၉၀၀၀၀ တို့ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **စာပြင်** | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့်** | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **ဒီဇိုင်း** | | |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦး |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | | | |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဥပဒေ၊ စည်းကမ်းများ ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လို

**ပြီးခဲ့သည့် ၆ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့်ရရှိကြောင်း၊ ဒီမိုကရေစီ၏အခြေခံမှုနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့်လုပ်ငန်းရပ်များ ရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ပကတိအခြေအနေများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီ တောင်းဆိုမှုများရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် သိရှိနားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ပဲခူးအချုပ်ထောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးအချုပ်ထောင်ကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ ပဲခူးအချုပ်ထောင်ရှိ ဗဟိုကင်းစစ်ရေးပြအဖွဲ့၊ အကျဉ်းသားအိပ်ဆောင်၊ သောက်ရေသန့်စက်ရုံနှင့် စားဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။



**စနစ်တကျစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အကျဉ်းသားများကို အချုပ်ထောင်စည်းကမ်းများနှင့်အညီထားရှိပြီး ရသင့်ရထိုက်သည့် ကျွေးမွေးမှုများကိုလည်း ကောင်းမွန်မှန်ကန်စွာ ကျွေးမွေးရန်နှင့် ထောင်အတွင်းပို့မည့် ရိက္ခာများကို ဘုတ်အဖွဲ့ဖြင့် စနစ်တကျစစ်ဆေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးဆိုင်ရာ ထုတ်ပြန်ချက်များနှင့်အညီ လိုက်နာမှုရှိစေရေး တင်းတင်းကျပ်ကျပ် ဆောင်ရွက်ရေးအတွက် အကျဉ်းသားများကို ဦးစီးကြပ်မတ်ရသည့် ဝန်ထမ်းများက တိကျစွာလိုက်နာကျင့်သုံးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှိ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲဗလ အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးဦးစားပေးဆောင်ရွက်ရသည့်ဌာနဖြစ်ကြောင်း၊ လုံခြုံရေးအမြင်ရှိရန်နှင့် သတိဝီရိယဖြင့် နေထိုင်သွားလာ လုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်မှလည်း လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး အမြဲမပြတ် စစ်ဆေးကြပ်မတ်နေရန် လိုအပ်ကြောင်း၊ ဌာနတိုင်း စိုက်ပျိုး၊ မွေးမြူရေးတစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြရန်နှင့် လတ်တလောကာလတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားနေသဖြင့် ကူးစက်မှုမခံရစေရေး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာရေးတို့ကို မှာကြားသည်။

**အားပေးစကားပြောကြားခဲ့**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ ဓမ္မာရုံ၌ ရဲတပ်ဖွဲ့ဝင်မိသားစုများက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လက်သန့်ဆေးရည်နှင့် Hand Gel ဖော်စပ်ထုတ်လုပ်ရောင်းချနေမှုတို့ကို ကြည့်ရှုကာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသာမက ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အခြားတပ်ဖွဲ့၊ ဦးစီးဌာနများနှင့် အများပြည်သူများကိုပါ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရန်နှင့် ယခုထက်ပိုမိုဈေးနှုန်းချိုသာစွာ ထုတ်လုပ်ရောင်းချပေးနိုင်ရေး ဆောင်ရွက်ရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးအတွင်း ငါးမျိုးစိုက်ထည့်

**ကဝ ဩဂုတ် ၂၂**

ကဝမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းအင်းအိုင် ဆည်တမံကန်များအတွင်း ငါးသယံဇာတများ တိုးပွားလာစေရန်၊ ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးရိက္ခာဖူလုံစေရန် ရည်ရွယ်၍ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပိုင်ကျုံရေထိန်းတံခါး၌ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် သနပ်ပင်ငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သည့် နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေ ၁၆၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၂၆၀၀၀၀ အား ပိုင်ကျုံရေထိန်းတံခါးအတွင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




❖ ရှေ့ဖုံးမှ

မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးက ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများဖြစ်သည့် အိမ်သုံးအောက်ဆီဂျင်စက် ၁၆ လုံး၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၄၀၊ နှာခေါင်းစည်း ၁၀၃၅၀၀၊ ပေကျင်းမြို့ရှိ မြန်မာသံရုံးက လှူဒါန်းသည့် Carrimycin ဆေးပြား ၇၂၀၀၀၊ နှာခေါင်းစည်း အခု ၁၀၀၀၀၀ တို့ ပါဝင်သည်။

**ဆက်လက်ပို့ဆောင်**

အဆိုပါ တရုတ်နိုင်ငံမှ ရောက်ရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ဒဂုံမြို့နယ်ရှိ ဆေးသိုလှောင်ရေးတပ်နှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေး သိုလှောင်ခန်းတို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နှင့် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့က လှူဒါန်းသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများနှင့် ဆေးဘက်ဆိုင်ရာအထောက်အကူပြုပစ္စည်းများကို တွေ့ရစဉ်။



## ပုသိမ်မြို့၌ မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြမှု ကြည့်ရှု

**ပုသိမ် ဩဂုတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ Royal Lake ရေကန်တွင် ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ ရေပြင်ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်မှု သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အပျော်တမ်းငါးဖမ်းစက်လှေတိမ်းမှောက်မှုဖြစ်စဉ်တွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ခြင်းနှင့် နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခြင်းသရုပ်ပြမှု၊ ရေယာဉ်မီးလောင်မှုဖြစ်စဉ်တွင် စက်လှေပေါ်မှရေထဲသို့ ကြောက်လန့်ခုန်ချသူများအား ဂျက်စကီး၊ INTELLIGENCE Lifebouy နှင့် Assault Boat တို့အသုံးပြု၍ ကယ်ဆယ်ခြင်းနှင့် Fire Boat ဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ရေကြီးရေလျှံဒေသများတွင် ရေနစ်နေသည့်ပြည်သူတစ်ဦးအား ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အထောက်အကူပြုပစ္စည်းမပါဘဲ (Man to Man) ကယ်ဆယ်သရုပ်ပြခြင်း၊ Fire Boat၊ INTELLIGENCE Lifebouy၊ ဂျက်စကီးနှင့် Assault Boat တို့ဖြင့် စီတန်း၍ အလေးပြု တန်းဖြုတ်ထွက်ခွာခြင်းများ ဆောင်ရွက်မှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရှာဖွေကယ်ဆယ်ရေးသရုပ်ပြအဖွဲ့အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသည့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## စစ်ကိုင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကြည့်ရှု

**မုံရွာ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် မြင်းမူမြို့နယ်နှင့် မြောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြင်းမူမြို့နယ် ပျော့ရွာ လျှပ်စစ် မြစ်ရေတင် စီမံကိန်း ရှင်းလင်းဆောင်၌ စီမံကိန်း ဧရိယာပြည့်မီရေး၊ နှစ်အလိုက် လျာထား တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် ရေသောက်ဧရိယာအတွင်း ရေအသုံးချသူများအစုအဖွဲ့ ဖွဲ့စည်း၍ အလေအလွင့်မရှိစနစ်တကျအသုံးပြုနိုင်ရေးဆောင်ရွက်သွားကြရန် ပြောကြားပြီး မူးမြစ်အတွင်းမှ စိုက်ပျိုးရေတင်နေမှုကို ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပျော့ရွာနေ တောင်သူဦးဝင်းလှိုင်၏ကွင်းအမှတ်- ၃၆၅ ရောမင်းစပါး သုံးဧက တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိရေး စံပြကွက်အတွင်း တမန်းနှိုး၍ မြေဩဇာကြဲပက်နေမှုနှင့် ထီးဆောင်းကျေးရွာ ဒေသမျိုးထိန်းမျိုးပွားနှင့်တိရစ္ဆာန်အစာဖွံ့ဖြိုးရေး သုတေသနခြံနှင့် မြို့မမြောက်ရပ်ကွက်ရှိ တောင်သူ ဦးဝင်းမင်းသန်း၏ ကွင်းအမှတ်(၃၄၀) ရွှေတောင်(၈) ဝါမျိုးသန့်စံပြကွက် အောင်မြင် ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများထံ အောက်ဆီဂျင်စလင်ဒါများ၊ Concentrator နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိုးကုတ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်များ လှူဒါန်း

**တာချီလိတ် ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးကုတ်ကန့်သတ်စောင့်ကြည့်ရေးစင်တာသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး သုံးပစ္စည်းများနှင့် စားသောက်ကုန်များကို ယနေ့နံနက်ပိုင်းက သွားရောက် ထောက်ပံ့လှူဒါန်းသည်။

ထိုသို့ထောက်ပံ့လှူဒါန်းရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးအထောက်အကူပြုပစ္စည်းများဖြစ်သော Handgel ခြောက်ဘူး၊ လက်သန့်ဖျန်းဆေးရည်ဘူး ၆၀၊ နှာခေါင်းစည်းဘူး ၄၀၊ လက်အိတ် သုံးထုပ်၊ မျက်နှာကာ နှစ်ထုပ်၊ တစ်ရှူးစက္ကူ နှစ်ထုပ်နှင့် စားသောက်ကုန်များ ဖြစ်သည့် ကြက်ဥ ၂၅ ကတ်၊ အသင့်စားခေါက်ဆွဲခြောက်ဘူး ၆၀၊ သစ်သီးစုံခွတ်ဆားထုပ် လေးဘူး၊ သောက်ရေသန့်ကတ် ၂၀ စသည့် စုစုပေါင်း ငွေကျပ် ငါးသိန်း တန်ဖိုးရှိပစ္စည်း ၁၀ မျိုးကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ရာ ခရိုင် ကိုဗစ်- ၁၉ရောဂါကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ မိုးကုတ် ကန့်သတ်စောင့်ကြည့်ရေးစင်တာမှ တာဝန်ရှိသူ ဦးရဲနန္ဒာလင်းတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ အောက်ဆီဂျင်စက် စတင်လည်ပတ်

**သုံးခွ ဩဂုတ် ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နေ မိဘပြည်သူများနှင့်ပရဟိတအသင်းဖွဲ့များအား အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ရည်ရွယ်လျက် ယမန်နေ့ နံနက်မှစတင်ပြီး တစ်ရက်လျှင်၄၀ လီတာအိုး ၁၂၀ ထိ ထုတ်လုပ်ပေးသည့် အောက်ဆီဂျင်စက်စတင်လည်ပတ်၍ အောက်ဆီဂျင်များ ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါအောက်ဆီဂျင်စက်အား သုံးခွ-သန်လျင်ကားလမ်းမဘေး သိုက်တူးကန်ကျေးရွာ (ရဲနွံ့တာအနီး) ၄ ဒသမ ၉၄ ဧကရှိ ဘိုးဘွားရိပ်သာဝင်းအတွင်း၌ ထားရှိခြင်းဖြစ်ပြီး သုံးခွမြို့နယ်အတွင်းရှိ အောက်ဆီဂျင်လိုအပ်လျက်ရှိသော ပြည်သူများနှင့် အနီးမြို့နယ်များသို့ပါ အောက်ဆီဂျင်(အခမဲ့)ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြိတ်မြို့၌ အောက်ဆီဂျင်စက်ရုံ နှစ်ရုံ တည်ဆောက်

**မြိတ် ဩဂုတ် ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပြည်သူ့ဆေးရုံတွင် အောက်ဆီဂျင်စက်ရုံတစ်ရုံနှင့် ကလွင်ကျေးရွာ ဘုတ်ချောင်းတွင် အောက်ဆီဂျင်စက်ရုံတစ်ရုံ တည်ဆောက်လျက်ရှိသည်။

" အောက်ဆီဂျင်စက်ရုံ နှစ်ခုရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းတာတစ်ခုနဲ့ အလှူရှင်များက လှူဒါန်းတာ တစ်ခုဖြစ်ပါတယ်။ ပြည်ပမှ မှာယူထားတဲ့ စက်တွေဖြစ်တဲ့အတွက် အရင်ရောက်လာတဲ့ စက်ကို ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံမှာ ဦးစားပေးတပ်ဆင်မှာဖြစ်ပါတယ်" ဟု မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာမင်းက ပြောကြားသည်။

တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံနှစ်ရုံတွင် ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံသည် တည်ဆောက်ပြီးစီးမှုအနေဖြင့် ၈၀ ရာခိုင်နှုန်းနှင့် ကလွင်ကျေးရွာ ဘုတ်ချောင်းတွင် တည်ဆောက်လျက်ရှိသည့် စက်ရုံသည် ၄၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးပြီဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် အောက်ဆီဂျင်စက်သည် တစ်နေ့လျှင် ၄၀ လီတာ အောက်ဆီဂျင်အိုး ၁၈၀ မှ ၂၀၀ ခန့် ထွက်ရှိနိုင်ကြောင်း၊ စေတနာရှင်အလှူရှင်များ လှူဒါန်းထားသည့် အောက်ဆီဂျင်စက်မှ အောက်ဆီဂျင်အိုး အလုံး ၁၀၀ မှ ၁၂၀ ခန့် ထွက်ရှိနိုင်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက် )**



## မုဒုံမြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**မုဒုံ ဩဂုတ် ၂၂**

မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရကျောင်းဝင်းအတွင်း၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိသည်။

အဆိုပါအောက်ဆီဂျင်စက်ရုံအကျယ်အဝန်းမှာ အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ အဆောက်အအုံဖြစ်ပြီး ယခုအခါ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အောက်ဆီဂျင်စက်နှင့်ပတ်သက်သည့် စက်ပစ္စည်းများမှာယူထားပြီး ဩဂုတ်လနောက်ဆုံးပတ်တွင် ရောက်ရှိမည်ဖြစ်ကြောင်းနှင့် တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့ အိုးအလုံးရေ ၂၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူး ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးပါက မြို့နယ်အတွင်း လူမျိုးဘာသာမရွေးအရေးပေါ်လူနာများ၊ လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ရောဂါ ဝေဒနာရှင်လူနာများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ထောက်ပံ့ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အခြားမြို့နယ်များကိုပါ စနစ်တကျထုတ်လုပ် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မုဒုံမြို့နယ် အောက်ဆီဂျင်စက်ရုံတည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# တပ်ကုန်း၊ ထားဝယ်နှင့် မြိတ်မြို့နယ်တို့အား နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးဝန်ကြီးဌာန**
**အမိန့်အမှတ် ၃၃၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်နေ့**
**(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)**

ကျန်းမာရေးဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ (Corona-virus Disease 2019 – COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID-19 ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိအောက်ဖော်ပြပါ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်-

**(က) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**
(၁) တပ်ကုန်းမြို့နယ်။

**(ခ) တနင်္သာရီတိုင်းဒေသကြီး**
(၁) ထားဝယ်မြို့နယ်၊
(၂) မြိတ်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –
(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊
(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်းလုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့်လုပ်ငန်းများ၌ မဖြစ်မနေတာဝန်ထမ်းဆောင်သူများမပါ၊
(၃) Relief Flight များ၊ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ်ခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်းလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder)ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ လေယာဉ်တင် အစားအသောက်ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊
(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိကဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း(Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင်မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန်သယ်ဆောင်သည့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်းကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊
(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်းရောင်းချခြင်း၊ ဒေတာရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(ခ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊
(ဂ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊
(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊
(င) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊
(စ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊
(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန်သွားလာခွင့်ပြုရန်၊
(ဇ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက်ရန်၊
(ဈ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ်များသွားလာမှုစံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်းလိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှလည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၃-၈-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး ရွေ့လျားဈေးကား ရောင်းချမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေးသည် ယနေ့ နံနက် ၇ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်းစည်ပင်အိမ်ရာဝင်း၌ ရွေ့လျားဈေးကား(Mobile Market) စနစ်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကုန်စိမ်းများ၊ မီးဖိုချောင်သုံးကုန်ခြောက်မျိုးစုံ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန လိုင်စင်စီများမှ အသားမျိုးစုံနှင့် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ငါး/ပုစွန်အမျိုးမျိုးတို့ကို ဝန်ထမ်းမိသားစုများ ဈေးနှုန်းသက်သာစွာ စားသုံးနိုင်စေရန်၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်နိုင်ရန် လိုက်လံကြည့်ရှုကြပ်မတ်စစ်ဆေးသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ကိုဗစ်ကုသရေးစင်တာသို့ သွားရောက်၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ကြီးကြပ်မှုဖြင့် မြန်မာသီဟကုမ္ပဏီမှ လှူဒါန်းသော တန် ၂၀ Liquid Oxygen Tank တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ Shine Construction Co.,Ltd. မှ ဆောက်လုပ်နေသော ကိုဗစ်-၁၉ ရောဂါ လူနာ ၂၄၀ ထားရှိနိုင်ရန် အလျား ၁၁၅ ပေ၊ အနံပေ ၄၀ ရှိ လူနာဆောင် သုံးဆောင် တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဆောင်ရွက်နေသော လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်ရှိ ဘုရင့်နောင်ပန်းခြံ၌ အရှည် ၁၃၄၆ ပေ၊ အကျယ် ရှစ်ပေရှိ ပန်းခြံပတ် Interlock လမ်းနှင့် အရှည်ပေ ၄၁၀ ၊ အကျယ် ၂၄ ပေရှိ ပန်းခြံအတွင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်တုရှေ့ လျှောက်လမ်းကွန်ကရစ်ခင်းကျင်းနေမှု၊ မြက်စိုက်ပျိုး၍ မြေယာရှုခင်းပြုပြင်ဆောင်ရွက်နေမှု၊ မီးတိုင်စင်နှင့် ရေငုတ်တိုင်များ ပြုလုပ်ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဆောင်ရွက်နေသော အရှည်ပေ ၃၇၅၀၊ အကျယ် ၂၂ ပေရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအဝင်လမ်းကို အကျယ် ပေ ၃၀ ရရှိအောင် လမ်းဘေးဝဲ/ယာ ချဲ့ထွင်ဖောက်လုပ်၍ ကွန်ကရစ်ခင်းခြင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လူငယ်တွေ နိုင်ငံရေး အသုံးချခံ မဖြစ်ဖို့ဆိုရင်

## မျိုးငြိမ်းငယ်

CRPH နဲ့ NUG တို့ဟာ တော်လှန်ရေးအမည်ခံပြီး တိုက်ခိုက်မှုတွေဟာ တော်လှန်ရေးအသွင်ကနေ အကြမ်းဖက်လုပ်ရပ်အသွင်ကို သိသိသာသာ ပြောင်းလဲလာတာကို တွေ့ရပါတယ်။ ဒီတော့ တော်လှန်ရေးဆိုတာ ဘာလဲ၊ အကြမ်းဖက်လုပ်ရပ်ဆိုတာ ဘာလဲဆိုတာ ခွဲခြားကြည့်ဖို့ လိုလာပါတယ်။ ဘာကြောင့်လဲဆိုတော့ NUG ဟာ တော်လှန်ရေးဆိုတဲ့ မှိုင်းတိုက်ပြီး လူငယ်တွေကို အသုံးချလာလို့ပဲ ဖြစ်ပါတယ်။ တော်လှန်ရေးနဲ့ အကြမ်းဖက်လုပ်ရပ်ကို လေနဲ့ဝမ်းမကွဲတာကြောင့် ပြောင်းပြန်အကျိုးသက်ရောက်လာနိုင်ပါတယ်။

အသုံးချလိုသူတွေက ကျိုးကြောင်း မဆီလျော်တဲ့ မျှော်လင့်ချက်တွေ၊ မက်လုံးတွေပေးပြီး တော်လှန်ရေးလို့ ဆိုနေပေမယ့် လက်တွေ့ဖြစ်နေတာကတော့ အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်လာတာဟာ အသုံးချခံနေရတဲ့ လူငယ်တွေအတွက်ရော၊ အပြစ်မဲ့ပြည်သူတွေကို များစွာထိခိုက်စေပါတယ်။ ဒီအတွက် ရေရှည်မှာဖြစ်လာနိုင်တဲ့ နာကြည်းမှုနဲ့ လက်စားချေမှု အကျိုးဆက်တွေကို ကြိုတင်မြော်တွေးထားဖို့ ဖြစ်ပါတယ်။ နိုင်ငံအတွက် ရေရှည်ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို မျက်ကွယ်ပြုပြီး လတ်တလောဖြစ်ချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ ဆင်ကန်းတောတိုး လုပ်ဆောင်နေတာဟာ ပစ္စုပ္ပန်မကြောက်၊ သံသရာမကြောက် လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။

ပြဿနာတစ်ရပ် ဖြေရှင်းနည်းမှာ ဖြစ်ချင်တာတွေ၊ အတ္တတွေ၊ စိတ်ခံစားချက်တွေ၊ သူတစ်ပါးရဲ့ ကြိုးကိုင်မှုတွေ၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေနဲ့ ဖြေရှင်းလို့ အဖြေမှန်ရဖို့ မလွယ်ကူပါဘူး။ ပြဿနာတစ်ရပ်ဖြေရှင်းတယ်ဆိုတဲ့ ရည်ရွယ်ချက်မှာ ပြဿနာကို ပြေလည်စေဖို့၊ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေဖန်တီးဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေ ပါဝင်ပါတယ်။ ဒီလိုမဟုတ်ဘဲ ပြဿနာကို ပိုမိုဆိုးရွားလာစေပြီဆိုရင်၊ ပဋိပက္ခကို ပိုမိုနက်ရှိုင်းစေနေပြီဆိုရင် အဲဒီဖြေရှင်းနည်းလမ်းမှာ လွဲမှားမှုတွေ ရှိနေနိုင်ပါပြီ။

### အဆင့် ခုနစ်ဆင့် လိုအပ်

ပြဿနာတစ်ရပ်ကို ထိထိရောက်ရောက် ဖြေရှင်းဖို့ နည်းလမ်းများစွာရှိပါတယ်။ အဲဒီထဲမှာမှ ထိရောက်မှန်ကန်တဲ့ ပြဿနာဖြေရှင်းနည်းမှာ ယေဘုယျအားဖြင့် အဆင့် ခုနစ်ဆင့် လိုအပ်ပါတယ်။ ပြဿနာကို သတ်မှတ်ဖော်ထုတ်ခြင်း၊ ဖြစ်နေတဲ့ပြဿနာကို ပိုင်းခြားသုံးသပ်ခြင်း၊ ပြဿနာကို ပုံဖော်ခြင်း၊ ပြဿနာဖြစ်ရတဲ့ အရင်းခံအကြောင်းတရားတွေကို ရှာဖွေခြင်း၊ အခြားဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေကို စဉ်းစားခြင်း၊ ဖြေရှင်းမှုကို အကောင်အထည်ဖော်ခြင်း၊ ထွက်လာတဲ့ အကျိုးဆက်တွေကို အကဲဖြတ်ခြင်းတို့ပဲ ဖြစ်ပါတယ်။

အဲဒီဖြေရှင်းမှုအဆင့်တိုင်းဟာ အရေးကြီးပါတယ်။ အချက်အလက်အခြေပြု ဖြေရှင်းနည်းဖြစ်ဖို့ လိုပါတယ်။ ပြဿနာရဲ့ အရင်းခံအကြောင်းတရားတွေကို မှန်မှန်ကန်ကန် ချဉ်းကပ်ရှာဖွေနိုင်မှ ပြဿနာဖြေရှင်းဖို့ နည်းလမ်းကို ရွေးချယ်နိုင်မှာပါ။ ဖြေရှင်းမှုအဆင့်တိုင်းမှာ အချက်အလက် မစုံလင်တာ၊ စိတ်ခံစားချက်တွေပါဝင်တာ၊ ပြင်ပလွှမ်းမိုးမှုရှိနေတာတွေဟာ ပြဿနာကို ပိုင်းခြားသုံးသပ်ရာမှာဖြစ်စေ၊ နည်းလမ်းရွေးချယ်ရာမှာဖြစ်စေ လွဲမှားစေပါလိမ့်မယ်။ အဲဒီလိုလွဲမှားသွားမယ်ဆိုရင် နောက်ဆက်တွဲ အဆင့်တွေမှာလည်း ဆက်လက်ပြီး လွဲမှားသွားမှာပါ။

လူတစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား နိုင်ငံရေးအယူအဆ၊ သဘောထားကွဲပြားမှု ရှိတတ်ကြတာမို့ ပဋိပက္ခဆိုတာ ရှိတတ်ကြစမြဲပါ။ ပဋိပက္ခရှိတာထက် ဖြစ်လာတဲ့ပဋိပက္ခကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်မြင်အောင် ဘယ်လိုဖြေရှင်းမလဲဆိုတာက ပိုလို့အရေးကြီးပါတယ်။ ပြဿနာတစ်ရပ်ကို ဖြေရှင်းနေတာလား၊ ပြဿနာတွေကို ထပ်ပြီး မီးမွှေးနေတာလားဆိုတဲ့ အဘက်ဘက်က ရေတိုရေရှည် အကျိုးဆက်တွေကို ထည့်သွင်းစဉ်းစားကြရမှာပါ။ ဒီသဘောထားကွဲလွဲမှုတွေကို ဖြေရှင်းဖို့ဆိုပြီး စာသင်ကျောင်းတွေကို မီးရှို့၊ သံဃာတွေကို သတ်ဖြတ်၊ ဓမ္မာရုံတွေကို ဗုံးခွဲတိုက်ခိုက်၊ ကိုယ်နဲ့ သဘောထားမတူသူတွေကို သတ်ဖြတ်၊ အုပ်ချုပ်ရေးမှူးတွေကို သတ်ဖြတ်၊ လစ်ဟာတဲ့နေရာ ဗုံးခွဲဆိုတဲ့ နည်းလမ်းတွေဟာ အထက်မှာဆိုခဲ့တဲ့ တော်လှန်ရေးလုပ်ရပ်လား၊ အကြမ်းဖက်လုပ်ရပ်လား၊ မှန်ကန်တဲ့ပြဿနာဖြေရှင်းခြင်းနည်းလမ်းလားဆိုတာ ခွဲခြားဆင်ခြင်ကြရပါလိမ့်မယ်။

> **လူငယ်တွေအနေနဲ့လည်း အမှား အမှန်၊ အကောင်း အဆိုး၊ ဖြစ်သင့် မဖြစ်သင့်၊ လုပ်သင့် မလုပ်သင့် ကိုယ်တိုင်ချင့်ချိန်ဆုံးဖြတ်ကြရမှာပါ။ နိုင်ငံရေးဆိုတာ လှည့်ကွက်များလှပါတယ်။ နိုင်ငံရေးထောက်ခံမှုရဖို့အတွက် ကောင်းတာပဲပြောပြီး မကောင်းတာတွေကို ဖုံးကွယ်ထားတတ်တဲ့ နိုင်ငံရေးလှည့်ဖျားမှုတွေကို သိမြင်ဖို့လိုပါမယ်။ ဒါမှ နိုင်ငံရေးမာယာတွေကြားမှာ လူငယ်တွေအနေနဲ့ ထိုးကျွေးမခံရဖို့ သတိပြုဆင်ခြင်နိုင်မှာပါ။ လူငယ်တွေ ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားတာဟာ ကောင်းတဲ့လက္ခဏာလို့ ပြောနိုင်ပေမယ့် နိုင်ငံရေးမှာ အသုံးချခံနေရတာကတော့ ကောင်းတဲ့လက္ခဏာလို့ ပြောလို့မရပါဘူး။ အထူးသဖြင့် တက်ကြွလှုပ်ရှားနေကြတဲ့လူငယ်တွေကို Gen Z လို့ဆိုပြီး မြှောက်ပင့်မှိုင်းတိုက်ဆွဲဆောင်နေတာ တွေ့ရ**

နိုင်ငံရေးသိပ္ပံမှာ တော်လှန်ရေးဆိုတာ နိုင်ငံရေးဆိုင်ရာ မကျေနပ်မှုတွေ ဒါမှမဟုတ် အများအားဖြင့် (နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး) ဖိနှိပ်မှုလို့ ယူဆတဲ့အတွက်ကြောင့် အစိုးရကို လူထုက ဆန့်ကျင်တော်လှန်တဲ့အခါ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအာဏာနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းအတွင်းမှာ အခြေခံကနေဖြစ်ဖြစ်၊ တချို့တစ်ဝက်ဖြစ်ဖြစ် ရုတ်တရက်ပြောင်းလဲမှုလို့ ဆိုပါတယ်။ Oxford Learners Dictionaries မှာတော့ တော်လှန်ရေးကို ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေးစနစ်တစ်ရပ် ပြောင်းလဲဖို့အတွက် အထူးသဖြင့် အင်အားသုံးပြီး လူထုအများစုရဲ့ အောင်မြင်သော ကြိုးပမ်းမှုကို တော်လှန်ရေးလို့ ဖွင့်ဆိုထားပါတယ်။ အင်အားသုံးခြင်းဆိုရာမှာ အကြမ်းဖက်တဲ့နည်းလမ်းကို ဆိုလိုခြင်းမဟုတ်ပါဘူး။

အကြမ်းဖက်တိုက်ခိုက်တာနဲ့ ပတ်သက်လို့ နိုင်ငံတကာမှာ တစ်ပြေးညီ တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားတာ မရှိသေးပါဘူး။ မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ(၂၀၁၄) ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) မှာတော့ အကြမ်းဖက်မှုဆိုသည်မှာ ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ရဲ့ ပုဒ်မခွဲငယ် (၁၃) မှာ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေခြင်း၊ အစိုးရသို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့်လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကိုရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ဖြစ်နေသည့်အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန် နာကျင်စေရန်နှင့် အခြားပြုလုပ်မှုများလို့ ဖွင့်ဆိုပါတယ်။

ဒီတော့ လက်ရှိဖြစ်နေတဲ့ အစိုးရကို ဆန့်ကျင်တိုက်ခိုက်မှုတွေဟာ နိုင်ငံရေးရည်ရွယ်ချက်အတွက် ဦးတည်လုပ်ဆောင်နေတာထက် အပြစ်မဲ့ပြည်သူတွေအပေါ် အကြမ်းဖက်တိုက်ခိုက်နေခြင်းလို့ ဥပဒေအရ သတ်မှတ်ရမှာပါ။ ဒီလိုအကြမ်းဖက်လုပ်ရပ်တွေမှာ လူငယ်တွေအသုံးချဖို့ လူငယ်တွေအကြား အမုန်းတရားတွေရိုက်သွင်း၊ မျှော်လင့်ချက်တွေပေး၊ ငွေနဲ့စည်းရုံး၊ အကြောက်တရားနဲ့ ဖိအားပေးလုပ်ဆောင်နေတာဟာ လူငယ်တွေရဲ့ ဘဝတွေ၊ အနာဂတ်တွေကို ဖျက်ဆီးနေခြင်းသာ ဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကို စီမံနေသူတွေကတော့ အန္တရာယ်ကင်းတဲ့နေရာတွေကပဲ ဦးဆောင်နေတာဟာလည်း ယင်းတို့ရဲ့ နောက်ကွယ်က ရည်ရွယ်ချက်ကို ခန့်မှန်းဖို့ လိုပါလိမ့်မယ်။

> **ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခဖြစ်ပွားနိုင်တဲ့ အခြေအနေများမပါဝင်ဘဲ မတူကွဲပြားမှုတွေကို စီမံခန့်ခွဲတဲ့စနစ်တစ်ရပ်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခကို စီမံခန့်ခွဲခြင်း(Managing)နဲ့ အစီအစဉ်ကျနစေခြင်း (Processing) အတွက် စနစ်တစ်ခုဖြစ်ကြောင်း နိုင်ငံရေးသိပ္ပံပါမောက္ခ Adam Przeworski က ဆိုဖူးပါတယ်။ ကြီးကြီးမားမားရှိနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ပုံသေကားကျ နည်းလမ်းသတ်မှတ်ချက်ထက် မိမိနိုင်ငံ၊ မိမိလူမျိုးအခြေအနေ၊ ပဋိပက္ခဇာစ်မြစ်၊ နိုင်ငံရေးအသိရေချိန်၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေ စတဲ့အခြေခံအကြောင်းတရားပေါ်မူတည်ပြီး ဖြေရှင်းကြဖို့လို**

လူငယ်တွေအနေနဲ့လည်း အမှား အမှန်၊ အကောင်း အဆိုး၊ ဖြစ်သင့် မဖြစ်သင့်၊ လုပ်သင့် မလုပ်သင့် ကိုယ်တိုင် ချင့်ချိန်ဆုံးဖြတ်ကြရမှာပါ။ နိုင်ငံရေးဆိုတာ လှည့်ကွက်များလှပါတယ်။ နိုင်ငံရေးထောက်ခံမှုရဖို့အတွက် ကောင်းတာပဲပြောပြီး မကောင်းတာတွေကို ဖုံးကွယ်ထားတတ်တဲ့ နိုင်ငံရေးလှည့်ဖျားမှုတွေကို သိမြင်ဖို့လိုပါမယ်။ ဒါမှ နိုင်ငံရေးမာယာတွေကြားမှာ လူငယ်တွေအနေနဲ့ ထိုးကျွေးမခံရဖို့ သတိပြုဆင်ခြင်နိုင်မှာပါ။ လူငယ်တွေ ကိုယ့်နိုင်ငံအရေးကို စိတ်ဝင်စားတာဟာ ကောင်းတဲ့လက္ခဏာလို့ ပြောနိုင်ပေမယ့် နိုင်ငံရေးမှာ အသုံးချခံနေရတာကတော့ ကောင်းတဲ့လက္ခဏာလို့ ပြောလို့မရပါဘူး။ အထူးသဖြင့် တက်ကြွလှုပ်ရှားနေကြတဲ့လူငယ်တွေကို Gen Z လို့ဆိုပြီး မြှောက်ပင့်မှိုင်းတိုက် ဆွဲဆောင်နေတာ တွေ့ရပါတယ်။

အခုသတ်မှတ်ပြောဆိုနေတဲ့ Generation သတ်မှတ်တာဟာ ကာလအပိုင်းအခြားနဲ့ သတ်မှတ်ထားတာ အားလုံးအသိပါ။ ဥပမာအားဖြင့် Baby Boomer ဆို ၁၉၄၆ မှ ၁၉၆၄ အတွင်း မွေးဖွားသူတွေကို ခေါ်တာပါ။ ၁၉၆၅ မှ ၁၉၈၀ အကြား မွေးသူတွေကိုတော့ Generation X တွေလို့ သတ်မှတ်ပါတယ်။ Generation Y တွေဟာ ၁၉၈၂ နဲ့ ၁၉၉၄ အကြား မွေးသူတွေဖြစ်ပါတယ်။ Gen Z တွေကတော့ ၁၉၉၅ နဲ့ ၂၀၁၀ အကြား မွေးဖွားသူတွေဖြစ်ပါတယ်။ တိုးတက်တဲ့ နည်းပညာခေတ်မှာ မွေးဖွားလာသူတွေလည်းဖြစ်ပါတယ်။

### မတူညီနိုင်တဲ့ အခြေအနေ

သတိပြုသင့်တာက အဲဒီသတ်မှတ်ချက်တွေဟာ ခေတ်ကာလအချိန်အပိုင်းအခြားအရ သတ်မှတ်ခဲ့တာပါ။ ဒီတော့ Gen Z ဆိုတိုင်း အားလုံးကို တစ်ပြေးညီလို့ ဆိုလို့မရနိုင်ပါဘူး။ ဥပမာအားဖြင့် အမေရိကန်မှာ မွေးဖွားကြီးပြင်းလာတဲ့ Gen Z နဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေအောက်မှာ မွေးဖွားကြီးပြင်းလာတဲ့ Gen Z ရဲ့ အရည်အသွေးအခြေအနေတူနိုင်ပါ့မလား။ ဒီလိုပြောလို့ ကိုယ့်နိုင်ငံက Gen Z တွေကို နှိမ့်ချလိုတဲ့ ရည်ရွယ်ချက်မဟုတ်ပါဘူး။ မတူညီနိုင်တဲ့ အခြေအနေကို ထည့်သွင်းစဉ်းစားနိုင်ဖို့ပါ။ အမေရိကန်မှာမွေးတဲ့ Gen Z ဟာ မိသားစုပြုစုပျိုးထောင်မှု၊ ပညာရေးအခြေအနေ၊ ဒီမိုကရေစီအလေ့အထ စတဲ့အခြေအနေအောက်မှာ ကြီးပြင်းကျင်လည်ခဲ့ရတာပါ။ ရန်ကုန်က Gen Z အရည်အသွေးနဲ့ တောနယ်က Gen Z အရည်အသွေး မတူနိုင်သလိုပါပဲ။ လူငယ်တစ်ဦးမှာရှိတတ်ကြတဲ့ ပင်ကိုဗီဇအရည်အသွေးချင်း တူနေတောင်မှ ကြီးပြင်းရတဲ့ပတ်ဝန်းကျင် မတူတဲ့အတွက် အသိအမြင်၊ ပညာရေး၊ လေ့လာဆည်းပူးနိုင်မှု၊ အတွေ့အကြုံဆိုတာတွေက မတူနိုင်ပါဘူး။

ဒါပေမယ့် အခုလိုအချိန်ကျမှ လူငယ်တွေကို Gen Z တွေလို့ မြှောက်ပင့်ပြီး အကြမ်းဖက်လုပ်ရပ်တွေမှာ ရှေ့တန်းတင်လာကြတာက အငှားဗိုက်နဲ့ ခားထိုးခံခိုင်းနေသလိုပါပဲ။ လူငယ်တွေကို နေရာပေးတယ်ဆိုရင် ကိုယ်အာဏာရစဉ်က Gen Z တွေကို ဘယ်လောက်အထိ နေရာပေးခဲ့လဲ၊ ဘယ်လောက် ပြုစုပျိုးထောင်ခဲ့လဲဆိုတာ ပြန်စဉ်းစားကြဖို့ လိုပါလိမ့်မယ်။ အကြမ်းဖက်တိုက်ခိုက်ချိန်ကြမှ Gen Z တွေကို ရှေ့တန်းတင်တာဟာ ရိုးသားတဲ့နိုင်ငံရေး ဟုတ်၊ မဟုတ် စဉ်းစားစရာပါ။ လူငယ်တွေ နိုင်ငံရေးကို ပါဝင်ခဲ့တာ၊ ဦးဆောင်ခဲ့တာ မြန်မာနိုင်ငံမှာ အထင်အရှားရှိပြီးသားပါ။

စာမျက်နှာ ၇ သို့

# နှစ်(၆၀)မြောက် နိုင်ငံတော်ဘာသာနေ့အထိမ်းအမှတ် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ဘားအံ ဩဂုတ် ၂၂**

ကရင်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA က ကြီးမှူး၍ နှစ်(၆၀)မြောက် နိုင်ငံတော်ဘာသာနေ့ အထိမ်းအမှတ်အနေဖြင့် ဝါခေါင်လပြည့် ဩဂုတ် ၂၂ ရက် နံနက် ၁၀ နာရီခန့်က ဘားအံမြို့ အမှတ်(၃)ရပ်ကွက် မဲဘောင်ကျောင်းတိုက်ရှိ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**နာယူကြည်ညို**

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဧည့်ပရိသတ်အပေါင်းတို့မှ လမင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလှူတော်ငွေကျပ် သိန်း ၃၀ နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ၊ သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများနှင့် ဝါတွင်းကာလ ဆရာတော် သံဃာတော်များ ဆွမ်းကိစ္စခက်ခဲကြောင့်ကြမှုမရှိစေရေး ဆွမ်းဆန်တော်နှင့် အာဟာဖြည့်စွက်စာကြက်ဥများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် စေတနာရှင်အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေဖြင့် မှာယူထားသော တစ်ရက်လျှင် လီတာ ၄၀ ဆလင်ဒါအိုး အလုံး ၆၀ ကျော် ထုတ်လုပ်နိုင်သည့် ရွေ့လျားအောက်ဆီဂျင်စက်တစ်လုံး အသစ်ထပ်မံရောက်ရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အမှန်တကယ် အောက်ဆီဂျင်လိုအပ်သော မြို့နယ်/ရပ်ကွက်/ကျေးရွာများသို့ ရွေ့လျားဖြန့်ဖြူးပေးနိုင်ရေးနှင့် လိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံတက္ကသိုလ်ပတ္တမြားနယ်မြေ၌ လေးထပ်ကျောင်းသူဆောင်တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် မိုးရာသီတွင် ရေတင်ကျန်ခြင်းမရှိစေရန် ရေထုတ်စနစ်များကို စနစ်တကျဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အမှတ်(၅) တပ်မတော်ဆေးရုံ(ခုတင်- ၃၀၀)တွင် နှစ် (၆၀)ပြည့် နိုင်ငံတော်ဘာသာနေ့ အထိမ်းအမှတ် မေတ္တာအခါတော်နေ့အလှူငွေများ၊ ကြက်ဥနှင့် သောက်ရေသန့် လှူဒါန်း

**မော်လမြိုင် ဩဂုတ် ၂၂**

မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ YMBA အသင်းဥက္ကဋ္ဌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ် (၅) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) တွင် နှစ်(၆၀)ပြည့် နိုင်ငံတော်ဘာသာနေ့ အထိမ်းအမှတ် မေတ္တာအခါတော်နေ့၊ YMBA အသင်းအမှုဆောင်အဖွဲ့ဝင်များနှင့် အလှူရှင်များမှ စုပေါင်း၍ မော်လမြိုင်မြို့ အမှတ် (၅) တပ်မတော်ဆေးရုံ၊ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီး၊ ကျိုက်မရောမြို့နယ် ပြည်သူ့ဆေးရုံများသို့ အလှူငွေများ၊ ကြက်ဥနှင့် သောက်ရေသန့်များ ပေးအပ်လှူဒါန်းသည်။




လှူဒါန်းပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့သည် နှစ်(၆၀)ပြည့် နိုင်ငံတော်ဘာသာနေ့အထိမ်းအမှတ် မေတ္တာအခါတော်နေ့ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်သည်များ ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ စေတနာရှင်၊ အလှူရှင်များနှင့် ပရဟိတလူမှုအဖွဲ့အစည်းများမှ အခြားလိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးကြောင်း၊ မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝ YMBA အသင်းမှလည်း ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း တပ်မတော်ဆေးရုံ၊ ပြည်သူ့ဆေးရုံများသို့ အလှူငွေများ၊ ကြက်ဥ၊ သောက်ရေသန့်များ ပေးအပ်လှူဒါန်းမှုအပေါ် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ရွှေနတ်တောင် ရေသန့်စင်စက်ရုံဝင်းအတွင်း ၁ နာရီလျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံး ၅၀ ထုတ်ပေးနိုင်မည့် တန် ၂၀ ဆံ့ အောက်ဆီဂျင်(အရည်) စက်ရုံ တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားပြီး စက်ရုံတည်ဆောက်ပြီးစီးပါက လိုအပ်သည့်အောက်ဆီဂျင်များကို မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၊ တပ်မတော်ဆေးရုံ၊ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် ပရဟိတလူမှုကူညီရေးအဖွဲ့များသို့ လုံလောက်စွာပေးပို့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးသည်။

**ခရိုင်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ် ဆင်အုံကန်အတွင်း ငါးသားပေါက် ၈၀၀၀၀ မျိုးစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများငါးရိက္ခာကို ပိုမိုစားသုံးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး၊ မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေရရှိစေရေးနှင့် ငါးသယံဇာတများ ရေရှည်ထိန်းသိမ်းနိုင်စေရေးတို့အတွက် သဘာဝရေပြင်များ၊ ဆည်တမံများ၊ မြစ်ချောင်းများတွင် ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ် ဆင်အုံကန်တွင် ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲတွင် လယ်ဝေးမြို့နယ် ဆင်အုံကန်အတွင်းသို့ ရေဆင်းငါးလုပ်ငန်းစခန်းမှ သားဖောက်ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၈၀၀၀၀ အား မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



○ စာမျက်နှာ ၆ မှ

အခြားသူ မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ တက္ကသိုလ်ကျောင်းသားဘဝ အသက် ၂၀ လောက်မှာပဲ နိုင်ငံရေးကို စတင်လုပ်ကိုင်နေပါပြီ။ သူတို့ခေတ် သူတို့အခြေအနေအရလည်း ပါဝင်ပါတယ်။ ဒီနေ့ခေတ်လိုဆို Gen Z အရွယ်ပါပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့ တော်လှန်တိုက်ခိုက်ခဲ့တာ ကမ္ဘာမှာ နေမဝင်အင်ပါယာကို ထူထောင်ခဲ့တဲ့ နယ်ချဲ့အင်္ဂလိပ်ကိုပါ။ နယ်ချဲ့ကို ရနိုင်သမျှ နည်းလမ်းမျိုးစုံနဲ့ တော်လှန်တိုက်ခိုက်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ဟာ ဒီကနေ့လို ကိုယ့်နိုင်ငံအတွင်းမှာ၊ ကိုယ့်နိုင်ငံသားအချင်းချင်းအပေါ် အကြမ်းဖက်နည်းတွေနဲ့ မလုပ်ခဲ့ပါဘူး။ နိုင်ငံရေးမှာ အသုံးချခံ မဖြစ်ခဲ့ပါဘူး။ နိုင်ငံရေးကို လိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့ smart power ကို သုံးပြသွားခဲ့ပါတယ်။ အဲဒီလို သုံးနိုင်အောင်လည်း ပြည်တွင်း ပြည်ပနိုင်ငံရေးဝမ်းစာပြည့်ဝခဲ့ပါတယ်။

ဒီတော့ လူငယ်တွေအနေနဲ့ နိုင်ငံမှာလက်ရှိဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေကို ဖြေရှင်းဖို့ ကြိုးစားကြရာမှာ ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းကြမလဲဆိုတာ ကိုယ်တိုင်ဝေဖန်စဉ်းစားကြဖို့ လိုပါတယ်။ ရိုးသားတဲ့နိုင်ငံရေးလား မရိုးသားတဲ့ နိုင်ငံရေးလားဆိုတာ သူတစ်ပါးပြောတာထက် ကိုယ်တိုင်သိရှိမှ သူတစ်ပါး ကြိုးဆွဲခံရတာ၊ အသုံးချခံရတာကို ရှောင်ရှားနိုင်ပါလိမ့်မယ်။ မတူညီတဲ့ နိုင်ငံရေးသဘောထား ကွဲလွဲတာတွေကို သခင်စိုးခေါင်းဆောင်တဲ့ ကွန်မြူနစ်ပါတီ (ဗမာပြည်) ကြွေးကြော်သလို သေရဲတာ အလံနီ၊ သတ်ရဲတာ အလံနီလို့ ဆိုလို့မရပါဘူး။ အဲဒါဟာ မှန်ကန်တဲ့ နည်းလမ်းမဟုတ်ပါဘူး၊ အစွန်းရောက် မိုက်ရူးရဲဆန်တဲ့ နည်းလမ်းပဲဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ဒီမိုကရေစီကိုလိုလားလို့ လုပ်ဆောင်တာဆိုရင် ဒီမိုကရေစီကျင့်စဉ်ကို လေးစားလိုက်နာသင့်ပါတယ်။

**ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခဖြစ်ပွားနိုင်တဲ့ အခြေအနေများ မပါဝင်ဘဲ မတူကွဲပြားမှုတွေကို စီမံခန့်ခွဲတဲ့စနစ်တစ်ရပ်ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ ပဋိပက္ခကို စီမံခန့်ခွဲခြင်း (managing) နဲ့ အစီအစဉ်ကျနစေခြင်း (Processing) အတွက် စနစ်တစ်ခုဖြစ်ကြောင်း နိုင်ငံရေးသိပ္ပံပါမောက္ခ Adam Przeworski က ဆိုဖူးပါတယ်။ ကြီးကြီးမားမားရှိနေတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ပုံသေကားကျနည်းလမ်းသတ်မှတ်ချက်ထက် မိမိနိုင်ငံ၊ မိမိလူမျိုးအခြေအနေ၊ ပဋိပက္ခဇာစ်မြစ်၊ နိုင်ငံရေးအသိရေချိန်၊ ကမ္ဘာ့နိုင်ငံရေးအခြေအနေစတဲ့ အခြေခံအကြောင်းတရားပေါ် မူတည်ပြီး ဖြေရှင်းကြဖို့ လိုပါတယ်။**

ဒီလိုအခြေအနေမှာ လူငယ်တွေအနေနဲ့ နိုင်ငံရေးမှာ အသုံးချခံမဖြစ်ဖို့ဆိုရင် ဖြစ်နေတဲ့ပြဿနာတစ်ရပ်ကို ဘယ်လို ထိထိရောက်ရောက် အောင်အောင်မြင်မြင် ဖြေရှင်းကြမလဲဆိုတဲ့ နည်းလမ်းတွေကို ရှာဖွေကြရမှာပါ။ ပြဿနာဖြေရှင်းတဲ့ နည်းလမ်းမှန်မှ ပြဿနာပြေလည်မှာပါ။ ဖြေရှင်းတဲ့နည်းလမ်းမှားယွင်းတာနဲ့အမျှ ဖြစ်လာမယ့် အကျိုးဆက်တွေဟာ မိမိကိုယ်တိုင်အတွက်ရော၊ အပြစ်မဲ့ပြည်သူအတွက်ပါ အတောမသတ်နိုင် ဖြစ်သွားနိုင်တာကို ထည့်သွင်းစဉ်းစားကြဖို့ လိုအပ်နေပါပြီ။ ။

## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



မွန်ပြည်နယ် သံဖြူဇရပ်မြို့ ပရိယတ္တိသာသနာ့ပါလမွန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓထံ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဩဂုတ် ၂၂**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့ သာသနာ့ပါလမွန်ကျောင်းတိုက်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အထောက်အကူပြုဆေးဝါးများကို ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ ဣန္ဒိနန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်၊ ကျုံပျော်မြို့ ဇေတဝန်ကျောင်းတိုက်၊ အသောကာရာမကျောင်းတိုက်၊ ဇေယျာသီရိကျောင်းတိုက်နှင့် ပြည်လုံးပေါ်ဘုရားကြီးကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သီရိမင်္ဂလာသရက်တောကျောင်းတိုက်၊ ပြင်ဦးလွင်မြို့ရှိ ခန္တီးဘုန်းတော်ကြီးကျောင်း၊ အေးမြချမ်းသာသီလရှင်စာသင်တိုက်နှင့် ဇယန်းသာသနာ့ယက္ခိတ သီလရှင်စာသင်တိုက်တို့ရှိ ဆရာတော် သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဝါတွင်းကာလသီတင်းသုံးတော်မူကြသော ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်တို့ ဆက်ကပ်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲ၊ ကြက်သွန်တို့ကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာကျောင်းများအလိုက် ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်း**

လှူဒါန်းပွဲသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးတို့ တက်ရောက်ကြပြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေအပါး ၄၀၉၀ အတွက် ငွေကျပ် ၃၈၉၆၃၉၇၅ ကျပ် တန်ဖိုးရှိ ဆန် ၁၀၂၃ အိတ်၊ ဆီ ၂၀၄၇ ပိဿာ၊ ကုလားပဲ ၂၀၄၇ ပိဿာနှင့် ကြက်သွန် ၂၀၄၇ ပိဿာကို ဦးပွားဘုရား သိမ်တော်ကြီး၌လည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ရဟန်း၊ သာမဏေ ၂၅၀၃ ပါးအတွက် ငွေကျပ် ၂၅၆၁၄၃၈၀ တန်ဖိုးရှိ ဆန် ၆၇၃ အိတ်၊ ဆီ ၁၃၄၆ ပိဿာ၊ ကုလားပဲ ၁၃၄၆ ပိဿာနှင့် ကြက်သွန် ၁၃၄၆ ပိဿာကို ဆင်ဖြူမယ်ကျောင်းတိုက် ဓမ္မာရုံ၌ လည်းကောင်း လှူဒါန်းကြသည်။

ယင်းနောက် တက်ရောက်လာသူများက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များထံမှ ငါးပါးသီလခံယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်ဓမ္မာရုံ၌ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲနှင့် ကြက်သွန်များ ဆက်ကပ်လှူဒါန်းစဉ်။



## နယ်စပ်ရေးရာဝန်ကြီးဌာနက ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ ဆက်ကပ်လှူဒါန်း

**မြိတ် ဩဂုတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်၊ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာမင်း၊ မြိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစံနှင့် တာဝန်ရှိသူများက မြိတ်ခရိုင်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များဖြစ်သော အေးချမ်းသာယာပရိယတ္တိစာသင်တိုက်၊ ဘုရားငါးဆူ ပရိယတ္တိစာသင်တိုက်၊ ရှေးဟောင်းမင်းကျောင်း ပရိယတ္တိစာသင်တိုက်နှင့် နိမ္မိန္ဒပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ၃၅ အိတ်၊ ဆီ ၃၅ ပိဿာနှင့် ပဲ ပိဿာ ၇၀ တို့ကို လှူဒါန်းခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများနှင့် ပရိယတ္တိ စာသင်တိုက်များအတွက် လှူဒါန်းမှုစုစုပေါင်း ဆွမ်းဆန်တော် အိတ် ၅၀၊ ဆီ ၅၄ ဒသမ ၅ ပိဿာနှင့် ပဲ ၁၀၉ ပိဿာတို့ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၂**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အောက်ဆီဂျင်စက်ရုံအတွက် လိုအပ်နေသော အောက်ဆီဂျင်အိုး (အလွတ်) ၃၅ လုံးကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မြောင်းမြမြို့တို့ရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၄၇ လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံ စတင်ဖွင့်လှစ်ထုတ်လုပ်နေမှုကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ အဆိုပါစက်ရုံမှ ထုတ်လုပ်သည့်ပိုလျှံသော အောက်ဆီဂျင်အိုးများကို ဝေးလံခေါင်ဖျားဒေသဖြစ်သည့် နာဂတောင်တန်းရှိ ဒေသခံ တိုင်းရင်းသားပြည်သူများထံသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




နမ့်စန်မြို့ အောက်ဆီဂျင်စက်ရုံအတွက် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် အောက်ဆီဂျင်အိုးများကို နမ့်စန်တပ်နယ်မှ တပ်မတော်သားများက သယ်ယူနေစဉ်။

# လူမှုကွန်ရက်ပေါ်က ဝါဒဖြန့်သတင်းတုသတင်းမှားသံသရာ

**မေယု-မျိုးအောင်(MANA)**

ဝါဒဖြန့်ခြင်းဟူသည်ကား အခြေခံအကျဆုံးအဖြစ် ရှုမြင်ကြည့်လျှင် ဘက်လိုက်သော သို့မဟုတ် လမ်းလွဲသို့ ခေါ်ဆောင်သွားသော အချက်အလက်များကို လူအများထံ ပျံ့နှံ့စေနိုင်မည့် မီဒီယာပုံစံအချို့ကို အသုံးပြုလျက် ဖြန့်ချိခြင်းဖြစ်သည်။ နိုင်ငံရေး အာဂျင်ဒါတစ်ခု သို့မဟုတ် နိုင်ငံရေးအမြင်တစ်ရပ်ကို ပရိုမိုးရှင်းလုပ်ရန် ရည်ရွယ်သည်။ ဝါဒဖြန့်ချိမှုသည် ဓမ္မဓိဋ္ဌာန်မကျအောင်၊ သမာသမတ်မကျအောင် တမင်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး တစ်ခုသော ထင်မြင်ချက်တစ်ရပ်ဆီသို့ လူအများကို လွှမ်းမိုးသိမ်းသွင်းဆွဲခေါ်ရန်အတွက် ပိုမိုကြီးမားသည့် စိတ်ခံစားမှုစစ်ဆင်ရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်တတ်သည်။ ယင်းကဲ့သို့သော စိတ်ဓာတ်စစ်ဆင်ရေးတွင် ပြောင်ကျကျ လိမ်ညာမှုများ သို့မဟုတ် ပိုမိုသိမ်မွေ့သော အချက်အလက်အမှားများ ထည့်သွင်းခြင်းနှင့် ဆင်ဆာဖြတ်ခြင်းတို့ ပါဝင်သည်။ ဝါဒဖြန့်ချိရေးသည် ဓာတ်ပုံများ၊ ကြွေးကြော်သံများနှင့် တမင်ရွေးချယ်သုံးစွဲသော အချက်အလက်များအပြင် အချက်အလက်များကို ထိန်းချုပ်ခြင်း သို့မဟုတ် ဆင်ဆာဖြတ်ခြင်းတို့မှတစ်ဆင့် လူတို့၏စိတ်ခံစားချက်များကို လှုံ့ဆော်သည်။

အခြားမီဒီယာများကို ဆင်ဆာဖြတ်ကာ ထိန်းချုပ်ထားခြင်းနှင့် အစိုးရကိုယ်တိုင်က အစိုးရပိုင်မီဒီယာများထားရှိခြင်းတို့ ပြုလုပ်ကာ ဝါဒဖြန့်ချိမှု ပြုလုပ်သည့်ပုံစံမျိုးကို ကျင့်သုံးခဲ့သည်။ ရိုးရိုးကောလာဟလများ ဖြန့်ချိခြင်းနှင့် ဝါဒဖြန့်ချိခြင်းတို့အကြား ကွာခြားချက်မှာ ဝါဒဖြန့်ချိရေး၏ နောက်ကွယ်၌ ရည်ရွယ်ချက်ရှိပြီး ဖွဲ့စည်းထားရှိကာ ရန်ပုံငွေထောက်ပံ့ထားသည့် လှုပ်ရှားမှုဖြစ်ခြင်းပင် ဖြစ်သည်။ ဝါဒဖြန့်ချိခြင်းနှင့်ပတ်သက်၍ အထင်ရှားဆုံးသာဓကများမှာ စစ်ပွဲကာလများအတွင်း အစိုးရအဖွဲ့များက ဘုံရန်သူကို ဆန့်ကျင်ရန်အတွက် ၎င်းတို့၏ ပြည်သူလူထုများကို စုဝေးစေကာ ဟောပြောခြင်းဖြစ်သည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့အတွင်း ပိုစတာများက ရန်သူများကို မကောင်းဆိုးဝါးများအဖြစ် သရုပ်ဖော်လေ့ရှိခဲ့သည်။ ယင်းနည်းစနစ်မှာ လူထုထင်မြင်ချက်အပေါ် လွှမ်းမိုးနိုင်ရန်အတွက်သာမက မိမိတို့၏စစ်သားများ အသေအကျေတိုက်ပွဲဝင်ရေးအတွက် ယုံကြည်မှုရရှိရန်အတွက်ပါ အရေးကြီးခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်က ထုတ်ဝေခဲ့သည့် သိပ္ပံဂျာနယ်တစ်စောင်တွင် မက်ဆာချူးဆက် နည်းပညာတက္ကသိုလ်(MIT)မှ သုတေသနပညာရှင်များဦးဆောင်သည့် လေ့လာမှုတစ်ခုက အင်တာနက်၌ သတင်းအတု၏ပျံ့နှံ့မှုသည် သတင်းအမှန်ထက် ပိုမိုမြန်ဆန်ကြောင်း၊ သတင်းအမှန်ထက် သတင်းအတုများကို ပြန်လည်မျှဝေမှုက ၇၀ ရာခိုင်နှုန်းကျော်ကြောင်း၊ လူပေါင်း ၁၅၀၀ ထံ သတင်းမှန်ရောက်ရှိရေးထက် သတင်းအတုပျံ့နှံ့မှုမှာ ခြောက်ဆပိုများကြောင်း ဖော်ပြထားသည်။ အဆိုပါ လေ့လာမှုကို ၂၀၀၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တွစ်တာ၌ပျံ့နှံ့နေသော သတင်း ၁၂၆၀၀၀ ကို လေ့လာခဲ့ခြင်း ဖြစ်သည်။

### နိုင်ငံပေါင်း ၂၅ နိုင်ငံ

**ဖေ့စ်ဘွတ်ကလည်း ကျင်းပပြီးစီးခဲ့သည့် ယခင်သက်တမ်း အမေရိကန်သမ္မတ ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲအပြီးတွင် ၎င်းတို့၏ ကွန်ရက်ကို အသုံးပြုသူအနည်းဆုံး ၁၂၆ သန်းခန့်က ရုရှားတို့ဖြန့်ဝေထားသည့် သတင်းအတုများကို တွေ့မြင်ဖတ်ရှုခဲ့ကြရကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်ခဲ့သည့် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိ အင်တာနက်သုံးစွဲသူ ၂၅၀၀၀ ကျော်၏ Ipsos နှစ်စဉ်သက်တမ်းကလည်း အများအားဖြင့် ဖေ့စ်ဘွတ်ပေါ်မှ ဖြန့်ဝေနေသော သတင်းအတုများသည် အင်တာနက်အသုံးပြုသူတို့၏ ၈၆ ရာခိုင်နှုန်းကို လှည့်စားခဲ့ကြောင်း၊ အထူးသဖြင့် သတင်းအတုများသည် ဖေ့စ်ဘွတ်တွင် အများဆုံးပျံ့နှံ့နေကြောင်း ဖော်ပြထားသည်။ အဆိုပါ ဖြစ်ရပ်များက သတင်းအတု၊ သတင်းအမှား ပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ အင်တာနက်သုံးစွဲသူတို့အပေါ် အတိုင်းအတာတစ်ခုအထိ ဩဇာသက်ရောက်မှုရှိနေကြောင်းကို မီးမောင်းထိုးပြလျက်ရှိသည်။**

### စစ်မှန်သောသတင်းများ

သတင်းများသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် အရေးပါသည့်အစိတ်အပိုင်းတစ်ရပ်ဖြစ်ကာ အချက်အလက်ပေးခြင်း၊ ဖျော်ဖြေခြင်းနှင့် အများပြည်သူကို ဆွဲဆောင်ခြင်းတည်းဟူသော ရောယှက်နေသည့် အစိတ်အပိုင်းသုံးရပ်ဖြင့် စုဖွဲ့ထားခြင်းဖြစ်သည်။ သတင်းများအားလုံးသည် လူသားများ ကြားဝင်ဆောင်ရွက်မှု၏ ထုတ်ကုန်သာဖြစ်၍ သတင်းထောက်၊ သတင်းစာဆရာနှင့် သတင်းအယ်ဒီတာတို့၏ ဓမ္မဓိဋ္ဌာန်ကျစွာ ပါဝင်မှုနှင့် ရိုးသားမှန်ကန်မှုကို အာမခံပေးနိုင်သော သတင်းဖြစ်မှုကို အခြေခံသည့် သတင်းများကသာလျှင် စစ်မှန်သောသတင်းများ ဖြစ်သည်။

လူမှုကွန်ရက်ပေါ်၌ သတင်းအတု၊ သတင်းမှားများ၏ တမင်ရည်ရွယ်ချက်ဖြင့် ဖြန့်ချိနေမှုသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းတွင်လည်း ရင်ဆိုင်နေရသည့်ပြဿနာ ဖြစ်သည်။ သတင်းအတုဟူသည် ရည်ရွယ်ချက်ရှိရှိ ပုံမှားရိုက်ထားပြီး ထိခိုက်နစ်နာမှုဖြစ်စေရန် ဦးတည်သောအကြောင်းအရာ ဖြစ်သည်။ ယင်းတွင် ငွေကြေးရရှိရန်၊ ကိစ္စအရပ်ရပ်အတွက် ဩဇာထူထောင်ရန်နှင့် အဆိုပါသတင်းကြောင့် ပြဿနာဖြစ်ပွားစေရန်ဟူသည့် စေ့ဆော်မှု သုံးရပ်ရှိသည်ကို တွေ့ရသည်။ သတင်းမှားဟူသည် မှားယွင်းသော အကြောင်းအရာတစ်ခုဟု ခေါ်ဆိုနိုင်ပြီး ယင်းကိုဖြန့်ချိသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် အဆိုပါသတင်းသည်အမှား သို့မဟုတ် နားလည်မှုလွဲစေသည့်အရာဟု ခွဲခြားနိုင်စွမ်းမရှိဘဲ အများသိရှိစေရန် ရည်ရွယ်၍ ကွန်ရက်တွင် မျှဝေလိုက်သော သတင်းမျိုးဖြစ်သည်။ ကောလာဟလသတင်းဟူသည်မှာ မှန်ကန်သောသတင်းအချက်အလက်ဖြစ်သော်လည်း ထိခိုက်နစ်နာမှုဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မျှဝေခြင်းဖြစ်သည်။

> **လူမှုကွန်ရက် သုံးစွဲသူများအနေဖြင့် သတင်းမှားများ၊ သတင်းအတုအယောင်များကို ဟုတ်၊ မဟုတ်ဆိုသည်ကို သတိထားသင့်သည်။ တက်လာသည့် သတင်းများအပေါ် ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲ ထပ်ဆင့်ဖြန့်ဝေခြင်း၊ ပြဿနာ၏ အရင်းအမြစ်အပေါ် ပူးပေါင်းဖြေရှင်းရေးထက် လူအများ စိုးရိမ်ထိတ်လန့်မှုကို ပိုမိုနက်ရှိုင်းစေမည့် ထင်မြင်ချက်များကို ဝင်ရောက်ရေးသားမှုများက မလိုလားအပ်သည့် အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်**

ကောလာဟလဟူသည် မြန်မာအဘိဓာန်က တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသောကြွေးကြော်စကား၊ကြိုတင်ဖြစ်ပေါ်နေသော သတင်း၊ အခြေအမြစ်မရှိသောသတင်းဟု အဓိပ္ပာယ်ဖွင့်သည်။ ကျမ်းဂန်များကလည်း ကောလာဟလကို ကပ္ပကောလာဟလ-ကမ္ဘာမပျက်မီ အနှစ်တစ်သိန်းက ကျော်ကြားခဲ့သောအသံ၊ စက္ကဝတ္တိကောလာဟလ-စကြာမင်းမပေါ်မီ အနှစ်တစ်ရာက ကျော်ကြားခဲ့သောအသံ၊ ဗုဒ္ဓကောလာဟလ-ဘုရားမပွင့်မီ နှစ်ပေါင်းတစ်ထောင်က ကျော်ကြားခဲ့သောအသံ၊မင်္ဂလာကောလာဟလ-မင်္ဂလာတရားမဟောမီ ၁၂ နှစ်က ကျော်ကြားခဲ့သောအသံနှင့် မောနေယျကောလာဟလ - မောနေယျအကျင့်ကို မေးလျှောက်ကျင့်ကြံသော ပုဂ္ဂိုလ်မပေါ်မီ ခုနစ်နှစ်က ကျော်ကြားခဲ့သော အသံဟူ၍ ငါးမျိုးခွဲခြားသည်။ စာပေကျမ်းဂန်များက မည်သို့ပင်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြသည်ဖြစ်စေ ကောလာဟလသည် အစစ်အမှန်သတင်းစကားမဟုတ်သည်မှာ သေချာသည့်အချက်ဖြစ်သည်။

### ငွေကြေးဈေးကွက်နှင့် ရွှေဈေးကွက်

ကျပ်တစ်သောင်းတန်များ ပြန်လည်သိမ်းယူမည်ဟူသည့် ကောလာဟလများကြောင့် မြန်မာ့ငွေကြေးဈေးကွက်နှင့် ရွှေဈေးကွက်အတွင်း ရိုက်ခတ်မှုအချို့ ဖြစ်ပေါ်ခဲ့သည်။ ပြည်သူများအနေဖြင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့ ညွှန်ကြားပြီးဖြစ်ပါကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ပြီးနောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူတို့အကြား ဖြစ်ပေါ်နေသည့် စိုးရိမ်မှုအချို့အပေါ် ပြေလျော့သွားစေခဲ့သည်။ လတ်တလောတွင်လည်း အတုအယောင်များ မကြာခဏထွက်ပေါ်လေ့ရှိရာ ဤအချက်က အများပြည်သူတို့အနေဖြင့် လူမှုကွန်ရက်ပေါ်မှ သတင်းများအပေါ် သေချာစွာ စိစစ်ပြီးမှ ယုံကြည်ရန် အရေးကြီးကြောင်း ညွှန်ပြလျက်ရှိသည်။

မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲသူအားလုံး အနက် ရာခိုင်နှုန်း ၈၀ အထက်သည် စမတ်ဖုန်းသုံးစွဲသူများဖြစ်ကာ အဆိုပါရာခိုင်နှုန်းသည် အရှေ့တောင်အာရှနှင့် အိမ်နီးချင်းနိုင်ငံများအကြား မြင့်မားသည့် နှုန်းထားတစ်ခုဖြစ်သည်။ စစ်တမ်းများအရ ဆက်သွယ်ရေးအော်ပရေတာများက ဆင်းမ်ကတ်ပေါင်း သန်း ၅၀ ကျော် ဖြန့်ချိထားပြီး လူဦးရေ ၁၀ သန်းနှင့်အထက်က ဆိုရှယ်မီဒီယာ ဖေ့စ်ဘွတ်ခ်ကို အသုံးပြုနေကြောင်း၊ မြန်မာနိုင်ငံ၏ အွန်လိုင်းသုံးစွဲမှုသည် တစ်ရက်လျှင် ပျမ်းမျှ ၂ ဒသမ ၄ နာရီရှိကြောင်း၊ လူမှုကွန်ရက်နှင့် မက်ဆေ့ချ်ဝန်ဆောင်မှုများတွင် ဖေ့စ်ဘွတ်သည် ၅၉ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေပြီး ၎င်း၏နောက်တွင် မက်ဆင်ဂျာက ၃၆ ရာခိုင်နှုန်း၊ ဗိုက်ဗာက ၃၆ ရာခိုင်နှုန်း၊ ဘီတော့က ခုနစ်ရာခိုင်နှုန်းနှင့် ယူကျူက ခြောက်ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် **လူမှုကွန်ရက် သုံးစွဲသူများအနေဖြင့် သတင်းမှားများ၊ သတင်းအတုအယောင်များကို ဟုတ်၊ မဟုတ်ဆိုသည်ကို သတိထားသင့်သည်။ တက်လာသည့် သတင်းများအပေါ် ခွဲခြမ်းစိတ်ဖြာခြင်းမပြုဘဲ ထပ်ဆင့်ဖြန့်ဝေခြင်း၊ ပြဿနာ၏ အရင်းအမြစ်အပေါ် ပူးပေါင်းဖြေရှင်းရေးထက် လူအများ စိုးရိမ်ထိတ်လန့်မှုကို ပိုမိုနက်ရှိုင်းစေမည့် ထင်မြင်ချက်များကို ဝင်ရောက်ရေးသားမှုများက မလိုလားအပ်သည့် အကျိုးဆက်များကို ဖြစ်ပေါ်စေနိုင်သည်။**

လူမှုမီဒီယာများ တွင်ကျယ်လာသည့် ယနေ့ခေတ်တွင် ဝါဒဖြန့်ချိရန် အလွန်လွယ်ကူလာသကဲ့သို့ "မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ" ဟူသော စကားအတိုင်း တစ်စုံတစ်ရာကို ဖုံးကွယ်လိမ်ညာမှုပြုလုပ်ရန်လည်း ခက်ခဲလာသည်။ အချိန်ကာလအပိုင်းအခြားတစ်ရပ်အတွင်း တစ်စုံတစ်ရာကို ဖုံးကွယ်ထားခြင်း သို့မဟုတ် လိမ်လည်ထားခြင်း ပြုကောင်းပြုနိုင်မည်ဖြစ်သော်လည်း မည်သည့်အရာကိုမျှ ရေရှည်၌ လိမ်ညာဖုံးကွယ်ထားရန် မဖြစ်နိုင်ပါ။ မည်သူမဆို မှားခဲ့သည်များကို အဖတ်ဆယ်ရန် ဖုံးကွယ်လိမ်ညာ ဝါဒဖြန့်လျက် အမှားသံသရာ၌ လည်နေမည့်အစား ရိုးသားစွာဝန်ခံလျက် နောက်ထပ်အမှားများ ထပ်မံမကျူးလွန်မိစေရေးအတွက် ဂရုပြုကြရမည်ဖြစ်သည်။

### ကောလာဟလနှင့်သတင်းမှားများ

လူမှုကွန်ရက် သုံးစွဲသူများအနေဖြင့် အွန်လိုင်းသတင်းများအပေါ် အမှား၊ အမှန် စိစစ်ရာတွင် အခြားသတင်းဌာနများနှင့် ဆန့်ကျင်ကွဲလွဲနေသည့် သတင်းရင်းမြစ်ကို စစ်ဆေးခြင်း၊ အချက်အလက်များ မှန်၊ မမှန်ကို အခြားအချက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ လူအများ အထိတ်တလန့်ဖြစ်စေနိုင်သော သတင်းခေါင်းစဉ်ပါရှိသည့် သတင်းတစ်ပုဒ်လုံးကို သံသယထားရှိခြင်းများ လိုအပ်ပါသည်။ ငွေကြေးကိစ္စများနှင့်ပတ်သက်ပါက ဗဟိုဘဏ်က တရားဝင်ထုတ်ပြန်သည့် သတင်းများကို သိမှတ်ခြင်း၊ ကိုဗစ်ကပ်ရောဂါနှင့် ပတ်သက်ပါကလည်း သတင်းအမှန်ကို ဖြေကြားပေးနိုင်သည့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများထံ ဆက်သွယ်မေးမြန်းခြင်းဖြင့် ကောလာဟလနှင့်သတင်းမှားများကို သတိထားခွဲခြားကြရန် လိုအပ်သည်။


သတင်းအတုများ၊ သတင်းမှားများ၊ ကောလာဟလများသည် လူဦးရေဘီလီယံကျော်အသုံးပြုနေသော လူမှုကွန်ရက်ပေါ်၌ အချိန်နှင့်အမျှ ပျံ့နှံ့လျက်ရှိရာ လူတိုင်းအနေဖြင့် မိမိတို့မြင်တွေ့ရသည့် သတင်းအချက်အလက်များ မှန်၊ မမှန်ကို အခြားသတင်းဌာနများနှင့် ဆန့်ကျင်ကွဲလွဲမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ထူးခြားသည့်သတင်းများ တင်လေ့ရှိသည့် ဝက်ဘ်ဆိုက်များကို အသေးစိတ်လေ့လာခြင်း၊ ထိုသို့သော သတင်းမျိုးကို အလွယ်တကူ ထပ်ဆင့်ဖြန့်ဝေမှု မပြုခြင်းဖြင့် အမှန်တရားကို ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသြဘာသ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဩဂုတ် ၂၂
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက၊ ကချင်ပြည်နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသြဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ မဟာထေရ်မြတ်ကြီးသည် သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၄)ဝါအရ ၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၁-၈-၂၀၂၁)၊ စနေနေ့၊ ည(၇:၅၄)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက် ဦးစီးပဓာနနာယက၊ ကချင်ပြည်နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသြဘာသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အောင်းကုန်းကျေးရွာတွင် ခမည်းတော် ဦးထွန်းဖေ၊ မယ်တော် ဒေါ်သိန်းမေတို့မှ ၁၃၁၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် (၁၂)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၂၂-ခုနှစ်တွင် အင်းတော်မြို့နယ် အောင်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၂၉-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်တွင် မိုးညှင်းမြို့နယ် နမ်းမားမြို့ သာယာကုန်းကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တမာလာကို ဥပဇ္ဈာယ်ပြု၍ အင်ကြင်းကုန်းရွာ ဦးတိုင်းကျော်၊ ဒေါ်သောင်းခင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် အင်းတော်မြို့နယ် အောင်းကုန်းရွာကျောင်းဆရာတော် ဘဒ္ဒန္တသုဇာတ၊ ဝန်းသိုမြို့ ခန္တီးစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇန၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသူရိယ စသော ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ဝန်းသိုမြို့ ခန္တီးစာသင်တိုက်နှင့် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်တို့၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ကချင်ပြည်နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အဖွဲ့ဝင်အဖြစ် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၁ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ၂၀၂၀ ပြည့်နှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၇၃) နှစ် သိက္ခာတော်(၅၄)ဝါအရ ၁၃၈၃-ခုနှစ်၊ ဝါခေါင်လဆန်း(၁၄)ရက်၊ (၂၁-၈-၂၀၂၁)၊ စနေနေ့၊ ည (၇:၅၄) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ပိတ်ရက်မရှိဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၂၂
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဘဲ အမြန်ဆုံး ဝင်ရောက်နိုင်ရေးအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်း ခွင့်ပြုပေးလျက်ရှိရာ အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အတွင်း၌လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။






ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းလာသည့်ယာဉ်များကို တွေ့ရစဉ်။

**တင်သွင်း**

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ထီးခီး ကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာတွင် ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ ၃၀ ဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ် လေးစီးဖြင့် ၇၈ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ခုနစ်တန်၊ အောက်ဆီဂျင်(အရည်) Storage Container နှင့် Distributor တစ်ခုစီ၊ အောက်ဆီဂျင်(အိုးခွံ) ၄၉၆၄ ခု၊ အောက်ဆီဂျင် Plant နှစ်ခု၊ အောက်ဆီဂျင်ဖြည့်စက် တစ်ခု၊ အိမ်သုံး Oxygen Concentrator ၅၉၇ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများ တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်လေးစီးမှာ ရန်ကုန်မြို့သို့ သုံးစီးနှင့် မော်လမြိုင်မြို့သို့ တစ်စီးဖြစ်ပြီး အောက်ဆီဂျင် Plant နှစ်ခုမှာ မန္တလေးမြို့နှင့် လားရှိုးမြို့သို့ တစ်စီးစီ ဖြစ်ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေး ပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ် မေးမြန်းနိုင်သည့် တာဝန်ခံများကိုလည်း ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

■

## ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၆၃ ဦးထပ်မံတွေ့ရှိ

**ဖနောင်ပင် ဩဂုတ် ၂၂**

ကမ္ဘောဒီးယားနိုင်ငံ၌ ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၆၃ ဦးထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၉၉၉ ဦးရှိလာပြီဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လျက်ရှိသည့်အတွက် ကျန်းမာရေးစည်းမျဉ်းများကို တိကျစွာလိုက်နာကြရန် ကျန်းမာရေး ဝန်ကြီး မမ်ဘန်ဟန်က ပြည်သူများအား တိုက်တွန်းပြောကြားသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၆ ဦးစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၉၂၃၁ ဦး ရှိလာပြီ ဖြစ်သည်။ ထို့ပြင် ကိုဗစ်-၁၉ လူနာ ၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၉၂ ဦးရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၅၇၅ ဦး ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည် ဆင်းသွားခဲ့ရာ ပြန်လည်ကျန်းမာလာသူပေါင်း ၈၅၀၈၁ ဦး ရှိလာသည်။ လက်ရှိအချိန်အထိ ပြည်သူ ၉ ဒသမ ၆၂ သန်း(လူဦးရေ၏ ၆၀ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၇ ဒသမ ၈ သန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

## နေရပ်စွန့်ခွာ အာဖဂန်နစ္စတန်အမျိုးသမီးတစ်ဦး အမေရိကန်လေယာဉ်ပေါ်တွင် ကလေးမွေးဖွား

**ဝါရှင်တန် ဩဂုတ် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံမှ နေရပ်စွန့်ခွာလာသူ အမျိုးသမီးတစ်ဦးသည် ဂျာမနီနိုင်ငံသို့ ဦးတည်ပျံသန်းလျက်ရှိသည့် အမေရိကန် စစ်လေယာဉ်ပေါ်တွင် ကလေး မွေးဖွားခဲ့ကြောင်း အမေရိကန် တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ဆိုသည်။




**လေယာဉ်ပေါ်တွင် မွေးဖွား**

ဩဂုတ် ၂၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ ပျံသန်းသည့် လေကြောင်းခရီးစဉ်တစ်ခု၌ လေယာဉ်ပေါ်တွင် ကလေးမွေးဖွားသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**လာရောက်ကူညီ**

ဂျာမနီနိုင်ငံ လေဆိပ်သို့ ရောက်ရှိစဉ် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများက အဆိုပါ လေယာဉ်ပေါ်ရှိ ကလေးမွေးဖွားသူ အမျိုးသမီးအား လာရောက်ကူညီပေးပြီး နီးစပ်ရာဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ၎င်းက ဆိုသည်။

လက်ရှိအချိန်တွင် မိခင်နှင့် ကလေး နှစ်ဦးစလုံး ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**



## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ၆၈၄ ဦး ထပ်မံသေဆုံး

**တီဟီရန် ဩဂုတ် ၂၂**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၆၈၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၂၀၃၈ ဦးရှိလာသည်။

အဆိုပါ သေဆုံးမှုအရေအတွက်သည် နေ့စဉ်သေဆုံးမှုအရေအတွက် စံချိန်တင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၆၄၁၉ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၆၇၇၁၁၄ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

သို့သော် ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှပြန်လည်ဆင်းသွားသူပေါင်း ၃၉၃၂၄၇၂ ဦးရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် လူနာ ၇၆၆၂ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဩဂုတ် ၂၂ ရက်အထိ ပြည်သူ ၁၆၇၁၇၆၈၁ ဦးသည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ပြည်သူ ၅၈၃၀၆၅၀ သည် ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း၌ ပြည်သူ ၂၇၈၅၅၄၇၀ အား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးစီးကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၄၈၀၄ ဦး ဗိုင်းရပ်စ် ထပ်မံကူးစက်ခံရ

**ဒါကာ ဩဂုတ် ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၀၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၁၄၆၁၉၉၈ ဦးရှိလာပြီဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၉ ဦး ထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၅၂၈၂ ဦးရှိလာကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၄၅၃ ဦး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၃၆၃၈၇၄ ဦးရှိလာသည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းသည် ၁ ဒသမ ၇၃ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသူနှုန်းသည် ၉၃ ဒသမ ၂၉ ရာခိုင်နှုန်းရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင် ၂၈ ရက်က ဗိုင်းရပ်စ်ကူးစက်ခံရသူ စံချိန်တင်တွေ့ရှိရပြီး ဩဂုတ် ၅ရက်တွင်သေဆုံးသူ၂၆၄ဦးစံချိန်တင်တွေ့ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**



## ဗီယက်နမ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၂၁၄ ဦး စံချိန်တင်တွေ့ရှိ

**ဟန်နွိုင်း ဩဂုတ် ၂၂**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၂၁၄ ဦးထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၄၈၀၅၉ ဦးရှိပြီး သေဆုံးသူပေါင်း ၈၂၇၇ ဦးရှိကြောင်း ဗီယက်နမ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အဆိုပါ အရေအတွက်သည် နေ့စဉ်ကူးစက်မှု အရေအတွက် စံချိန်တင် အများဆုံးတွေ့ရှိခြင်း ဖြစ်သည်။

ရောဂါကူးစက်မှုထပ်မံတွေ့ရှိသူများအနက် ၁၁၂၀၈ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန်ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်သည်။

ထို့ပြင် ယင်းကူးစက်ခံရသူအများစုကို နိုင်ငံ၏ တောင်ဘက်ပိုင်းမှ အများဆုံးစစ်ဆေးတွေ့ရှိရသည်။ ဟိုချီမင်းစီးတီး၌ ၄၁၉၃ ဦး၊ ဘင်ဒေါင်ခရိုင်၌ ၃၇၉၅ ဦး နှင့် ဒွန်နိုင်ခရိုင်၌ ၈၄၉ ဦးတို့ကို အသီးသီးတွေ့ရှိသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၇၅၈၀ ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့သည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၁၄၇၆၆၇ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၇ သန်းကျော်အား ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံမှ လူဦးရေ ၁၇၀၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေး



**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ လူဦးရေ ၁၇၀၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်းနှင့် ယင်းလူဦးရေထဲတွင် အမေရိကန်နိုင်ငံသား ၂၅၀၀ နီးပါးပါရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်စစ်ဘက်မှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ယမန်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာလာသူအများစုသည် ကာတာနိုင်ငံ သို့မဟုတ် အခြားသောနိုင်ငံများမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ ဦးတည်လာကြကြောင်း အမေရိကန်နိုင်ငံအစိုးရက ပြောကြားသည်။ မိမိတို့အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရေးမစ်ရှင်ကို တတ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်ပေးနေကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းပြန်ကြားရေးတာဝန်ရှိသူ ဂျွန်ကာဘီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အမေရိကန်စစ်ဘက်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာလာသည့် စကားပြန်များအပါအဝင် အမေရိကန်နိုင်ငံနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာဖဂန်နစ္စတန်နိုင်ငံသားများနှင့် အမေရိကန်နိုင်ငံသားများကို ထောက်ပံ့မှုများပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၄၀၈ ဦးရှိ



**ဂျကာတာ ဩဂုတ် ၂၂**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၄၀၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၃၉၇၉၄၅၆ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၃၀ ထပ်မံတိုးလာခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၆၃၇၂ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၄၂၇၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၅၄၆၃၂၄ ဦးရှိလာကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီအများအပြားမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြုကာ လူဦးရေ ၂၀၈ ဒသမ ၂ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရန် စီစဉ်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၃၁ ဒသမ ၆၀ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၅၇ ဒသမ ၃၃ သန်းရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ၁၆၀၄၄ ဦး ရောဂါထပ်မံကူးစက်ခံရ

**မနီလာ ဩဂုတ် ၂၂**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၀၄၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၃၉၆၃၅ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၁၅ ဦး ထပ်မံသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၁၈၁၀ ရှိပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃၉၅၂ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့သည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၁၆၈၁၉၂၅ ဦးရှိလာပြီဖြစ်သည်။

ဩဂုတ် ၂၀ ရက်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၇၂၃၁ ဦး စံချိန်တင်တွေ့ရှိခဲ့သည်။ လူဦးရေ သန်း ၁၁၀ ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ၁၇ သန်းနီးပါး ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# တိုကျို ပါရာလံပစ်အားကစားပြိုင်ပွဲနှင့်ဆက်စပ်သူ ၃၀ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ

**တိုကျို ဩဂုတ် ၂၂**

ဂျပန်နိုင်ငံ၌ ဩဂုတ် ၂၄ ရက်တွင် ကျင်းပမည့် တိုကျို ပါရာလံပစ်အားကစားပြိုင်ပွဲနှင့်ဆက်စပ်သူ ၃၀ တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရကြောင်း ယနေ့ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ဂျပန်နိုင်ငံသို့ လာရောက်ယှဉ်ပြိုင်သည့် ပါရာလံပစ်အားကစားသမားများဖြစ်သည်။



ယခုတွေ့ရှိသည့် တိုကျို ပါရာလံပစ်အားကစားပြိုင်ပွဲနှင့် ဆက်စပ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်သည် ယခင်နေ့များကထက် ပိုမိုများပြားကြောင်း သိရသည်။

အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရေးကော်မတီက အားကစားပြိုင်ပွဲနှင့်ဆက်စပ်သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက်များကို ထုတ်ပြန်သည့် အချိန်မှစပြီး လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ပေါင်း ၁၃၁ ဦးရှိပြီ ဖြစ်သည်။

တိုကျိုပါရာလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် တိုကျိုမြို့ရှိ အမျိုးသားအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



# ဟေတီနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ဒေသခံပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

**ဆန်တိုဒိုမင်ဂို ဩဂုတ် ၂၂**

ဟေတီနိုင်ငံ အနောက်တောင်ပိုင်း၌ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း အင်အားပြင်း ငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီးနောက် လက်ရှိအချိန်တွင် ဒေသခံပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဩဂုတ် ၁၄ ရက်တွင် အင်အား ၇ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ၂၁၈၉ ဦး သေဆုံးပြီး ၁၂၂၆၈ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၃၂၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အစိုးရအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် ငလျင်ဘေးသင့်ဒေသများသို့ သောက်သုံးရေ၊ စားနပ်ရိက္ခာနှင့် အခြားသော ထောက်ပံ့မှုများ ပို့ဆောင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

စားနပ်ရိက္ခာ ပို့ဆောင်သည့် ကယ်ဆယ်ရေးယာဉ်များအနီး၌ လူများစုဝေးလျက်ရှိပြီး စားနပ်ရိက္ခာများကို လုယက်ကာ အချင်းများနေပုံများကို မှတ်တမ်းတင်ဗီဒီယိုများတွင် ကြည့်ရှုနိုင်သည်။

ကုလသမဂ္ဂအဖွဲ့ ဒုတိယအတွင်းရေးမှူးချုပ် အာမီနာ မိုဟာမက်က ငလျင်ဘေးသင့်ဒေသသို့ သွားရောက်ပြီး ယင်းဒေသ၌ ရေရှည်ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂအဖွဲ့က ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး အစိုးရ၏ဦးဆောင်မှုကို ထောက်ပံ့ပေးမည့်အပြင် အရေးပေါ်ထောက်ပံ့မှုများလည်း ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၄၆ သန်းကျော် ရှိလာ



**အဒစ်အဘာဘာ ဩဂုတ် ၂၂**

အာဖရိကတိုက်၌ ယမန်နေ့မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၄၆၆၁၈၇ ဦး ရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၇၉၆၉ ဦး ရှိကြောင်းနှင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၆၅၇၈၄၀၃ ဦး ရှိလာကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံနှင့် အီသီယိုပီးယားနိုင်ငံတို့သည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၆၆၆၉၆၄ ဦး ရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၇၉၉၇၇၅ ဦးရှိကြောင်း သိရသည်။ အာဖရိကတိုက်၌ ဒေသအလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုတွင် အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ဒုတိယအများဆုံးဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ဆော်ဒီအာရေဗျ၌ ဆယ်ကျော်သက်များအတွက် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အတည်ပြု

**ရီယာ့ဒ် ဩဂုတ် ၂၂**

ဆော်ဒီအာရေဗျအစိုးရသည် အမေရိကန်နိုင်ငံထုတ် Moderna ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့် ၁၇ နှစ်အကြား ဆယ်ကျော်သက်များအား ထိုးနှံပေးရန် အတည်ပြုလိုက်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ယနေ့ဖော်ပြထားသည်။

Moderna ဆေးဝါးကုမ္ပဏီက ၎င်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အဆိုပါအသက်အုပ်စုအတွက် အတည်ပြုရန် ဆော်ဒီအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့ထံသို့ လျှောက်ထားခဲ့ပြီးနောက် အစိုးရအနေဖြင့် ယခုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။

ကာကွယ်ဆေးအပေါ်လေ့လာမှုများ၊ ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုအပါအဝင် အထူးလိုအပ်ချက်များ ပြည့်မီသည့် အထောက်အထားကို Moderna ဆေးဝါးကုမ္ပဏီက ဆော်ဒီအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအာဏာပိုင်အဖွဲ့သို့ ပေးပို့ခဲ့ကြောင်း သတင်းအေဂျင်စီက ဖော်ပြသည်။ Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၏ ထိရောက်မှုသည် ဆယ်ကျော်သက်အရွယ်များအတွက် များစွာအကျိုးရှိကြောင်း ကာကွယ်ဆေးအပေါ် လေ့လာတွေ့ရှိချက်များအရ သိရသည်။

ဆော်ဒီအရေဗျနိုင်ငံ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မခံယူသော ကျောင်းသားများကို ကျောင်းဝင်ခွင့် တားမြစ်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ဆော်ဒီပညာရေးဝန်ကြီးက ယမန်နေ့တွင် ကြေညာသည်။ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခြင်းမရှိပါက အဆိုပါ ကျောင်းသားများကို ပျက်ကွက်အဖြစ် သတ်မှတ်ထားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးက ထပ်မံပြောကြားသည်။

ဆော်ဒီအစိုးရသည် ဩဂုတ် ၂၉ ရက်မှစ၍ ပညာသင်နှစ်စတင်ရန် စီစဉ်ထားရာ ကျောင်းသားများနှင့် ကျောင်းဝန်ထမ်းများ၏ ကျန်းမာရေး ဘေးကင်းလုံခြုံမှု ရရှိစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် Moderna ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၇ နှစ်နှင့်အထက် ပြည်သူများအတွက် ယခုနှစ် ဇူလိုင် ၉ ရက်က ပထမဆုံးအဖြစ် အတည်ပြုခဲ့သည်။ ထို့အပြင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုလည်း အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ကြောင်း သိရသည်။

**ကိုးကား-အက်စ်ပီအေ၊ ဘာသာပြန်-ဂျေတီ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၂ ဒသမ ၄၂ သန်းကျော် ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၉၄၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၂၄၂၄၂၃၄ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၀၃ ဦး ထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၄၃၄၃၆၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၅၃၃၉၈ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၈၄၈၇ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါမှပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၁၆၃၆၄၆၉ ဦးရှိလာကြောင်း သိရသည်။

အဆိုပါ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ အရေအတွက်သည် ၂၀၂၀ ပြည့်နှစ် မတ်လနောက်ပိုင်း အမြင့်ဆုံးဖြစ်ပြီး ၉၇ ဒသမ ၅၇ ရာခိုင်နှုန်းအထိ ရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၆၄ ဦးရှိ

**မော်စကို ဩဂုတ် ၂၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၅၆၄ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၇၄၇၀၈၇ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ဩဂုတ် ၂၂ ရက်တွင် ပြောကြားသည်။




ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၆၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူစုစုပေါင်း ၁၇၆၀၄၄ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၅၄၁၄ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူစုစုပေါင်း ၆၀၁၉၄၆၆ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၅၅၄၈၂၄ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အများဆုံးမြို့များတွင် စိန့်ပီတာစဘတ်မြို့သည် မြို့တော်မော်စကိုနောက်တွင် ဒုတိယ အများဆုံးဖြစ်ပြီး စိန့်ပီတာစဘတ်မြို့၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည် ကျန်းမာလာသူ |
|---|---|---|---|
| | ၂၁၂၃၃၁၄၇၀ | ၄၄၄၁၀၃၀ | ၁၈၉၉၅၁၂၁၃ ဦး |

## ပြည်တွင်းရေးရာ

# ဓနုဖြူမြို့နယ် အကျော်ချောင်းမအတွင်း ငါးကောင်ရေ ငါးသိန်းစိုက်ထည့်




**ဓနုဖြူ ဩဂုတ် ၂၂**

ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ သဘာဝမြစ်ချောင်း၊ အင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသတွင်း ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပိုမိုစားသုံးနိုင်ရေးရည်ရွယ်လျက် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အကျော်ကျေးရွာ အကျော်ချောင်းမ၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဆန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်မြင့်နိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ကြူကြူသင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပန်းတနော်စခန်းတာဝန်ခံ ဒေါ်သင်းပပထွန်းနှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အင်းသားကြီးများနှင့် ရေလုပ်သားကြီးများ တက်ရောက်ကြပြီး နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၃ စီး၊ သွင်းကုန် ၂၄ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၉၀၀ သန်း) တန်ဖိုးရှိတရားဝင်စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cotton Bed Sheet (180U) အား သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ **မိုး/ဇလ**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၂**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

### မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၂**

ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

---

## "အဂတိပယ်ခွာ ပြည်သာယာ"

**Remove Corruption, Promote Prosperity**

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၄ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၈-၂၀၂၁ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | မြန်မာ့ကျက်သရေတက်နေ့ဂုဏ်ရည် ယှဉ်ထည် |
| ၀၉:၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | ပြည်သူ့နီတိ 'တစ်ကောင်ကြွက်' |
| ၁၃:၁၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်' |
| ၁၆:၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ |
| ၁၇:၀၅ | This Week's Special Interest |
| ၁၇:၃၅ | ကျန်းမာရေးမဂ္ဂဇင်း 'ကျန်းမာရေး အတွက်တိုင်းရင်းဆေးပညာ' |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | တောင်ငွေ့ဝေဝေ မဲဇာမြေ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၅၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ |
| ၂၁:၂၅ | ဝသာန်ဒါဇီတေးသံသီ ပျော်မြေမှုအစီအစဉ် |
| ၂၁:၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၅) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:26 | Tray Art Products |
| 07:36 | ALMS BOWL |
| 07:55 | Myanma Toddy Palm, A Source of Rural Income |
| 08:00 | Myanmar Masterclass: Artist Khin Maung Zaw |
| 08:09 | Myanmar Traditional Instruments (MYANMA OBOE) |
| 08:35 | Myanmar Traditional Identity (EP- 4) Tumbling Doll, Pyit Tine Htaung |
| 08:47 | Gardener: King Orange Plantation |
| 09:01 | Visiting A Serene Village In The Northwest Of Myanmar |
| 09:17 | Kyaw Min Thu (Winner) Lose2Win With Andy |
| 09:29 | Trend of Kachin Dress |
| 09:56 | Myanmar Street Foods |
| 10:54 | Scented Buddha Images |
| 11:20 | Handmade Artisan Ye`Linn Oo |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
မျှစ်ရှာထွက်မယ်

**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဝါးဆစ်ဘူးတာလပေါ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အောင်မြင်ဖြစ်ထွန်းတဲ့ စပျစ်စိုက်ခင်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သာယာလှပဝင်းရော်ဒေသ

**ချင်း (လိုင်ရိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ကြာပန်းများပျော်စံရာဇိန်မှုတောင်

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
သာယာလှပတဲ့ နမ့်ဖေးရေတံခွန်ဆီသို့

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ရိုးရာဒေါ်ပုတ်ထောင်းစားကြရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၄) |
| ၁၁:၀၀ | 'အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၄) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၁၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်ပြီးစီးသည့်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

**သွားရောက်ကြည့်ရှု**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၀၇ ဦးနှင့် အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၃၂၈ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း လေးဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၉၈ ဦးနှင့် အမျိုးသမီး ၉၈ ဦး စုစုပေါင်း ၁၉၆ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၄၇ ဦး နှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၆၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် လူထုအခြေပြုဖျားနာကုဆေးခန်း ပြင်ဆင်ထားရှိမှုနှင့် ကုသပေးနေမှုကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ်တွင် အာဆီယံအဆင့် ပြိုင်ပွဲနှစ်ခုသာ ကျင်းပရန် စီစဉ်ထား

**ရန်ကုန် ဩဂုတ် ၂၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယခုနှစ်တွင် အာဆီယံအဆင့်ပြိုင်ပွဲ နှစ်ခုသာ ကျင်းပရန် စီစဉ်ထားသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ယခုနှစ်တွင် ပြိုင်ပွဲကိုးခုကျင်းပရန် စီစဉ်ထားသော်လည်း ကပ်ရောဂါကူးစက်မှုမြင့်တက်လာပြီးနောက်ပိုင်း ပြိုင်ပွဲ အနည်းငယ်သာ ပြုလုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ၊ ဒီဇင်ဘာ ၅ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ အာဆီယံဆူဇူကီးဖလား ပြိုင်ပွဲတို့ ကျင်းပသွားမည်ဖြစ်သည်။ ယခင်က အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတစ်ခုတည်းသာ ကျင်းပရန် စီစဉ်ထားသော်လည်း အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကိုပါ ပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ထိုင်းနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲကိုမူ ပြိုင်ပွဲကျင်းပမည့်ပုံစံ ရွေးချယ်ရခြင်းမရှိသေးပေ။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ်အသင်း ယှဉ်ပြိုင်ရန် မသေချာသေးကြောင်း သိရသည်။ မြန်မာကလပ်အသင်းများအနေဖြင့် ကပ်ရောဂါကြောင့် ကာလရှည်လေ့ကျင့်မှုပြတ်ထားသလို ပြိုင်ပွဲကျင်းပမည့်အကြောင်းကို တစ်လဝန်းကျင်အလိုမှ ထုတ်ပြန်သဖြင့် ပြင်ဆင်ချိန်မရှိရာ ယှဉ်ပြိုင်ရန် မသေချာသေးခြင်းဖြစ်သည်။

ယခုနှစ်တွင် ကျင်းပရန်စီစဉ်ထားသည့် ပြိုင်ပွဲများ အနက် ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ခုနစ်ခုကိုမူ ဖျက်သိမ်းရန် သေချာသလောက်ရှိနေကြောင်း သိရသည်။

**ကိုညီလေး**

# လက်ရှိကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးတွေသည် 'ဒယ်လ်တာ' မျိုးဗီဇပြောင်းပိုး အပါအဝင် အခြားမျိုးဗီဇကွဲတွေကို ကောင်းစွာနှိမ်နင်းနိုင်ပါတယ်၊ ကာကွယ်နိုင်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၁၈ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

ထက်လျှံ

**အစီအစဉ်မှူး။** ။ **နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။**

**ကမ္ဘာပေါ်မှာတွေ့ရှိရတဲ့ ဗီဇပြောင်းပိုးတွေက ဘာကြောင့်တွေ့ရှိရတာလဲ၊ ဗီဇပြောင်းပိုးတွေက ဘယ်လိုအကျိုးသက်ရောက်မှုတွေဖြစ်စေသလဲဆိုတာနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** ။ လက်ရှိ ကမ္ဘာပေါ်မှာ ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၈ ရက် ထုတ်ပြန်ချက်အရ ၂၀၈ ဒသမ ၆ သန်း ရှိပါတယ်။ ယခု ကိုဗစ် – ၁၉ ရောဂါနဲ့ ရင်ဆိုင်နေရတာ ၁၉ လ ရှိပြီဖြစ်ပါတယ်။ ရောဂါကူးစက်သူ သန်းတစ်ရာ ဖြစ်ဖို့အတွက် ၁၃ လကြာပါတယ်။ နောက်ထပ် ကိုဗစ်ရောဂါကူးစက်သူ သန်းတစ်ရာဖြစ်ဖို့ ခြောက်လပဲ ကြာပါတယ်။ ဘာကိုပြောချင်တာလဲဆိုရင် ရောဂါကူးစက်မှုက မြန်ဆန်နေတယ်လို့ ပြောခြင်းဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူ ၄ ဒသမ ၄ သန်းနီးနီး ဖြစ်နေပြီဖြစ်ပါတယ်။ ဒီလို သေဆုံးမှုတွေ၊ ကူးစက်မှုတွေများနေတဲ့အတွက် ကိုဗစ် – ၁၉ ရောဂါကို လုံးဝလျှော့တွက်လို့မရတဲ့ အနေအထားဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ဖြစ်စေတဲ့ SARS–CoV–2 ဗိုင်းရပ်စ်က RNA ဗိုင်းရပ်စ်ဖြစ်ပါတယ်။ RNA ဗိုင်းရပ်စ်ဖြစ်ဖြစ်၊ DNA ဗိုင်းရပ်စ်ဖြစ်ဖြစ် သူတို့ရဲ့ ဗိုင်းရပ်စ်မျိုးရိုးဗီဇတည်တံ့ဖို့၊ ဆက်လက်ရှင်သန်နိုင်ဖို့အတွက် အမြဲတမ်းပြောင်းလဲနေပါတယ်။ ပြောင်းလဲတယ်ဆိုတာ ဗိုင်းရပ်စ်ရဲ့ ဝိသေသ လက္ခဏာတစ်ခုဖြစ်ပါတယ်။ ဘယ်လိုအခါမှာပြောင်းလဲသလဲဆိုရင် လူတစ်ယောက်ကနေ တစ်ယောက်ကို ကူးစက်မှုတွေဖြစ်ပြီဆိုတာနဲ့ ဗိုင်းရပ်စ်က ပြောင်းလဲဖို့အတွက် အခွင့်အရေးရတာ ဖြစ်ပါတယ်။

### မျိုးဗီဇပြောင်းလဲ

DNA ဗိုင်းရပ်စ်နဲ့နှိုင်းစာရင် RNA ဗိုင်းရပ်စ်က မျိုးဗီဇပြောင်းတာမြန်ပါတယ်။ ဒါကလည်း ထူးခြားချက်တစ်ခုဖြစ်ပါတယ်။ ဘာဖြစ်လို့ RNA ဗိုင်းရပ်စ်က မျိုးဗီဇပြောင်းတာ ဘာကြောင့်မြန်ရသလဲဆိုရင် သူ့မှာအကြောင်းအချက် နှစ်ချက်ရှိပါတယ်။ ဒါက RNA ဗိုင်းရပ်စ်တွေမှာပါဝင်တဲ့ Ribose Sugar က ဓာတ်ဖွဲ့စည်းပုံအရ အောက်ဆီဂျင်တစ်လုံး အပိုပါပါတယ်။ အပိုပါတဲ့အတွက်ကြောင့် သူ့ရဲ့ မျိုးဗီဇပြောင်းလဲမှုဖြစ်စဉ်မှာ ဒီအောက်ဆီဂျင်က မတည်မြဲဘူး။ တစ်ခုခုနဲ့ ပေါင်းဖို့လွယ်တဲ့အတွက်ကြောင့် ပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်သွားရခြင်းဖြစ်ပါတယ်။ ဒါက ပထမအချက် ဖြစ်ပါတယ်။

ဒုတိယအချက်က RNA ဗိုင်းရပ်စ်မှာ အဓိကပါဝင်တဲ့ ပရိုတင်းအုပ်စုထဲမှာ 'Uracil' ပါတယ်။ DNA ဗိုင်းရပ်စ်မှာ 'Thymine' ဆိုတဲ့ 'ပရိုတင်း' ပါတယ်။ DNA ဗိုင်းရပ်စ်မှာပါတဲ့ 'Thymine' က RNA ဗိုင်းရပ်စ်မှာပါတဲ့ 'Uracil' ထက် တောင့်တောင့်တင်းတင်းနဲ့ ကြံ့ကြံ့ခံနိုင်ပါတယ်။ သို့သော် RNA ဗိုင်းရပ်စ်မှာရှိနေတဲ့ 'Uracil' ကပျော့တဲ့အတွက် အလွယ်တကူ ပြိုကွဲလွယ်တာကြောင့် ပြောင်းလဲဖို့ ပိုပြီးဖြစ်နိုင်တယ်လို့ ပညာရှင်တွေက ပြောပါတယ်။

### ပိုပြီးမြန်ဆန်

အချုပ်အနေနဲ့ ဗိုင်းရပ်စ်ဟာအမြဲတမ်းပြောင်းလဲနေပါတယ်။ RNA ဗိုင်းရပ်စ်ဟာ DNA ဗိုင်းရပ်စ်ထက် ပြောင်းလဲမှုတွေက ပိုပြီးမြန်ဆန်ပါတယ်။ RNA ဗိုင်းရပ်စ်မျိုးနွယ်တွေက အသည်းရောင်အသားဝါ 'စီ' ဗိုင်းရပ်စ်၊ အီဘိုလ်လာဗိုင်းရပ်စ်၊ ဆားစ်ရောဂါဗိုင်းရပ်စ်၊ ရာသီတုပ်ကွေးဗိုင်းရပ်စ်၊ ပိုလီယိုဗိုင်းရပ်စ်၊ ဝက်သက်ရောဂါဖြစ်စေတဲ့ 'မီဆယ်လ်' ဗိုင်းရပ်စ်၊ HIV ဖြစ်စေတဲ့ 'ရီထရို' ဗိုင်းရပ်စ်တွေက သူတို့ရဲ့ အပေါင်းအပါ မျိုးနွယ်စုတွေ ဖြစ်ပါတယ်။ ကံကောင်းတာတစ်ခုက RNA ဗိုင်းရပ်စ်ထဲမှာ ကိုဗစ် – ၁၉ ရောဂါ ဖြစ်စေတဲ့ SARS–CoV–2 ဗိုင်းရပ်စ်က တခြား RNA ဗိုင်းရပ်စ်တွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ပြောင်းလဲမှုနည်းတာကို တွေ့ရပါတယ်။ ဒီလိုပြောင်းလဲမှုနည်းပေမယ့် ကမ္ဘာကြီးကိုဒုက္ခပေးနေတာ သိစေချင်ပါတယ်။

လက်ရှိ ကိုဗစ် – ၁၉ ရောဂါနဲ့ပတ်သက်ပြီး ဗီဇပြောင်းမျိုးကွဲ (Variants) တွေ ဘယ်လောက်ရှိတယ်ဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဩဂုတ်လ ၁၀ ရက် ထုတ်ပြန်ချက်အရ တင်ပြသွားမှာ ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါဟာ Mutations လို့ခေါ်တဲ့ ပြောင်းလဲမှုဖြစ်စဉ်တွေလုပ်ပါတယ်။ Mutations ဆိုတာ နဂိုမူလရှိပြီးသား အခြေအနေက ပြောင်းလဲမှုဖြစ်သွားတာဖြစ်ပါတယ်။ ဒီလို ပြောင်းလဲတဲ့အခါမှာ အောင်မြင်တဲ့ Mutations ကနေ ဗီဇပြောင်းမျိုးကွဲ (Variants) ဆိုတာ ဖြစ်လာပါတယ်။

လက်ရှိဗီဇပြောင်းမျိုးကွဲ (Variants) မှာ Variants of Concern နဲ့ Variants of Interest ဆိုပြီး နှစ်မျိုးရှိပါတယ်။ Variants of Concern ရဲ့ သဘောက ရောဂါကူးစက်မှုတွေ မြန်ဆန်တယ်၊ ရောဂါပြင်းထန်စေတယ်၊ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှုကို အတိုင်းအတာတစ်ခုအထိ ခံနိုင်ရည်ရှိတယ်ဆိုတာကို ဓာတ်ခွဲစမ်းသပ် သုတေသနပြုမှုတွေအရ သိရပါတယ်။ လက်ရှိမှာ Variants of Concern က လေးမျိုးရှိပါတယ်။ ဒါတွေက ယူကေနိုင်ငံမှာ စတွေ့တဲ့ B.1.1.7 လို့ခေါ်တဲ့ 'အယ်လ်ဖာ' မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာလည်း တွေ့ရှိပြီးဖြစ်ပါတယ်။

နောက်တစ်ခုက တောင်အာဖရိကနိုင်ငံမှာ တွေ့တဲ့ B.1.351 လို့ခေါ်တဲ့ 'ဘီတာ' မျိုးကွဲဖြစ်ပါတယ်။ ဒါကိုလည်း မြန်မာနိုင်ငံမှာ တွေ့ရှိပြီးဖြစ်ပါတယ်။ နောက် ဘရာဇီးနိုင်ငံမှာတွေ့တဲ့ P.1 လို့ခေါ်တဲ့ 'ဂါမာ' မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာ မတွေ့ရှိပါဘူး။



ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Sinopharm

နောက်ဆုံးတစ်ခုက အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိတဲ့ B.1.617.2 လို့ခေါ်တဲ့ 'ဒယ်လ်တာ' မျိုးကွဲဖြစ်ပြီး မြန်မာနိုင်ငံမှာ ရှိပါတယ်။ ဒါဆိုရင် မြန်မာနိုင်ငံမှာ Variants of Concern က လေးမျိုးအနက် သုံးမျိုးရှိတယ်လို့ ပြောလို့ရပါတယ်။

### သုတေသနတွေလုပ်ဆောင်

နောက် ဗီဇပြောင်းမျိုးကွဲ (Variants) မှာ Variants of Interest ဆိုပြီး ရှိပါတယ်။ Variants of Interest က သူ့ရဲ့ ရောဂါပြင်းထန်စေမှု၊ ရောဂါကူးစက်လွယ်မှု၊ ကာကွယ်ဆေးပေါ် သက်ရောက်မှုနဲ့ ဓာတ်ခွဲခန်းတွေအပေါ် သက်ရောက်မှုတွေကို သိရှိနိုင်ဖို့အတွက် သုတေသနတွေ လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ ဇူလိုင်လအထိ Variants of Interest က ခုနစ်မျိုးအထိ ရှိတယ်လို့ ဆွေးနွေးခဲ့ပါတယ်။ ယခု ဩဂုတ်လ ၁၃ ရက် ထုတ်ပြန်ချက်တွေအရ Variants of Interest က ခုနစ်မျိုးကနေ လေးမျိုး ဖြစ်သွားပါတယ်။

ဒီ လေးမျိုးထဲမှာ ပထမတစ်ခု 'အီတာ'(Eta) လို့ခေါ်တဲ့ B.1.525 ဖြစ်ပါတယ်။ နိုင်ငံအတော်များများမှာ စတင်တွေ့ရှိရတဲ့ ဗီဇပြောင်းပိုးဖြစ်ပါတယ်။ နောက်တစ်ခု 'လိုတာ' (Lota) လို့ခေါ်တဲ့ B.1.526 ဖြစ်ပြီး အမေရိကန်နိုင်ငံမှာ စတင်တွေ့ရှိတာဖြစ်ပါတယ်။ နောက် 'ကပ်ပါ' (Kappa) လို့ခေါ်တဲ့ B.1.617.1 ဖြစ်ပါတယ်။ သူ့ကို အိန္ဒိယနိုင်ငံမှာ စတင်တွေ့ရှိပြီး မြန်မာနိုင်ငံမှာလည်း တွေ့ရပါတယ်။ နောက်ဆုံးတစ်ခုက 'လမ်ဘဒါ' (Lambda) လို့ခေါ်တဲ့ C.37 ဖြစ်ပါတယ်။ Variants of Interest အနေနဲ့ လေးမျိုးရှိတယ်ဆိုတာကို ပြည်သူတွေကို သိစေချင်ပါတယ်။

Variants of Interest တစ်ခုဖြစ်တဲ့ 'လမ်ဘဒါ' နဲ့ပတ်သက်ပြီး ပီရူးနိုင်ငံမှာ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လက စတင်တွေ့ရှိခဲ့ပြီး အခုဆိုရင် တွေ့ရှိတာ တစ်နှစ်ပြည့်ပြီ ဖြစ်ပါတယ်။ ပီရူးနိုင်ငံမှာ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုတွေရဲ့ ၉၇ ရာခိုင်နှုန်းက 'လမ်ဘဒါ' ကြောင့် ဖြစ်ပါတယ်။ ကျန်တဲ့နိုင်ငံတွေမှာ 'လမ်ဘဒါ' အနေနဲ့ ပြောပလောက်အောင်မရှိပါဘူး။ လက်ရှိ 'လမ်ဘဒါ' အနေနဲ့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ နိုင်ငံပေါင်း ၂၉ နိုင်ငံကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အမေရိကမှာ 'လမ်ဘဒါ' ရောဂါပိုးတွေ့ရှိသူ တစ်ထောင်ကျော်ရှိနေပြီဖြစ်ပါတယ်။ ယူကေနိုင်ငံမှာ 'လမ်ဘဒါ' ရောဂါပိုးတွေ့ရှိသူ ရှစ်ဦး တွေ့ရှိနေပြီလို့ ပြောပါတယ်။

ဩဂုတ်လ ၁၃ ရက်မှာ ဂျပန်နိုင်ငံမှာ 'လမ်ဘဒါ' ရောဂါပိုးကို ပီရူးနိုင်ငံကနေ ပြန်လာတဲ့ အသက် ၃၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးမှာတွေ့ရှိတယ်လို့ သိရပါတယ်။ ဩဂုတ်လ ၁၅ ရက်မှာ ဖိလစ်ပိုင်နိုင်ငံက အသက် ၃၀ ဝန်းကျင် အမျိုးသမီးထံမှာ 'လမ်ဘဒါ' ရောဂါပိုးတွေ့ရှိတယ်လို့ သိရပါတယ်။ ဂျပန်နိုင်ငံသည် အာရှတိုက်ထဲမှာ ပါပါတယ်။ ဖိလစ်ပိုင်နိုင်ငံသည် အနောက်ပစိဖိတ်ဒေသမှာ ပါပါတယ်။ 'လမ်ဘဒါ' ပိုးတွေ့ရှိမှုက တောင်အမေရိကတိုက်ရှိ နိုင်ငံအချို့ကလွဲပြီး အလွန် နည်းပါသေးတယ်။ 'လမ်ဘဒါ' ရောဂါပိုးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း Variants of Concern လို့ သတ်မှတ်ထားခြင်းမရှိပါဘူး။ 'လမ်ဘဒါ' ရောဂါပိုးဟာ Variants of Interest အဆင့်မှာ ရှိပါတယ်။

'လမ်ဘဒါ' ဗီဇပြောင်းပိုးဟာ ကိုဗစ် ကာကွယ်ဆေးတွေရဲ့ အကျိုးသက်ရောက်မှုကို လျော့စေသလားဆိုတာနဲ့ပတ်သက်ပြီး သုတေသနတစ်ခုက အနည်းငယ်လျော့နည်းစေကြောင်း ပြောထားပါတယ်။ ဒါကိုသက်သေပြနိုင်ဖို့ သုတေသနတွေ များစွာလိုအပ်နေပါသေးတယ်။ ကာကွယ်ဆေးတွေ အလုပ်လုပ်တာနဲ့ ရောဂါကူးစက်ခံရပြီးရင် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံစွမ်းအားပဋိပစ္စည်းဖြစ်စေတဲ့သဘောကို တိတိကျကျ သေသေချာချာ နားလည်ပြီဆိုရင် ဗီဇပြောင်းပိုးတွေအပေါ် သိပ်စိုးရိမ်စရာ မလိုဘူးဆိုတာကို သိစေချင်ပါတယ်။

**အစီအစဉ်မှူး။** ။ **ကာကွယ်ဆေးထိုးထားပြီးရင် ဗီဇပြောင်းမျိုးကွဲတွေကို ခံနိုင်ရည်ရှိသလားဆိုတာကို ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး။** ။ လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေဟာ

**စာမျက်နှာ ၁၇ သို့**

❂ စာမျက်နှာ ၁၆ မှ

'ဒယ်လ်တာ' ဗိုင်းရပ်စ် အပါအဝင် ဗီဇပြောင်း မျိုးကွဲတွေကို ၆၀ ရာခိုင်နှုန်းအထက် ကောင်းစွာ ကာကွယ်နိုင်တယ်လို့ ပြောထားပါတယ်။ ရောဂါလက္ခဏာပေါ်တဲ့ ကိုဗစ် – ၁၉ ဖြစ်ပွားမှုကို ၇၀ ကနေ ၉၀ ရာခိုင်နှုန်းကျော် ကာကွယ်နိုင်ပါတယ်။ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုနဲ့ သေဆုံးမှုတွေကို ၉၀ ရာခိုင်နှုန်းအထက် ကာကွယ်နိုင်တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောထားပါတယ်။

ဒီနေရာမှာ Medscape ဆေးပညာဂျာနယ်မှာ ထုတ်ပြန်ထားတဲ့ ထုတ်ပြန်ချက်အရ ကာကွယ်ဆေးတွေရဲ့ ကာကွယ်နိုင်စွမ်း အာနိသင်လျော့နည်းသွားချိန်မှာတောင် ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က ကောင်းစွာအလုပ်လုပ်နိုင်စွမ်းရှိတယ်ဆိုတဲ့ တွေ့ရှိချက်တွေ ရှိပါတယ်။

**ကိုယ်ခံအားစနစ်**

ကိုယ်ခံအားစနစ်က ဘယ်လိုအလုပ်လုပ်လဲဆိုရင် ရောဂါပိုးဝင်ရောက်လာတဲ့အခါ ကိုယ်ခံအားစနစ်က ပုံစံသုံးမျိုးနဲ့ အလုပ်လုပ်ပါတယ်။ နံပါတ်တစ် အများစိတ်ဝင်စားတဲ့ ပဋိပစ္စည်း (Antibody) ဖြစ်ပါတယ်။ Antibody က ရှေ့တန်းခံစစ်ဖြစ်ပါတယ်။ ရောဂါပိုးတစ်ခုခုဝင်လာပြီဆိုရင် Antibody တွေက အမြန်ဆုံးထွက်လာပါတယ်။ တစ်နည်းအားဖြင့် သူတို့တွေက ညှော်ကြိုတွေဖြစ်ပါတယ်။ ညှော်သည်ဆိုးဆိုရင် သူတို့က မောင်းထုတ်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။

Antibody တွေအနေနဲ့ အားနည်းလာပြီး မနိုင်တော့ဘူးဆိုရင် ကျွန်မတို့ ခန္ဓာကိုယ်ထဲမှာ 'T Cell' တွေ ရှိပါတယ်။ နောက် 'Memory B Cell' တွေရှိပါတယ်။ 'T Cell' နဲ့ 'Memory B Cell' တွေက ခုနကပြောသလို ဝင်လာတဲ့ရောဂါပိုးကို တိုက်ထုတ်ပါတယ်။ နောက်ထပ် မလာနိုင်အောင် တားဆီးပိတ်ပင်ပါတယ်။ ဥပမာ ဗိုင်းရပ်စ်က ခန္ဓာကိုယ်ထဲ၊ ဆဲလ်ထဲကို ဝင်သွားပြီဆိုရင် ပထမဦးဆုံး ခန္ဓာကိုယ်ရဲ့ Immune System ကိုယ်ခံစွမ်းအားစနစ်က ကျူးကျော်သူတွေ ဝင်လာပြီဆိုပြီး အချက်ပေးပါတယ်။ ခန္ဓာကိုယ်မှာရှိတဲ့ ကြည်း၊ ရေ၊ လေ စစ်ကြောင်း သုံးခုပူးပေါင်းပြီး စစ်ပွဲအသွင်နဲ့ တိုက်ခိုက်တယ်လို့ ဆိုထားပါတယ်။

သူတို့က ဘယ်လိုတိုက်ခိုက်တာလဲဆိုရင် ခန္ဓာကိုယ်ရဲ့ 'T Cell' တွေရှိပါတယ်။ အကူအညီပေးတဲ့ 'T Cell' နဲ့ ပါးကွက်အာဏာသားနဲ့တူတဲ့ 'Killer T Cell' ဆိုပြီးရှိပါတယ်။ အကူအညီပေးတဲ့ 'T Cell' က ရောဂါပိုးဝင်လာပြီဆိုရင် ရောဂါပိုးကို မှတ်မိအောင်လုပ်ပါတယ်။ 'B Cell' တွေကို သူက နှိုးဆွလုပ်ပါတယ်။ တာဝန်ကျပြီဆိုပြီး နှိုးဆော်လိုက်ပါတယ်။ နှိုးလိုက်တော့ 'B Cell' တွေက Antibody တွေထုတ်လုပ်ပြီး အကျအနတိုက်ခိုက်ပါတယ်။ 'Killer T Cell' တွေက ခန္ဓာကိုယ်အတွက် လက်မရွံ့တပ်သားတွေဖြစ်ပြီး ဝင်ရောက်လာတဲ့ ရောဂါပိုးကို ရှင်းလင်းပါတယ်။

'T Cell' ရဲ့ လုပ်ငန်းဆောင်တာသည် ရောဂါပိုးဝင်ရောက်မှုကို ကာကွယ်တိုက်ခိုက်ရာမှာ အတိုင်းအတာတစ်ခုအထိ ပါဝင်ပတ်သက်နေပေမယ့်သူက 'B Cell' တွေရဲ့ အလုပ်တွေ လုပ်ကိုင်နိုင်အောင် လိုအပ်သလို ချိန်ညှိပေးပါတယ်။ 'B Cell' တွေကို မင်းတို့အလှည့် တာဝန်ကျပြီဆိုပြီး နှိုးဆော်ပါတယ်။ ရောဂါပိုးတွေကို အပြီးရှင်းလင်းတဲ့ ကိစ္စတွေကိုလည်း ဆောင်ရွက်ပါတယ်။ ဒါက 'T Cell'တွေသည် 'B Cell'တွေနဲ့ ဘယ်လိုပေါင်းပြီး အလုပ်လုပ်သလဲဆိုတာကို ပြောခြင်းဖြစ်ပါတယ်။

'T Cell' တွေက အလုပ်လုပ်တဲ့အခါ နောက်ကနေ ထောက်လှမ်းပါသေးတယ်။ ဗိုင်းရပ်စ်ရဲ့ အပိုင်းအစလေးတွေ ရှိနေသလားဆိုတာ ထောက်လှမ်းပြီး ခန္ဓာကိုယ်ထဲမှာ ထပ်ပြီး တိုက်ခိုက်ဖို့အတွက် နှိုးဆော်ပါတယ်။ 'T Cell' က သူများကို အလုပ်လုပ်ခိုင်းရုံတင်မကဘူး။ သူက ဆက်ပြီးတော့ ဗိုင်းရပ်စ်က ဝင်ရောက်သွားတယ်။ ဒါမှမဟုတ် ဗိုင်းရပ်စ်နဲ့ဆင်တူအောင်လုပ်ထားတဲ့ ကာကွယ်ဆေးတွေထိုးနှံလိုက်တဲ့အခါ တိုက်ခိုက်ဖို့ အတွက် ကိုယ်ခံအားတွေ ပြင်ဆင်တာကိုလည်း လုပ်ပါတယ်။

'Memory B Cell' တွေက အကြွင်းအကျန်တွေကို ရှင်းထုတ်နိုင်တဲ့အပြင် နောက်ထပ် မှတ်သားနိုင်တဲ့ မှတ်ဉာဏ်တွေလည်းရှိပါတယ်။ တချို့တွေဆိုရင် သူက ဆယ်စုနှစ်နဲ့ချီပြီး မှတ်မိနိုင်တဲ့ မှတ်ဉာဏ်တွေရှိပါတယ်။ ဆင်တူယိုးမှားတွေ လာလိုက်ပြီဆိုတာနဲ့ တိုက်ခိုက်ပါတယ်။ လက်ရှိအနေအထားအရ ကာကွယ်ဆေးကြောင့်ပဲဖြစ်ဖြစ်၊ ရောဂါပိုးဝင်ရောက်ခံရလို့ပဲဖြစ်ဖြစ် ရှိတဲ့ကိုယ်ခံအားတွေက လျော့သွားရင်တောင် 'Memory B Cell' တွေက ဆက်ပြီး အလုပ်လုပ်နေဆဲဖြစ်ပါတယ်။ ဒါဟာ ဝမ်းသာစရာကောင်းတဲ့ သတင်းဖြစ်တယ်လို့ ပညာရှင်တွေက ပြောပါတယ်။ 'Memory B Cell' တွေက ခန္ဓာကိုယ်ထဲကို ရောဂါပိုး ဝင်ရောက်လာတာနဲ့ မှတ်မိပြီး ကိုယ်ခံအားစနစ်ကို အလုပ်လုပ်နိုင်အောင် လှုံ့ဆော်ပါတယ်။

ရောဂါပိုးတိုက်ထုတ်ရာမှာ Antibody တင်မကဘူး။ 'B Cell' တွေရော၊ 'T Cell' တွေရော အချိုးညီညီ အလုပ်လုပ်ပါတယ်။ ဒါကြောင့် Cellular Immunity ဆိုတာလည်း အရေးကြီးတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

ကာကွယ်ဆေးတွေထိုးနှံလိုက်တယ်ဆိုရင် ရောဂါပြင်းထန်စွာခံစားရမှု၊ သေဆုံးမှုတွေကို လျော့ကျအောင် ဆောင်ရွက်တာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံလိုက်သူက ၁၀၀ ရာခိုင်နှုန်းတော့ ကာကွယ်နိုင်မှုမရပါဘူး။ ကာကွယ်ဆေးတွေ ထိုးလိုက်ရင် ရောဂါပြင်းထန်စွာခံစားရမှု၊ ကိုဗစ် – ၁၉ ရောဂါ လက္ခဏာဖြစ်ပေါ်မှုကိုတော့ ကောင်းစွာ ကာကွယ်နိုင်ပါတယ်။ သို့သော် သာမန်လက္ခဏာမျိုးတော့ဖြစ်နိုင်ပါတယ်။

**တတိယအကြိမ်ထိုးနှံဖို့ခွင့်ပြု**

အသက်အရွယ်ကြီးသူတွေ၊ ကိုယ်ခံအားနည်းသူတွေ၊ တချို့ကိုယ်ခံအားကျဆင်းနေတဲ့ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ၊ ကိုယ်ခံအားကျဆင်းအောင် ဆေးသောက်နေရသူတွေမှာ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီးတဲ့နောက် ၂၈ ရက်အကြာမှာ တတိယအကြိမ်ထိုးနှံဖို့ ခွင့်ပြုလိုက်ပြီလို့ အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး ဗဟိုဌာန (CDC)က ထုတ်ပြန်ထားပါတယ်။ ကိုယ်ခံအားနည်းနေတဲ့၊ ကိုယ်ခံအားအပြည့်အဝ မတက်နိုင်တဲ့သူတွေကို ကာကွယ်နိုင်မှု ပိုရစေချင်လို့ဖြစ်ပါတယ်။

ဒါဟာ Booster Dose ကိုဆိုလိုတာမဟုတ်ပါဘူး။ သူတို့က အထူးစပယ်ရှယ် ခြွင်းချက်အနေနဲ့ ခွင့်ပြုတာဖြစ်ပါတယ်။ ထိုးနှံရမယ့် ဆေးသည်လည်း mRNA Vaccine အမျိုးအစား၊ Pfizer တို့၊ Moderna တို့ဖြစ်ရမှာဖြစ်ပါတယ်။ အရှေ့မှာလည်း ဒီလိုကာကွယ်ဆေးမျိုး နှစ်ကြိမ်ထိုးထားတဲ့သူဖြစ်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးတွေဟာ ဘယ်လိုကာကွယ်တယ်ဆိုတာ သိပြီဆိုရင် ကာကွယ်ဆေးတွေဟာ 'ဒယ်လ်တာ'အပါအဝင် ကိုဗစ် – ၁၉ ရောဂါကို ကောင်းစွာကာကွယ်နိုင်ပါတယ်။ အခုလက်ရှိမှာ 'ဒယ်လ်တာ'နဲ့ 'လမ်ဘဒါ'ကို ပညာရှင်တွေက ယှဉ်စရာတောင်မဟုတ်ဘူးလို့ ပြောပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာကြီးကို ပတ်မွှေနေတာ 'ဒယ်လ်တာ'၊ ရောဂါဖြစ်ပွားမှုတွေရဲ့ အများဆုံး လက်သည်က 'ဒယ်လ်တာ'ကြောင့် ဖြစ်တယ်။

**အခုရက်ပိုင်း ဆိုရှယ်မီဒီယာပေါ်မှာ တွေ့နေရတဲ့ ရောဂါပိုး 'လမ်ဘဒါ'နဲ့ 'အက်ပ်စီလွန်' ဆိုတဲ့ ဗီဇပြောင်းပိုးတွေအကြောင်းကို နည်းနည်းဆွေးနွေးလိုပါတယ်။ 'လမ်ဘဒါ'ဟာ အားလုံးသိတဲ့အတိုင်းပါပဲ။ ၂၉ နိုင်ငံကို ရောက်နေပြီ။ Variant of Interest အဆင့်မှာပဲ ရှိသေးတယ်။ သူနဲ့ပတ်သက်လို့ လေ့လာစရာတွေအများကြီးရှိသေးတယ်။ တောင်အမေရိကတိုက်မှာရှိတဲ့ နိုင်ငံတွေမှာ ဖြစ်ပွားတာ အများဆုံးတွေ့ရပါတယ်။ လက်ရှိ သုတေသနတွေ့ရှိချက်တစ်ခုအရ ကာကွယ်ဆေးရဲ့ ထိရောက်မှုကို အနည်းငယ် လျော့နည်းစေတယ်ဆိုတာတွေ့ရ**

**မျိုးဗီဇကွဲက လေးမျိုး**

လက်ရှိအနေအထားအရ 'လမ်ဘဒါ' ဆိုတာကလည်း သုတေသနပြုလုပ်ဖို့ အများကြီးလိုသေးပါတယ်။ အရေးမကြီးလို့ Variant of Interest ထဲမှာပါတယ်လို့ ယူဆလို့မရပါဘူး။ သုတေသနတွေတော့ ဆက်ပြီးလုပ်ရဦးမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးသိရမယ့်ကိစ္စကတော့ လက်ရှိမှာ ဒယ်လ်တာအပါအဝင် Variant of Concern ထဲမှာပါဝင်တဲ့ ဂရုစိုက်ရမယ့် မျိုးဗီဇကွဲက လေးမျိုးပါ။ လေးခုစလုံးက ကူးစက်မှုမြန်ပါတယ်။

ကူးစက်မှုမြန်တဲ့အပြင် 'အယ်လ်ဖာ'၊ 'ဒယ်လ်တာ'က မိသားစုအတွင်းမှာ၊ အုပ်စုလိုက်အတွင်းမှာ ကူးစက်မှုမြန်ပါတယ်။ ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတွေက 'အယ်လ်ဖာ'မှာ ဆိုရင်များပါတယ်။ ဒါဆို 'ဗီတာ'ကရော သေဆုံးမှုများတဲ့ အန္တရာယ်ရှိတယ်။ သေသေချာချာတော့ အတိအကျတော့ ပြောလို့မရနိုင်သေးပါဘူး။ 'ဂါမာ'ကလည်း ဆေးရုံတက်ရောက်မှုများတယ် ဆိုပေမယ့် အတိအကျမပြောနိုင်သေးပါဘူး။ 'ဒယ်လ်တာ'က သေချာပါတယ်။ ဆေးရုံတက်ရောက်ရမှု များစေပါတယ်။ ပြန်ဖြစ်နိုင်မှုအနေနဲ့ 'အယ်လ်ဖာ'သည် ပြန်ဖြစ်နိုင်မှုမရှိပါဘူး။ 'ဂါမာ' နဲ့'ဒယ်လ်တာ' က ပြန်ဖြစ်နိုင်ဖို့ရှိပါတယ်။ ခါတ်ခွဲစမ်းသပ်မှုတွေအရ လက်ရှိအနေအထားမှာတော့ ဘာမှပြောင်းလဲမှုမရှိပါဘူး။

အခုနောက်ပိုင်း ရောဂါဖြစ်ပွားမှုတွေ များပြားလာရတာက ဗီဇပြောင်းပိုးတွေရဲ့ လက်ချက်ဆိုတာ သိစေချင်ပါတယ်။ အခုပြောနေကြတဲ့ 'အယ်လ်ဖာ'၊ 'ဗီတာ'၊ 'ဂါမာ'၊ 'ဒယ်လ်တာ' တွေကရော ဘယ်နှနိုင်ငံကို ရောက်နေပြီလဲဆိုရင် 'အယ်လ်ဖာ'သည် အခု ၁၈၅ နိုင်ငံကို ရောက်နေပါပြီ။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတော်တော်များများကို စုံသလောက်ရှိနေပြီဖြစ်ပါတယ်။ 'ဗီတာ'ကလည်း ၁၃၆ နိုင်ငံကို ရောက်နေပြီဖြစ်ပါတယ်။ 'ဂါမာ'က ၈၁ နိုင်ငံကို ရောက်နေပြီး ဓာတ်လိုက်ကျော် 'ဒယ်လ်တာ'က ၁၄၂ နိုင်ငံကို ရောက်နေပြီဖြစ်ပါတယ်။

အခုရက်ပိုင်း ဆိုရှယ်မီဒီယာပေါ်မှာ တွေ့နေရတဲ့ ရောဂါပိုး 'လမ်ဘဒါ' နဲ့ 'အက်ပ်စီလွန်' ဆိုတဲ့ ဗီဇပြောင်းပိုးတွေအကြောင်းကို နည်းနည်းဆွေးနွေးလိုပါတယ်။ 'လမ်ဘဒါ'ဟာ အားလုံးသိတဲ့အတိုင်းပါပဲ။ ၂၉ နိုင်ငံကို ရောက်နေပြီ။ Variant of Interest အဆင့်မှာပဲ ရှိသေးတယ်။ သူနဲ့ပတ်သက်လို့ လေ့လာစရာတွေ အများကြီးရှိသေးတယ်။ တောင်အမေရိကတိုက်မှာရှိတဲ့ နိုင်ငံတွေမှာ ဖြစ်ပွားတာ အများဆုံးတွေ့ရပါတယ်။ လက်ရှိ သုတေသနတွေ့ရှိချက်တစ်ခုအရ ကာကွယ်ဆေးရဲ့ ထိရောက်မှုကို အနည်းငယ် လျော့နည်းစေတယ်ဆိုတာတွေ့ရပါတယ်။

ဒါက ဗီဇမျိုးကွဲဖြစ်သွားပြီဆိုရင် နဂိုမူလကိုဗစ် – ၁၉ ရောဂါကို ဖြစ်စေတဲ့ SARS–CoV–2 ထက်စာရင် ကူးစက်မှုရော၊ ရောဂါပြင်းထန်မှုရောရှိနိုင်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကာကွယ်ဆေးနဲ့ ပတ်သက်ရင် ကာကွယ်ဆေးတွေဟာ 'ဒယ်လ်တာ' ကိုတောင် ကာကွယ်နိုင်မှတော့ 'လမ်ဘဒါ'ကို ကာကွယ်နိုင်တယ်ဆိုတာ သိစေချင်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး သေချာသုတေသနလုပ်ထားတာတော့ မရှိသေးပါဘူး။

'အက်ပ်စီလွန်'ဆိုတာနဲ့ ပတ်သက်ပြီး ဒီရက်ပိုင်းမှာ ကျယ်ကျယ်လောင်လောင် ပြောလာကြပါတယ်။ 'အက်ပ်စီလွန်' ကအသစ်မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ မေလမှာ ကယ်လီဖိုးနီးယားမှာ တွေ့ခဲ့တဲ့ မျိုးဗီဇပြောင်းပိုးဖြစ်ပါတယ်။ အရင်တုန်းက Variant of Interest ထဲမှာပါပေမယ့် အခု WHO ရဲ့ အဆင့်လျှော့ချခြင်းခံရပြီး လက်ရှိမှာ Variant of Interest အဆင့်မှာ မရှိနေပါဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းက ပါကစ္စတန်မှာ 'အက်ပ်စီလွန်' ပိုးတွေ့သူ ၅ ဦးတွေ့ရှိရတယ်။

**ကောင်းစွာနှိမ်နင်းနိုင်**

'အက်ပ်စီလွန်'က ဓာတ်ခွဲခန်းမှာ စမ်းသပ်ချက်အရဆိုရင် ကာကွယ်ဆေးကိုလည်း ခံနိုင်ရည်ရှိတယ် စသဖြင့် ဒါမျိုးတွေလည်း ပြောနေကြတာရှိပါတယ်။ ဓာတ်ခွဲခန်းမှာ စမ်းသပ်မှုတွေက တကယ့် ပြင်ပလောကမှာ ဒီလိုပဲဖြစ်မယ်လို့ ယူဆလို့မရပါဘူး။ သုတေသနတွေလည်း အများကြီး လိုအပ်ပါသေးတယ်။ 'အက်ပ်စီလွန်'သည် နဂိုမူလပိုးထက် ၂၀ ရာခိုင်နှုန်း ကူးစက်မှုပိုမြန်တယ်ဆိုတော့ အရင်ကထက် ထူးခြားပြီး ကူးစက်မှုနှုန်း သိပ်ပြီးမများဘူးဆိုတာ သိစေချင်ပါတယ်။ သူက နိုင်ငံပေါင်း ၃၄ နိုင်ငံကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့သော် 'အက်ပ်စီလွန်'သည် စာဖွဲ့ရလောက်တဲ့ အဆင့်မှာ မရှိဘူးဆိုတာကို သိစေချင်ပါတယ်။

အချုပ်ပြောမယ်ဆိုရင် လက်ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးတဲ့ ကာကွယ်ဆေးတွေဟာ 'ဒယ်လ်တာ' မျိုးဗီဇပြောင်းပိုးအပါအဝင် အခြားမျိုးဗီဇကွဲတွေကို ကောင်းစွာနှိမ်နင်းနိုင်ပါတယ်၊ ကာကွယ်နိုင်ပါတယ်။ ကာကွယ်နိုင်မှုအနေနဲ့ အတိုင်းအတာတစ်ခုအထိ လျော့နည်းနိုင်နေပေမယ့်လို့ ခန္ဓာကိုယ်ရဲ့ ကိုယ်ခံအားစနစ်က အလုပ်လုပ်နိုင်မှုက ဆက်ရှိနေတယ်ဆိုတာ သုတေသနပညာရှင်တွေ တွေ့ရှိထားတဲ့အတွက် မစိုးရိမ်ပါနဲ့လို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။ဆရာမအနေနဲ့ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး။** ။ဗီဇပြောင်းပိုးတွေကို ရပ်တန့်နိုင်ဖို့အတွက် နည်းလမ်းတွေ မရှိဘူးလားဆိုရင် ရှိပါတယ်။ ဒါကတော့ ကာကွယ်ဆေးတွေကို များများထိုးနှံနိုင်ဖို့ပဲ ဖြစ်ပါတယ်။ လူတော်တော်များများမှာ ကာကွယ်ဆေး အပြည့်အဝထိုးနှံနိုင်ပြီဆိုရင် သူကဒုက္ခပေးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ ကူးစက်မှုကို ရပ်တန့်ဖို့ ကာကွယ်ဆေးထိုးရမှာဖြစ်ပါတယ်။

ဒါ့အပြင် တစ်ယောက်နဲ့တစ်ယောက် ရောဂါမကူးစက်စေဖို့ ကိုဗစ် – ၁၉ ရောဂါ စည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပါတယ်။

ပါးစပ်နှာခေါင်းစည်း (Mask) တပ်ဖို့လိုပါတယ်။ နှာခေါင်းစည်းတပ်ခြင်းက ရောဂါပိုးတွေ မိမိကနေ သူများကို မကူးစက်နိုင်အောင်၊သူများရဲ့ ရောဂါပိုးတွေလည်း ကိုယ့်ဆီကို မကူးစက်နိုင်အောင် ဖြစ်ပါတယ်။ လက်ကို ရေနဲ့ဆပ်ပြာအသုံးပြုပြီး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ သေချာဆေးကြောမယ်၊ ဒါကလည်း ဗိုင်းရပ်စ်ကိုနိုင်တဲ့ နိုင်ကွက်ဖြစ်ပါတယ်။ နောက်ပြီး လူအုပ်စု ရှောင်မယ်။ လူအများနဲ့ ထိတွေ့တဲ့ကိစ္စတွေရှောင်မယ်။ တစ်ယောက်နဲ့ တစ်ယောက် ဝေးဝေးနေမယ်။ ချောင်းဆိုး၊ နှာချေရင် အုပ်ဆိုးမယ်။ လေကောင်း လေသန့်ရတဲ့နေရာမှာနေမယ်၊ လေကောင်းလေသန့်ရတဲ့နေရာမှာနေရင် ဗိုင်းရပ်စ်က ကူးစက်ဖို့အခွင့်အလမ်း အလွန်ကိုနည်းပါတယ်။ ထိုးနှံဖို့ကို ယခုမြန်မာနိုင်ငံမှာ ကာကွယ်ဆေးတွေထိုးနှံဖို့ကို **စာမျက်နှာ ၁၈ သို့❂**

❍ ကျောဖုံးမှ
ကာကွယ်ဆေးအတုအပများကို Online မှတစ်ဆင့်သော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် သော်လည်းကောင်း ရောင်းချလျက်ရှိကြောင်းကို ပြည်သူလူထုထံသို့ အသိပေးချက်ကို လည်းကောင်း (၁၂-၈-၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Medical Product Alert No.5/2021 : Falsified COVISHIELD Vaccine ဖြင့် ကာကွယ်ဆေးအတုအပများ အရှေ့တောင်အာရှနိုင်ငံများ၊ အိန္ဒိယနိုင်ငံနှင့် အာဖရိကတိုက်နိုင်ငံများတွင် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း (၁၆-၈-၂၀၂၁)ရက်နေ့တွင် ထုတ်ပြန်၍ မြန်မာနိုင်ငံသို့လည်း အသိပေးအကြောင်းကြားခဲ့ပါသည်။

၄။ အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးအတုအပများနှင့်ပတ်သက်၍-

(က) ကာကွယ်ဆေးပုလင်း(၁)လုံးလျှင် (၁၀)ကြိမ်စာ ထိုးနှံနိုင်သည့် 5ml ပါဝင်သောပုလင်း

(ခ) ကာကွယ်ဆေးပုလင်း(၁)လုံးလျှင် (၄)ကြိမ်စာပါဝင်သော 2ml ပုလင်းများကို COVISHIELD အမှတ်တံဆိပ်ဖြင့် အတုအပပြုလုပ်ရောင်းချလျက်ရှိကြောင်း ဖော်ပြထားပါသည်။

၅။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကဆေးခန်းများ၊ ဆေးရုံကြီးများနှင့် ပြည်သူလူထုအနေဖြင့် သိရှိနိုင်ပါရန်နှင့် ကာကွယ်ဆေးအတုများအား တင်သွင်းဖြန့်ဖြူးရောင်းချကြောင်း စုံစမ်းဖော်ထုတ်ရရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက် လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၂**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၁ ရက်တွင် မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၃၅ ဦးနှင့် အမျိုးသမီး ၂၂၆ ဦး စုစုပေါင်း ၄၆၁ ဦးကို မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ် ဝင်/ထွက်ပေါက် နန်းတော်ဂိတ်မှတစ်ဆင့် လက်ခံခဲ့သည်။

**ကူညီဆောင်ရွက်ပေး**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအားသက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား အကျဉ်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ် အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၂၁၈၇ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၄၅ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၄၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၇ မှ
အထူးအလေးထားကြပ်မတ်ပြီး ဆောင်ရွက်နေပါတယ်။ WHO အနေနဲ့ စက်တင်ဘာလကုန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံနိုင်ဖို့၊ ၂၀၂၁ ခုနှစ်အကုန်မှာ ကမ္ဘာ့လူဦးရေရဲ့ ၄၀ ရာခိုင်နှုန်း၊ ၂၀၂၂ ခုနှစ် နှစ်လယ်မှာ ၇၀ ရာခိုင်နှုန်း ကာကွယ်ဆေးထိုးနှံနိုင်ဖို့ ရည်မှန်းချက်ချမှတ်ထားပါတယ်။ ဒ့ါအပြင် အောက်တိုဘာလမှာ ကျင်းပမယ့် G-20 အစည်းအဝေးမှာလည်း COVAX အဖွဲ့အစည်းတွေကို လိုအပ်တဲ့ကာကွယ်ဆေးတွေ ထောက်ပံ့ဖို့၊ ကာကွယ်ဆေးလိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကနေ မေတ္တာရပ်ခံထားတာရှိပါတယ်။

**ထိုးနှံပေးနေ**

မြန်မာနိုင်ငံအနေနဲ့ ၂၀၂၁ ခုနှစ်မကုန်ခင်မှာ ကာကွယ်ဆေးထိုးနှံနိုင်ခွင့်ရှိတဲ့ အသက် ၁၈ နှစ်အထက် လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းအထက်ကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့ အထူးအလေးပေးပြီး ဆောင်ရွက်နေတယ်ဆိုတာကို အသိပေးချင်ပါတယ်။ လက်ရှိမှာ ကာကွယ်ဆေး တစ်နေ့ကို ပျမ်းမျှ တစ်သိန်းခွဲနှုန်းလောက် ထိုးနှံပေးနေပါတယ်။ ရှေ့တစ်ပတ်အတွင်းမှာ ဝယ်ထားတဲ့ Sinopharm ကာကွယ်ဆေးတစ်သန်းလည်း ထပ်ပြီးရောက်ဖို့ရှိပါတယ်။ မကြာခင်လည်း နောက်ထပ် Sinopharm တစ်သန်းလည်းထပ်ပြီး ရောက်ရှိဖို့ရှိပါတယ်။ ကာကွယ်ဆေး စုစုပေါင်းဆိုရင် ပထမပိုင်းက အိန္ဒိယကကာကွယ်ဆေး ၃ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ပထမအကြိမ်လှူဒါန်းတဲ့ ၀ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံအစိုးရက ဒုတိယအကြိမ် လှူဒါန်းထားတဲ့ Sinopharm က ၂ သန်း၊ ဝယ်ယူထားတဲ့ Sinopharm က ၂ သန်း၊ ဝယ်ယူထားတဲ့ Sinovac ၂ သန်းဆိုတော့ စုစုပေါင်း ၁၀ သန်း မကြာခင်မှာ ထိုးနှံနိုင်မှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ကာကွယ်ဆေး ၂၄ သန်း ဝယ်ယူဖို့ ဆောင်ရွက်နေတယ်ဆိုတာကို ဩဂုတ်လ ၁၆ ရက်က ပြည်သူတွေကို သတင်းထုတ်ပြန်ပြီးဖြစ်ပါတယ်။ အိန္ဒိယက ဝယ်ယူထားတဲ့ ကာကွယ်ဆေးတွေ ရရှိနိုင်ဖို့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်နေပါတယ်။ မိမိနိုင်ငံမှာ ကာကွယ်ဆေးတွေကို မူပိုင်ခွင့်ယူပြီး ထုတ်လုပ်နိုင်ဖို့ကိစ္စတွေကို ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကျွန်မတို့ရည်မှန်းထားတဲ့ အတိုင်း ၂၀၂၁ ခုနှစ်မကုန်ခင်မှာ အနည်းဆုံး ၅၀ ရာခိုင်နှုန်းအထက် ဖြစ်နိုင်ရင် ဒီထက်ပိုပြီး ထိုးနှံနိုင်ဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

**ထပ်မံတိုးချဲ့ပြီးဆောင်ရွက်**

ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံခွင့်ရှိသူ ဦးစားပေးအုပ်စုတွေကို ကာကွယ်ဆေးထိုးနှံပေးတဲ့အခါ နှစ်ကြိမ်ပြည့်အောင် လာရောက်ထိုးနှံကြပါ။ ဦးစားပေးထဲမှာ မပါတဲ့သူတွေအနေနဲ့လည်း ဘာမှစိုးရိမ်ကြောင့်ကြမှုမဖြစ်ပါနဲ့၊ ကာကွယ်ဆေးတွေကို ထပ်မံရရှိဖို့ ဆောင်ရွက်နေသလို ဦးစားပေးအုပ်စုတွေကိုလည်း ထပ်မံတိုးချဲ့ပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် ပုဂ္ဂလိကကဏ္ဍကို ကာကွယ်ဆေးတင်သွင်းခွင့်ပေးထားတဲ့အတွက် အရည်အသွေးပြည့်မီတဲ့၊ စိတ်ချရတဲ့ကာကွယ်ဆေးကို စိတ်ချရတဲ့နည်းစနစ်တွေနဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ Vaccine Management Information System နဲ့ ချိတ်ဆက်ပြီး အကောင်းဆုံးဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ဒါကြောင့် ပြည်သူတွေကို ကာကွယ်ဆေးထိုးနှံကြဖို့ ကျွန်မအနေနဲ့ တိုက်တွန်းပါတယ်။

ကာကွယ်ဆေးထိုးနှံဖို့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးစုရပ်မှာ လူတွေစုပြုံမနေစေဖို့၊ တတ်နိုင်သမျှစနစ်တကျဖြစ်ဖို့ စီမံပေးကြဖို့ကိုလည်း ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။ ထိုးနှံတဲ့သူတွေအနေနဲ့လည်း Mask ကို သေသေချာချာတပ်လာမယ်။ ရေမလိုလက်သန့်ဆေးရည်တွေ ဆောင်လာမယ်။ တစ်ယောက်နဲ့တစ်ယောက် ခပ်ဝေးဝေးနေမယ်။ ဒီလိုနည်းအားဖြင့် ကာကွယ်ဆေးကို အန္တရာယ်ကင်းစွာ ထိုးနှံနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေ ကိုဗစ် – ၁၉ ရောဂါအန္တရာယ်ကနေ ကင်းဝေးစေဖို့အတွက် အားလုံးအတူတူကြိုးစားကြရင် မအောင်မြင်နိုင်စရာ မရှိပါဘူး အတူကြိုးစားကြပါစို့လို့ ကျွန်မအနေနဲ့ ပြောလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# ဒေသခံပြည်သူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် ဆန်၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၂**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ သက်ကြီးအဘိုးအဘွားများ၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် အသက်ပေးလှူခဲ့သည့် စစ်သည်များ၏ မိသားစုဝင်များ၊ ဝန်ထမ်းများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းများကိုလည်းကောင်း၊ နှစ်(၆၀)ပြည့် နိုင်ငံတော်ဘာသာနေ့ အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ နယ်မြေခံဆေးတပ်ရင်း၊ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံသို့အလှူငွေ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်ဘူးများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများကိုလည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အသီးသီးသွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ စားသောက်ဖွယ်ရာနှင့် နှာခေါင်းစည်းများ လှူဒါန်းစဉ်။

# ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ

**ပဲခူး ဩဂုတ် ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၁)ကို ကျင်းပသည်။

**စီစဉ်ဆောင်ရွက်သွားမည်ဖြစ်**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ခရီးသွားလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ မိမိတို့ ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်စားဖွယ်ရာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ စိမ်းလန်းစိုပြည်သော သဘာဝတောတောင်ရေမြေများရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါကာလအလွန်တွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး အခြေခံခရီးသွားလုပ်ငန်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၊ အင်း၊ ဆည်၊ ရေလှောင်တမံတို့ကို အသုံးချပြီး ခရီးသွားများဆွဲဆောင်မှုရှိသည့် ခရီးစဉ်ဒေသသစ်များကို ဖော်ထုတ်ခြင်းနှင့် ပြည်မြို့၌ ဧရာဝတီမြစ်အား အမှီပြု၍ အများပြည်သူ စိတ်အပန်းဖြေနိုင်စေရေး ပြည့်စုံကောင်းမွန်သော ကမ်းနားလမ်းဖော်ထုတ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဟောက်ကျင်မုန်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိဟိုတယ်ဆောက်လုပ်ခွင့်၊ ဟိုတယ်လိုင်စင်သက်တမ်းတိုးခြင်း၊ ဟိုတယ်အမည်ပြောင်းခြင်းနှင့် ဧည့်လမ်းညွှန်လိုင်စင်သက်တမ်းတိုးခြင်း စသည့်အမှုတွဲ ၁၅ တွဲအား တင်ပြခဲ့ရာ တက်ရောက်လာသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကမမောင်းမြို့အတွင်းရှိ ရပ်ကွက်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**ကမမောင်း ဩဂုတ် ၂၂**

ကရင်ပြည်နယ် ကမမောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများနှင့် လူသေဆုံးမှုများရှိလာသဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးနှိုးဆော်မှုများကို အသံချဲ့စက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လိုက်လံဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၅ နာရီက မြို့အတွင်းရှိ ရပ်ကွက်များ၌ လှည့်လည်နှိုးဆော်ခဲ့ကြောင်း သိရသည်။



**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂)ရပ်ကွက်ရာအိမ်မှူးနှင့် ရပ်ကွက်စေတနာ့ဝန်ထမ်းလူငယ်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လင်းသန့်(ပြန်/ဆက်)**

# သံတွဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး




**သံတွဲ ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် နှိုးဆော်အသိပညာပေးခြင်း လုပ်ငန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့ညနေ ၄ နာရီခွဲမှစ၍ မြို့အတွင်း လှည့်လည်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငဖဲမြို့နယ် ချင်းစုကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**ငဖဲ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ချင်းစုကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၆ ဒသမ ၁၃၁ သန်းဖြင့် ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇူလိုင်လမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး၍ ကျေးရွာရှိ တောင်သူ ၁၇ ဦးတို့၏ လယ်မြေဧက ၂၀ ကျော်ကို ရာသီမရွေး စိုက်ပျိုးရေများ ပေးဝေနိုင်မည်ဖြစ်ကြောင်း ငဖဲမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စိုက်ပျိုးရေများ ပေးဝေ**

ချင်းစုကျေးရွာ စိုက်ပျိုးရေ ရရှိရေးအတွက် အနက်ပေ ၄၀ ရှိ အကျယ်လေးလက်မ စက်ရေတွင်း လေးတွင်းတူးဖော်ခြင်း၊ ရေမြှုပ်ပန့်များတပ်ဆင်ခြင်း၊ ဆိုလာ ၁၀ ဒသမ ၈၈ ကီလိုဝပ် တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ကြမ်းခင်းခြင်းလုပ်ငန်းတို့ကို Pro Engineering ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်၍ ယခုလုပ်ငန်းအားလုံးပြီးစီးနေပြီဖြစ်ကာ စိုက်ပျိုးရေများ ပေးဝေနေပြီဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**



# ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

ဓမ္မ ပုံပြင်

# စာနာသူ

**မင်းယုဝေ**

ရှေးသရောအခါ ဟိမဝန္တာတောင်ခြေရင်း၌ ရသေ့ကြီး တစ်ပါးသည် တပည့်ရသေ့ ငါးရာနှင့်အတူ နေထိုင်သည်။

ထိုနေရာတွင် နွေအခါ၌ အပူရှိန်လွန်ကဲသဖြင့် သောက်ရေများ ခန်းခြောက်၏။ ထိုအရပ်ရှိ တိရစ္ဆာန်အများပင် အတိဒုက္ခရောက်ကြရသည်။

ထိုအခါ ရသေ့ငါးရာထဲမှ တပည့်ရသေ့တစ်ပါးသည် တိရစ္ဆာန်တို့ကို စာနာသနားမိ၏။ ထို့ကြောင့် သစ်ပင်ကို ဖြတ်ထွင်း၍ စားကျင်းပြုလုပ်သည်။ သူသည် ဝေးလံသောအရပ်မှ ရေကိုရှာဖွေ၍ ဝါးကျည်တောက်များအတွင်းသို့ ထည့်၏။ ယင်းတို့ကို သယ်ဆောင်၍ စားကျင်းတွင် ရေများကို ထည့်သည်။ တိရစ္ဆာန်များကို ရေတိုက်သည်။

ဆင်၊ မျောက်၊ သမင်၊ ယုန်၊ ကျေးငှက် စသည့်တိရစ္ဆာန်များသည် ရေသောက်ရသဖြင့် အသက်ဘေးမှ ချမ်းသာရာရကြသည်။

ထိုရသေ့များမှာမူ ရေအကြိမ်ကြိမ် ခပ်ထည့်ပေးနေရသဖြင့် သစ်သီးရှာဖွေချိန်မရ။ အခြားရသေ့များပေးသော သစ်သီးအနည်းငယ်ကိုသာ စားရရှာသည်။

ထိုအကြောင်းကို တိရစ္ဆာန်များ သိသောအခါ စုဝေးတိုင်ပင်ကြ၏။ ထို့နောက် ရသေ့အတွက် ကိုယ်စီကိုယ်ငှ သစ်သီးများ ယူလာကြသည်။ ယူလာသော သစ်သီးများသည် နေ့စဉ်လှည်းဆယ်စီးတိုက်ပမာဏ ရှိနေသည်။ ထိုရသေ့သာမက အဖော်ရသေ့များပါ စားသောက်၍ မကုန်နိုင်အောင် ရှိနေတော့သည်။

ထိုအကြောင်းကို ဆရာရသေ့ကြီး သိသောအခါ ထိုရသေ့အား...

"သူတစ်ပါးကို သနားညှာတာ၍ ကူညီခြင်းသည် မြတ်လှပေသည်။ ထိုသူများကြောင့် ကျန်သူများမှာလည်း ကောင်းကျိုးချမ်းသာရကြပေသည်တကား"

ဟုဆိုကာ ချီးကျူးမဆုံး ရှိလေသည်။ ။

**(ငါးရာ့ငါးဆယ်၊ မဗ္ဗဇာတ်)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ် စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

## သူရဲကောင်းသုံးယောက်နှင့် ခရီးသည်

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်
အိုဘယ် ယောကျ်ား ခရီးသွား။
ဖော်လည်း မဆွယ်၊ တစ်ကိုယ်ငယ်
အိုဘယ် လူသား ကြောက်ဖူးလား။
ဤသို့မေးသော်
ရွှင်အေးကြည်သာ၊ ပြုံးမျက်နှာဖြင့်
"အိုဘာကိုထောက် ကြောက်ရမလဲ
တကွ ဖော်ညို၊ 'သတ္တိ'ရှိပြီ
ချစ်သည့်သဟာ၊ 'ဇွဲ'လည်းပါ၍
မကွာထပ်လောင်း၊ ငယ်ကပေါင်းသည့်
ဆွေကောင်း 'လုံ့လ'၊ တူတကွတည့်
ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်
ငါ့တွင်သေချာ အောင်ဖို့ရာတည့်"တဲ့။
ယောကျ်ားငါကိုယ်၊ မြွက်ဟ,ဆို
မော်မလိုဘဲ တစ်ကိုယ်တည်း။
တော်ပေ့လူမော်၊ ပွဲတိုင်းကျော်
သုံးဖော်ဆွေလဲ တူယှဉ်တွဲသည်
အောင်မြဲမုချ အောင်မည်ပ။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





လူမှု ၁၀

# ဆယ်ကျော်သက်များနှင့် အထောက်အကူပြုသော မိဘများ

## မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

အထောက်အကူပေးသော မိဘဖြစ်ခြင်းသည် သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားကို နှလုံးသားထဲရှိခြင်းကို ဆိုလိုသည်။ ၎င်းတွင် ကျောင်းများ၊ ဝါသနာများနှင့် စိတ်ဝင်စားမှုများကို အတတ်နိုင်ဆုံး လုပ်ဆောင်ရန် တက်ကြွစွာအားပေးခြင်း၊ အကဲဖြတ်ခြင်းမရှိဘဲ နားထောင်ခြင်းနှင့် ဆယ်ကျော်သက်များ၏ စိုးရိမ်မှုများနှင့် စိန်ခေါ်မှုများကို နားလည်ရန် ကြိုးစားခြင်းတို့ ပါဝင်သည်။ ထို့ပြင် ဆယ်ကျော်သက်များ၏ အောင်မြင်မှုများကို အသိအမှတ်ပြုခြင်းနှင့် အမှားများနှင့် စိန်ခေါ်မှုများမှတစ်ဆင့် အထောက်အကူပြုခြင်းလည်း ပါဝင်သည်။ တစ်ဖန်အကူအညီပေးသော မိဘများသည် ရလဒ်များကို ကြိုတင်ခန့်မှန်းနိုင်စွမ်းရှိစေရန် တစ်သမတ်တည်း မျှော်လင့်ချက်များနှင့် အကျိုးဆက်များကို ချမှတ်ပေးသည်။ ဆယ်ကျော်သက်များကို မျှမျှတတဆက်ဆံပြီး ယုံကြည်စိတ်ချရသောဆက်ဆံရေးကို တည်ဆောက်သည်။

အထောက်အကူပြုသော မိဘများသည် ဆယ်ကျော်သက်များအတွက် လွန်စွာအရေးကြီးသည်။ ဆယ်ကျော်သက်များအပေါ် မိဘများ၏ ဩဇာလွှမ်းမိုးမှုသည် မိဘများ၏ ဩဇာအာဏာပေးမှုနှင့် သင်ကြားပို့ချမှုထက် ယုံကြည်မှုရှိသော ဆက်ဆံရေးအပေါ် ပိုမိုမှီခိုရသည်။ မိဘများသည် ဆယ်ကျော်သက်များကို တွန်းထုတ်ရန် ကြိုးစားနေပုံရသည်ဟု ခံစားရနိုင်သည်။ သို့သော် သူတို့သည် အမှန်တကယ်တွင် ဘဝလမ်းကြောင်းတစ်ခုကို ရွေးချယ်ရန်နှင့် သီးခြားလွတ်လပ်သော လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် မိမိတို့ကိုယ်ကို မည်သူမည်ဝါဖြစ်ကြောင်း ပုံသွင်းရန် ကြိုးစားနေခြင်းဖြစ်သည်။ သူတို့၏ မိသားစုမှ ချစ်ခြင်းမေတ္တာ၊ ထောက်ခံမှု၊ ယုံကြည်မှုနှင့် အကောင်းမြင်မှုများက ဆယ်ကျော်သက်များကို ပိုမိုလုံခြုံမှုရရှိစေပြီး သက်တူရွယ်တူများ၏ ဖိအား၊ ဘဝ စိန်ခေါ်မှုများနှင့် စိတ်ပျက်စရာများကို တိုက်ဖျက်ရန် အစွမ်းထက်သော လက်နက်များဖြစ်သည်။

အထောက်အကူပြုသော မိဘများ၏ ရည်မှန်းချက်မှာ ဆယ်ကျော်သက်များကို ပိုမိုလုံခြုံစိတ်ချရစေရန်နှင့် အကောင်းဆုံး လုပ်ဆောင်ရန် လိုအပ်သော အုတ်မြစ်များကို ချပေးရန် ဖြစ်သည်။ ဆယ်ကျော်သက်များ အနေဖြင့် သူတို့ဟာ ဘယ်သူတွေလဲဆိုတာ သိဖို့နှင့် သူတို့ကို အမြဲတမ်း ကူညီမည့်သူရှိသည်ကို သိဖို့လိုသည်။ ဆယ်ကျော်သက်များတွင် ကျန်းမာရေးနှင့် ညီညွတ်သော နေစရာ၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာနှင့် ကျောင်းစသည့် အခြေခံလိုအပ်ချက်များကို ဦးစားပေးသည့် ပတ်ဝန်းကျင်ရှိရန် လိုအပ်သည်။ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများမှ ဆယ်ကျော်သက်များကို အကာအကွယ်ပေးရန် လိုအပ်သည်။ မိဘများအနေဖြင့် ဆယ်ကျော်သက်များ၏ ခံစားမှုများနှင့် စိုးရိမ်မှုများကို လေးစားရန်လိုအပ်သည်။ ဆယ်ကျော်သက်များ၏ မှတ်တိုင်များ၊ မွေးနေ့များနှင့် အောင်မြင်မှုများကို မိဘများက အသိအမှတ်ပြုရန် လိုအပ်သည်။ ဆယ်ကျော်သက်များ၏ သူငယ်ချင်းများ၊ အဝတ်အထည်များ၊ အားကစား၊ တေးဂီတ ရွေးချယ်မှုများနှင့် စိတ်ဝင်စားမှုများကို လေးစားရန်လိုသည်။

**[Ref: Supportive parenting and teenagers, Internet]**

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၏ ဆယ်ကျော်သက်အချစ်နှင့် ကံကြမ္မာစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ပြုံးစရာ

## အေ ပြီးတော့ ဘာလဲ

မိဘများ။ ညွှဲ့သည်တစ်ဦးရောက်လာသဖြင့် မိဘများက သူ့သား စာတော်ကြောင်း ကြွားသည်။

ညွှဲ့သည်။ “ဒါဆို အက္ခရာတွေကိုတော့ သင်ပြီးရောပေါ့”ဟု ညွှဲ့သည်က ပြောသည်။

မိဘများ။ “ဟုတ်ကဲ့၊ သင်ပြီးပါပြီ။”

ညွှဲ့သည်။ “ဒါဖြင့် ဦးဆုံးအက္ခရာက ဘာလဲ မောင်အောင်”ဟု ညွှဲ့သည်က မေးစမ်းကြည့်သည်။

မောင်အောင်။ “အေ”

ညွှဲ့သည်။ “ဟုတ်ပြီ၊ အေပြီးတော့ကော”

မောင်အောင်။ “ကျန်တဲ့ အက္ခရာတွေပေါ့”ဟု ပြန်ဖြေလိုက်သတည်း။

**မာတင်ဖဲ**



# မန္တလေးမြို့ရှိ ရာသီပေါ်သစ်သီးဈေးကွက် ဝယ်ယူစားသုံးသူများပြားကာ အရောင်းအဝယ်များသွက်လက်

**မန္တလေး ဩဂုတ် ၂၂**

ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်သို့ ဒေသမျိုးစုံမှ ထွက်ရှိလာသည့် ရာသီပေါ်သစ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဝယ်ယူစားသုံးသူများပြားသဖြင့် အရောင်းအဝယ်များ သွက်လက်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ပင်ဈေးရှိ သစ်သီးအရောင်းဆိုင်များမှ ပြောကြားသည်။

လက်ရှိကာလသည် သစ်သီးမျိုးစုံလှိုင်လှိုင်ထွက်ပေါ်သည့် ရာသီဖြစ်ခြင်းကြောင့် ပြည်တွင်းဒေသအသီးသီးမှ ထွက်ရှိလာသည့် ကျွဲကောသီး၊ ဩဇာသီး၊ နာနတ်သီး၊ ထောပတ်သီးများနှင့် ထိုင်းနိုင်ငံမှတင်သွင်းလာသည့် သလဲသီး၊ လိမ္မော်သီး၊ ပန်းသီး၊ သစ်တော်သီး၊ ကမ္ဘလာသီးနှင့် ဆန်းကစ်သီးများ မန္တလေးဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို တရုတ်နိုင်ငံကသစ်သီးတွေ အဝင်နည်းပြီး ပြည်တွင်းနဲ့ ထိုင်းနိုင်ငံက တင်သွင်းလာတဲ့ အသီးတွေအဝင်များနေပါတယ်။ ဒါ့အပြင် ပြည်သူတွေက ကိုဗစ်-၁၉ ရောဂါအခြေနေကြောင့် အရည်ရွှမ်းပြီး ချိုချဉ်အရသာပါတဲ့ အသီးတွေကို ခတ်စာအနေနဲ့ ဝယ်ယူစားသုံးမှု များပြားတဲ့အတွက် ကိုဗစ်ကာလမှာ သစ်သီးဈေးကွက်က အရောင်းအဝယ်ကောင်းတယ်လို့ ပြောရမှာပါ။ အထူးသဖြင့် ဆန်းကစ်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ကျွဲကောသီးတွေ ပိုပြီးရောင်းကောင်းတယ်"ဟု အဆိုပါ ညောင်ပင်ဈေးတွင် သစ်သီးဆိုင်ဖွင့်လှစ်ရောင်းချနေသူ ဒေါ်ယုယုဝင်းက ပြောသည်။

ယခုရာသီတွင် ဈေးကွက်သို့ဝင်ရောက်လာသည့် သစ်သီးများအနက် ပြည်တွင်းမှထွက်ရှိသည့် ဖရဲသီး၊ သခွားမွှေး၊ ဩဇာသီး၊ ထောပတ်သီးနှင့် နာနတ်သီးဈေးနှုန်းများမှာ ကျဆင်းနေပြီး ထိုင်းနိုင်ငံမှတင်သွင်းလာသည့် ဆန်းကစ်သီး၊ သစ်တော်သီး၊ လိမ္မော်သီး၊ သလဲသီး၊ ပန်းသီးနှင့် ကမ္ဘလာသီးများမှာ ပို့ဆောင်ခစရိတ်များကြောင့် ဈေးနှုန်းများအနည်းငယ် မြင့်တက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

မန္တလေးသစ်သီးဈေးကွက်တွင် လက်ရှိရောင်းချနေသည့် သစ်သီးများ၏ လက်လီဈေးနှုန်းများမှာ အရွယ်အစားပေါ်မူတည်၍ ဩဇာသီးတစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၂၀၀ နှုန်းဖြင့် လည်းကောင်း၊ ပန်းသီး(အကျွတ်သီး) တစ်လုံးလျှင် ငွေကျပ် ၆၀၀ မှ ၈၀၀ နှုန်းဖြင့် လည်းကောင်း၊ သလဲသီးတစ်လုံးလျှင် ငွေကျပ် ၁၂၀၀ နှုန်းဖြင့် လည်းကောင်း၊ ဆန်းကစ်သီးတစ်လုံးလျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် လည်းကောင်း၊ ထောပတ်သီး တစ်လုံးလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် လည်းကောင်း၊ သစ်တော်သီး တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ နှုန်းဖြင့် လည်းကောင်း၊ နာနတ်သီးတစ်လုံးလျှင် ငွေကျပ် ၄၀၀ မှ ၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ကျွဲကောသီး(ထိုင်း) တစ်လုံးလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ကျွဲကောသီး (မြန်မာ) တစ်လုံးလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် လည်းကောင်း၊ လိမ္မော်သီး တစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း၊ ကမ္ဘာလာသီးတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လည်းကောင်း ရောင်းချပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# မြန်မာ-တရုတ် နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၂၂**

ကိုဗစ်-၁၉ ကူးစက်မြန် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပြည်ပမှ တင်သွင်းသည့် ကျန်းမာရေးသုံးပစ္စည်းများအား အများပြည်သူ ရုံးပိတ်ရက်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ လုပ်ငန်းတာဝန်များ ရပ်ဆိုင်းထားခြင်းမရှိဘဲ တာဝန်ရှိဌာနဆိုင်ရာများအနေဖြင့် ရုံးချိန်အတွင်း သက်ဆိုင်ရာတာဝန်ရှိဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များနှင့်အညီ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ချင်းရွှေဟော်မြို့၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နမ့်ဖာဟော်နယ်စပ်ဂိတ်မှတစ်ဆင့် ကိုဗစ်-၁၉ကူးစက်မြန်ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှဝယ်ယူတင်သွင်းသည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝင်ရောက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက 15L အောက်ဆီဂျင်အိုးအလွတ် အလုံး ၁၁၀၀၊ Oxygen Plant စက် သုံးလုံး၊ အရက်ပြန်ဘူးခွံပုံး ၆၀၀၊ ခေါင်းစွပ် ပုံး ၆၁၅၊ နှာခေါင်းစည်းပုံး ၃၈၁၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၁၄ ဖာ၊ Medical Regulator ၂၀၃ ပုံး၊ Oxygen MASK ၈၃ ပုံး တင်ဆောင်လာသည့် မော်တော်ယာဉ်များ ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။ **စည်သူမောင်မောင်(ပြန်/ဆက်)**

# မိုင်းရယ်မြို့နယ်၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မိုင်းရယ် ဩဂုတ် ၂၂**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် ယနေ့ နံနက် ၁၀ နာရီက မိုင်းရယ်မြို့ရှိ အမှတ်(၃၅၀) အမြောက်တပ်၊ အမှတ်(၃၂၅) ခြေမြန်တပ်ရင်း၊ ခလရ (၆၇)တပ်တို့တွင် ၃၃ ဦးကို အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုင်းရယ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျောက်ဆုံးနှင့် ကိုင်ဆောင်ခြင်း မရှိသေးသူများအား ဆောင်ရွက်ပေးနိုင်မှုမှာ ယနေ့အထိ တပ်ရင်းတပ်ဖွဲ့များ ၃၃ ဦး၊ ရပ်ကွက်နှင့် ကျေးရွာရှိလူဦးရေ ၅၁၃ ဦး စုစုပေါင်း ၅၄၆ ဦး ဖြစ်ကြောင်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**အရာတော်**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ မြို့နယ်ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တို့တွင် စုရပ်လေးနေရာ သတ်မှတ်ပြီး အဖွဲ့လေးဖွဲ့ခွဲကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ထိုးနှံပေးသည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် သံဃာတော် ခုနစ်ပါး၊ သီလရှင် တစ်ပါး၊ ဝန်ထမ်း နှစ်ဦး၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၁၇၈ ဦး၊ ပုဂ္ဂလိကဝန်ထမ်းလုပ်ကိုင်နေသူ ၈၁၂ ဦး စုစုပေါင်း ၁၀၀၀ တို့အား ထိုးနှံပေးခဲ့ပြီး ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝမ်းတွင်း**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် ပြည်သူများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇူလိုင် ၃၁ ရက်မှစတင်ကာ သက်ဆိုင်ရာ စုရပ်နေရာများတွင် ထိုးနှံပေးခဲ့ရာ ဩဂုတ် ၂၁ ရက်အထိ ဒေသခံပြည်သူ ၁၀၀၆၂ ဦး အား ကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးရာတွင် မြို့ပေါ် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ အသက် ၆၅ နှစ်အထက် ဒေသခံပြည်သူများနှင့် စေတနာ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကိုယ်ရေးအချက်အလက် စာရင်းများ ရေးသွင်းခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးကောင်းမွန်သူ အသက် ၆၅ နှစ်အထက်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများအား သက်ဆိုင်ရာစုရပ်များအလိုက် ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

**စာဖတ်ပရိသတ် စာပေရသစုံခံစားဖတ်ရှုနိုင်ရန် ကြေးမုံသတင်းစာတွင် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ ယခုတစ်ဖန် စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**




မိမိ၏ အသက်လေးဆယ့်ငါးနှစ် ပြည့်မြောက်သောနေ့၊ မိမိမွေးနေ့တွင် မိမိကိုယ်ကိုယ် အကျဉ်းထောင်၏ မှောင်မည်းကျဉ်းကျပ်လှသော အခန်းငယ် တစ်ခုအတွင်း ရောက်ရှိနေကြောင်း ဒေါ်ရေနံ့သာခင်ခင်ကြီး တွေ့လိုက်ရလေသည်။

သူ ရောက်ရှိနေသော အခန်းငယ်မှာ ဆယ်ပေပတ်လည်မျှ ရှိပါလေစမသိ။ အခန်း၏နံရံမှာ ထူထဲသော အင်္ဂတေသား ဖြစ်သည်။ အခန်းတွင် လေဝင်ပေါက်တစ်ခုနှင့် တံခါးမကြီးတစ်ခုရှိသည်။ ခိုင်ခံ့တောင့်တင်းသော သံတိုင်များ စိုက်ထားသည်။ ရံခါတွင် လေသည် လေဝင်ပေါက် သံတိုင်များအကြားမှ အခန်းတွင်းသို့ တိုးဝင်လာတတ်သည်။ ထိုအခါ လေတွင် ဆွတ်ပျံ့ဖွယ်သော ပိတောက်ပန်းရနံ့ ရောနှောပါဝင်လာတတ်သည်။

မနေ့တစ်နေ့ကပင် သင်္ကြန်ရက်များကို ကုန်ဆုံးဖြတ်ကျော်ခဲ့ပြီးဖြစ်ပေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သူ ရောက်ရှိနေသော အခန်းကျဉ်းကလေး အတွင်းမှနေကာ ပြင်ပမှ အသံဗလံများကို နားစိုက်ထောင်နေခဲ့သည်။ သင်္ကြန်အဖွဲ့များ၏ သံချပ်ထိုးသံ၊ သီဆိုတီးမှုတ်သံ၊ အော်ဟစ်မြူးထူးသံများကို သဲ့သဲ့မျှ ကြားခဲ့ရသေးသည်။ သည်တော့မှ သင်္ကြန်ကျလေပကောဟု သိမှတ်ရမိသည်။ သည်တော့မှပင် မိမိ၏ မွေးနေ့မွေးရက်ကို သတိရလာသည်။ တစ်ပြိုင်နက်တည်းမှာလည်း မိမိကိုယ် ကိုယ်ပြန်လည်သုံးသပ်ကြည့်မိသည်။ ထိုအခါ မှောင်မည်းကျဉ်းကျပ်သော အကျဉ်းထောင်၏ အခန်းငယ်တစ်ခုအတွင်း ရောက်ရှိနေကြောင်းကို တွေ့မြင်လာရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အခန်းထဲတွင် လဲလျောင်းလျက်ရှိသည်။ လေဝင်ပေါက်မှနေကာ ပြင်ပသို့ စူးစိုက်ကြည့်နေမိသည်။ ပြင်ပတွင် လသည် ထိန်ထိန်သာလျက်ရှိသည်။ လရောင်သည် အခန်းတွင်းသို့ ရောက်မလာသေး။ အတော်ချည်းညဉ့်နက်၍ လတိမ်းစောင်းလေပြီဆိုလျှင်မူ လရောင်သည် သူရှိရာ အခန်းငယ်သို့ လှစ်ခနဲ ချောင်းကြည့်လာတတ်သည်။ သံတိုင်များအကြားမှ ကြမ်းပြင်ပေါ်သို့ ခုန်ဆင်းလာတတ်သည်။ လသည် မကြာမီမှာပင် သူ့အား နှုတ်ဆက်လျက် ကသုတ်ကရက်ပြန်လည်ထွက်ခွာသွားတတ်သည်။

ယခုအချိန်ဆိုလျှင် ပြင်ပရှိ ဩကာသလောကတစ်ခုလုံး လရောင်ဖြင့် ရွှေရည်ဆမ်းထားသည့်နှယ် သာတောင့်သာယာရှိနေပေလိမ့်မည်။ ကြည်နူးချမ်းမြေ့ဖွယ်ရာ ဖြစ်နေပေလိမ့်မည် ထင်သည်။

“ရေနံ့သာမှာဆိုလျှင်တော့”

ရေနံ့သာ ခင်ခင်ကြီးသည် တစ်ပိုင်းတစ်လက်စ အတွေးတစ်ရပ်ကို တွေးလိုက်သည်။ ထိုအခါ ရင်ထဲမှာ လှုပ်ရှားလာလေသည်လား မပြောတတ်။ ရေနံ့သာမှာဆိုလျှင်တော့ လရောင်ကို စိတ်တိုင်းကျ ခံစားရမည်ပင်။ လရောင်ဖြင့် သည်သို့ဆွတ်ပျံ့ဖွယ်ကောင်းလှအောင် သာတောင့်သာယာရှိလာခဲ့ပြီဆိုလျှင် ပေါ်သစ်ဦးလ၏ အလင်းရောင်ကို ဒေါ်ရေနံ့သာခင်ခင်ကြီး သတိတရ ခံစားတတ်လေ့ရှိသည်။ လရောင်သည် အခန်းတွင်းသို့ ချင်းနင်းဝင်ရောက်လာတတ်သည်။ အခန်းကြမ်းပြင်ပေါ်မှာ ကြာမြင့်စွာ ထင်ဟပ်နေလေ့ရှိသည်။ ရေနံ့သာခြံဝင်းအတွင်းမှ စိမ်းမြမြသစ်ရွက်များအပေါ်မှာ နားခိုလာတတ်သည်။ လေသည်လည်း ခြံဝင်းအတွင်းမှ ပန်းပေါင်းစုံတို့၏ အနံ့အသက်များကို ဆောင်ယူလာကာ သူ့အပါးတွင် ပျံ့နှံ့စေတတ်သည်ချည်း။

**ရေနံ့သာ**

ရန်ကုန်မြို့ ပြည်လမ်း ခုနစ်မိုင်ခွဲနှင့် ရှစ်မိုင် အကြားတွင် ကျယ်ဝန်းပြန့်ပြောသော ခြံကြီးတစ်ခြံ ရှိသည်။ ခြံကြီးမှာ အမျိုးမျိုးသော သီးပင်စားပင်တို့ဖြင့်လည်း ဝေဆာလျက်ရှိသည်။ အစုံစုံသော ပန်းပင် ပန်းအိုးတို့ဖြင့်လည်း သာယာလျက်ရှိသည်။

လမ်းနှင့် ဝေးလံသောနေရာတွင် ခေတ်အမီဆုံး ပုံစံဖြင့် တည်ဆောက်ထားသည့် နှစ်ထပ်တိုက်တစ်လုံးရှိသည်။ ခြံဝင်းသို့ဝင်ရာ တံခါးပေါက်အုတ်တိုင်တွင် ကြေးသားပြားကိုထွင်းလျက် ရေးထိုးထားသော စာအရ အိမ်ခြံဝင်း၏ အမည်ကို လူတို့ သိကြရသည်။

“ရေနံ့သာ”တည်း။

**ဒေါ်ရေနံ့သာခင်ခင်ကြီး**

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ယင်းခြံပိုင်ရှင်၊ ရေနံတွင်းစားရိုး၊ ချမ်းသာကြွယ်ဝသော အမျိုးသမီးကြီး တစ်ဦး၊ ဤသည်ကို လူတို့ ယေဘုယျ သိထားကြသည်။

“လူတို့သည် ဒေါ်ရေနံ့သာ ခင်ခင်ကြီးနှင့် စပ်လျဉ်း၍ စကားပြောဖြစ်ကြပြီဆိုလျှင် “ဒေါ်ရေနံ့သာခင်ခင်ကြီး”ဟူသောအမည်ကို အထူးတလည် သတိထားမိတတ်ကြသည်။ ရင်းနှီးကျွမ်းဝင်ခြင်း မရှိသေးသူများ အဖို့ ယင်းအမည်သည် ရှည်လျားသည်။ ဆန်းကြယ်သည်။ ရင်းနှီးကျွမ်းဝင်ခြင်း ရှိသူများအဖို့တွင်လည်း ယင်းအမည်ကို ခေါ်ဆိုရန် ရှည်လျားသည် မထင်ရစေကာမူ ဆန်းကြယ်မှုကိုကား ခံစားရတတ်မြဲပင်။

**အချို့က “ရေနံ့သာ”အိမ်ပိုင်ဆိုင်သောကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးဟု တွင်သည်ဆိုကြ၏။ အချို့ကမူ ရေနံချောင်းခေါ် ရေနံ့သာမြို့သူဖြစ်ခြင်းကြောင့် ယင်းအမည်ကို ရခဲ့သည်ဟု ယူဆကြသည်။**

**ဒေါ်ရေနံ့သာခင်ခင်ကြီးဟု ဝေးနီးနှံ့စပ် ကျော်ကြားထင်ရှားရခြင်း အကြောင်းတစ်ရပ် ရှိသေးသည်။ ၎င်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်၌က သူ့အား “ဒေါ်ခင်ခင်ကြီး” ဟု ခေါ်ဆိုသည်ကို မကြိုက်၊ မနှစ်သက်။ တစ်စုံတစ်ယောက်က သူ၏အမည်ကို သုံးစွဲရာ၌ ရှေ့မှ “ရေနံ့သာ” မပါလျှင် ငြူစူချင်သည်။**

အချို့က “ရေနံ့သာ”အိမ်ပိုင်ဆိုင်သောကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီးဟု တွင်သည် ဆိုကြ၏။ အချို့ကမူ ရေနံချောင်းခေါ် ရေနံ့သာမြို့သူဖြစ်ခြင်းကြောင့် ယင်းအမည်ကို ရခဲ့သည်ဟု ယူဆကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးဟု ဝေးနီးနှံ့စပ် ကျော်ကြားထင်ရှားရခြင်း အကြောင်းတစ်ရပ် ရှိသေးသည်။ ၎င်းမှာ ဒေါ်ရေနံ့သာခင်ခင်ကြီးကိုယ်၌က သူ့အား “ဒေါ်ခင်ခင်ကြီး” ဟု ခေါ်ဆိုသည်ကို မကြိုက်၊ မနှစ်သက်။ တစ်စုံတစ်ယောက်က သူ၏အမည်ကို သုံးစွဲရာ၌ ရှေ့မှ “ရေနံ့သာ” မပါလျှင် ငြူစူချင်သည်။ သူကိုယ်တိုင်လည်း ဘဏ်ချက်လက်မှတ် စာအုပ်တွင် လက်မှတ်ထိုးသည်ကအစ “ရေနံ့သာခင်ခင်ကြီး” ဟု ရေးထိုးတတ်မြဲ။ ခင်မင်ရင်းနှီးသူတစ်ဦးထံ စာရေးသားသည်ဆိုပါစို့၊ စာအစတွင် “ကျွန်မ ရေနံ့သာခင်ခင်ကြီး စာရေးအကြောင်းကြားပါသည်” စသည်ဖြင့် ရေးတတ်မြဲ။ ယုတ်စွအဆုံး ရုံးပြင်ကနားဆိုင်ရာ အရေးအခင်းများနှင့် စပ်လျဉ်း၍ တင်သွင်းသော စာများတွင်ပင် “ကျွန်မ ရေနံ့သာခင်ခင်ကြီး အစီရင်ခံပါသည်” ဟု ရေးတတ်ခဲ့မြဲပင်။

သို့ဖြင့် လူအပေါင်းတို့အကြားတွင် “ရေနံ့သာခင်ခင်ကြီး” ဟု အမည်သတင်း ကျော်စောခဲ့သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးအမည်ကသာ ထူးခြားသည် မဟုတ်သေး။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်နှင့် ပတ်သက်၍လည်း ထူးခြားသည်ဟု လူတို့ ပြောစမှတ်ပြုလေ့ရှိကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်မှာ အခြားသော နေရာများတွင် သာမန်ချမ်းသာကြွယ်ဝသူတစ်ဦး၏ ရုပ်ရည် သွင်ပြင်မျိုးပင်ဖြစ်သည်။ အသားအရေနူးညံ့သည်။ အမူအရာ သိမ်မွေ့သည်။ အခြားသူများနှင့် ခြားနားခြင်းမရှိလှ။

သို့ရာတွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာတွင် ရှိသော မှဲ့ရှင်တစ်လုံးသည်ကား ထူးခြားခြင်းကို အစဉ်ဆောင်သည်။ မှဲ့သည် လက်ယာဘက် နှုတ်ခမ်းအကွေးအစွန်းတွင် ရှိသည်။ ရွေးစေ့ငယ်ခန့်ရှိသည်။ မှဲ့ရှင်တွင် ရွှေရောင်အမွေးအမှင် သုံးလေးချောင်း ပေါက်ရောက်နေသည်။ ယင်းမှဲ့ကြောင့် ရုပ်သွင်မှာ ပို၍ခံ့ထည်လာသယောင် ထင်ရသည်။ စကားပြောလေပြီဆိုလျှင် မှဲ့ရှင်သည် လှုပ်ရှားနေတတ်ရာ လူတို့၏အကြည့်သည် မှဲ့ရှင်ပေါ်မှာ ကျရောက်နေသည်။ မှဲ့ရှင်ကပင် လူတို့၏ စိတ်အာရုံကို ဆွဲဆောင်ထားသည့်နှယ် ဖြစ်သည်။

စင်စစ် သူနှင့်ပတ်သက်သည့် အမှုအခင်းတစ်ခု ဖြစ်မလာမီကတည်းက ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ ထူးခြားသူ၊ ဆန်းကြယ်သူဖြစ်သည်။

လူအများက သူ့အား အာရုံစိုက်ကြသည်။ ဂရုတစိုက် ရှိကြသည်။ သူ့ကိုယ်၌ကမူ မည်သူ့ကိုမျှ အာရုံမစိုက်၊ ဂရုမထား။ တသီးတသန့် နေတတ်လေ့ရှိသည်ပင်။ အလုပ်အကိုင်နှင့် ပတ်သက်စပ်ဆိုင်ခြင်း မရှိဘဲနှင့် မည်သူ့ထံမျှ မသွား။ သူ့အိမ်သို့ လာရောက်တတ်သူများအားလည်း ရင်းနှီးဖော်ရွေစွာ ဧည့်ခံစကားပြောလေ့ရှိသူမဟုတ်။ သူ့အိမ်တွင်လည်း လူများများစားစား တွေ့ရတတ်သည်မဟုတ်ချေ။ ထိုအတွက်ရှေးမဆွကပင် လူတို့ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့်စပ်လျဉ်းကာ ပဟေဠိတစ်ပုဒ်သဖွယ်ဖြစ်နေသည်။

ပြီးလျှင် ယင်းအမျိုးသမီးကြီးမှာ အိမ်ထောင်မရှိ အထီးတည်းနေသည်ဖြစ်ခြင်းကြောင့် လက်တည့်စမ်းလိုသော သို့မဟုတ် သူ၏ ပစ္စည်းဥစ္စာများအပေါ် စုံမက်ခြင်းရှိသော သို့မဟုတ် သူ့၏ အလှအပတွင် ယစ်မူးသောသူအချို့တို့သည် တတ်နိုင်သမျှ ဒေါ်ရေနံ့သာခင်ခင်ကြီးအား ချဉ်းကပ်ကြသည်။ အကျွမ်းတဝင်ဖြစ်စေရန် တတ်နိုင်သမျှ အားထုတ်ကြသည်။

သို့ရာတွင် ယင်းသို့ကြိုးပမ်းအားထုတ်မိသူမှန်သမျှ လက်လျှော့ကြရသည်သာ ဖြစ်သည်။ နောက်ဆုတ်ကြရသည်သာ ဖြစ်သည်။

အချို့က ရေနံ့သာခင်ခင်ကြီးအား အပျိုကြီးဟု ထင်သည်။ အချို့ကမူ တစ်ခုလပ်လိုလို၊ မုဆိုးမလိုလို ပြောကြသည်။ တစ်စုံတစ်ဦးကမျှ အတိအကျ မပြောနိုင်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မည်သို့ ထင်ရှားသော ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ မည်သို့ကျော်ကြားသော သူကိုပင်ဆိုစေ သာမန်ထက်ပို၍ တလေးတစား ဆက်ဆံခြင်း၊ အရေးပေးခြင်းမပြု။

တစ်စုံတစ်ယောက်၏ ဒုက္ခသုခ၊ အခက်အခဲ အကျပ်အတည်းကိုလည်း စိတ်မဝင်စား။ ဘာသိဘာသာ နေလေ့ရှိသည်။ ယင်းသို့သောအဖြစ်အပျက်များ သူ့ဘဝ၌ အခါခါအကြိမ်ကြိမ် ကြုံခဲ့ပြီးဖြစ်ဟန်တူသည်။ လောကဓံ၏ ထုထောင်းနှိပ်စက်မှုဒဏ်ကို အဖန်တလဲလဲ ခံစားထိတွေ့ရဖူးသည့်ပမာ တည်ငြိမ်ရင့်ကျက်သူဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**



## စာရေးဆရာ မောင်သိန်းဆိုင်၏ ကိုယ်ရေးအကျဉ်း

စာရေးဆရာ မောင်သိန်းဆိုင်ကို ၁၉၄၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးရွာ၌ အဖ ဦးတင့်ဆန်း၊ အမိ ဒေါ်အုန်းရီတို့က ဖွားမြင်သည်။ အမည်ရင်းမှာ သိန်းဆိုင်ဖြစ်၍ ငယ်နာမည်မှာ ပိုကာဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး မဇင်းရပ်ကွက် မူလတန်းကျောင်း၊ ဇိုင်းဂနိုင်း(မြောက်ပိုင်း) ဆရာကြီး ဦးစံအေးကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ အလယ်တန်းနှင့် အထက်တန်းကို ပဲခူးအမှတ် (၁) အစိုးရ အထက်တန်းကျောင်း၌ သင်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဆယ်တန်းအောင်သည်။

အသက် (၁၃) နှစ်အရွယ်တွင် ရေးသားသည့် လည်ဆွဲရတနာ ဝတ္ထုတိုကို ၁၉၅၃ ခုနှစ် ဇွန်လထုတ် စုံထောက်မဂ္ဂဇင်းတွင် ဖော်ပြခံရသည်။

၁၉၆၀ ပြည့်တွင် အကောက်ခွန်ဌာန၌ တာဝန်ထမ်းဆောင်သည်။ ကလေးဂျာနယ်၊ သွေးသောက်မဂ္ဂဇင်းတို့တွင်ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပုံပြင်၊ ဘာသာပြန်များ ရေးသားသည်။ လျှို့ဝှက်သည်းဖိုမဂ္ဂဇင်း၌ ပင်တိုင်စာရေးဆရာဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် အကောက်ခွန်မှထွက်ကာ အချိန်ပြည့်စာရေးဆရာဘဝကို ခံယူသည်။

လုံးချင်းဝတ္ထု ၁၀၀ ကျော်၊ ဇာတ်ညွှန်း ၇၀ ကျော် ရေးသားခဲ့သည်။

လျှို့ဝှက်သည်းဖို မဂ္ဂဇင်း၊ ပန်မဂ္ဂဇင်းတို့တွင် စာတည်း၊ သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊ ဇော်ဂျီမဂ္ဂဇင်း တို့တွင် စာတည်းချုပ်အဖြစ် လုပ်ကိုင်သည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်တွင် ကွယ်လွန်ခဲ့သည်။

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဩဂုတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၇၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၁-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၂-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၈,၉၉၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၁၇၃)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၂၆,၂၀၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၇၃,၆၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၅၃၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၉၈,၈၇၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၃၈)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၃၇၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၄,၄၅၆,၈၅၇) ဦးအား ထိုးနှံပေးပြီးဖြစ်ပြီး ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁,၇၉၆,၈၃၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၆၆၀,၀၂၇) ဦး ရှိပြီဖြစ်ပါသည်။

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၂-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅)ခု | (၂၁)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၃)ခု | (၂၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၅)ခု | (၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၄၆)ခု | (၈)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂၉၀)ခု | (၂၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၉၀)ခု | (၄၂၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၈၉၂)ခု | (၁,၆၆၁)ဦး |
| စုစုပေါင်း | (၈,၉၉၁)ခု | (၂,၁၇၃)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၅၁၉၂၉၄ | ၃၀၄၆၃၀၅၆ | ၆၄၄၈၄၀ |
| ၂။ | အိန္ဒိယ | ၃၂၄၂၄၂၃၄ | ၃၁၆၃၆၄၆၉ | ၄၃၄၃၉၉ |
| ၃။ | ဘရာဇီး | ၂၀၅၅၆၄၈၇ | ၁၉၄၃၁၁၉၇ | ၅၇၄၂၄၃ |
| ၄။ | ရုရှား | ၆၇၄၇၀၈၇ | ၆၀၁၉၄၆၆ | ၁၇၆၀၄၄ |
| ၅။ | ပြင်သစ် | ၆၆၀၂၃၁၁ | ၆၀၃၃၃၅၂ | ၁၁၃၂၆၇ |
| ၆။ | ဗြိတိန် | ၆၄၆၀၉၃၀ | ၅၀၂၀၆၃၅ | ၁၃၁၅၉၁ |
| ၇။ | တူရကီ | ၆၁၉၇၀၄၁ | ၅၆၉၅၂၈၆ | ၅၄၃၂၇ |
| ၈။ | အာဂျင်တီးနား | ၅၁၃၀၈၅၂ | ၄၈၀၄၈၆၉ | ၁၁၀၂၁၇ |
| ၉။ | ကိုလံဘီယာ | ၄၈၈၆၈၉၇ | ၄၇၁၅၂၁၈ | ၁၂၄၁၂၂ |
| ၁၀။ | စပိန် | ၄၇၇၀၄၅၃ | ၄၀၇၈၈၄၆ | ၈၃၁၃၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၉၇၉၄၅၆ | ၃၅၄၆၃၂၄ | ၁၂၆၃၇၂ |
| ၂။ | ဖိလစ်ပိုင် | ၁၈၃၉၆၃၅ | ၁၆၈၁၉၂၅ | ၃၁၈၁၀ |
| ၃။ | မလေးရှား | ၁၅၅၅၀၉၃ | ၁၂၇၈၆၇၀ | ၁၄၁၆၈ |
| ၄။ | ထိုင်း | ၁၀၄၉၂၉၅ | ၈၃၉၆၃၆ | ၉၃၂၀ |
| ၅။ | မြန်မာ | ၃၇၃၆၈၅ | ၂၉၈၈၇၅ | ၁၄၃၇၄ |
| ၆။ | ဗီယက်နမ် | ၃၄၈၀၅၉ | ၁၄၇၆၆၇ | ၈၂၇၇ |
| ၇။ | ကမ္ဘောဒီးယား | ၈၉၂၃၁ | ၈၅၀၈၁ | ၁၇၉၂ |
| ၈။ | စင်ကာပူ | ၆၆၄၇၈ | ၆၅၅၂၈ | ၄၇ |
| ၉။ | လာအို | ၁၂၁၆၄ | ၄၆၀၄ | ၁၁ |
| ၁၀။ | ဘရူနိုင်း | ၁၇၆၉ | ၄၃၉ | ၃ |

## နောင်တရားမြို့၌ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

**နောင်တရား ဩဂုတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်း မြို့နယ် နောင်တရားမြို့၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အတွက် ငွေကျပ် ၇၅ သိန်းတန်ဖိုးရှိ ကျန်းမာရေးသုံးပစ္စည်းများကို ယနေ့နံနက်ပိုင်းက လှူဒါန်းသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက် နေသော အဖွဲ့အစည်းများဖြစ်သည့် နောင်တရားတိုက်နယ်ဆေးရုံနှင့် ကုသရေးဌာနများ၊ နောင်တရားမြို့ ပရဟိတအဖွဲ့များ၊ ဘုန်းတော်ကြီး ကျောင်းများသို့ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အခက်အခဲမရှိဆောင်ရွက်နိုင်ရန်အတွက် ဦးစိုးမြင့်နှင့်ဇနီးဒေါ်ဝါဝါအေး၊ ပြည့်ပြည့်ဖြူစင်ကုမ္ပဏီ၊ ကလေးမြို့က Test Kit ၅၀၀၊ ဦးနေဇောလင်း ဖီးနစ်ကတ္တားမန္တလေးက နှာခေါင်းစည်း ၂၅၀၀၊ ပိုးသတ်ဆေး ရှစ်ဘူး၊ လက်အိတ် သုံးဘူး၊ ရန်ကုန်မြို့အလှူရှင်များက N-95 နှာခေါင်းစည်း ၂၀၊ Exam Glove နှစ်ဘူး၊ သုံးလွှာနှာခေါင်းစည်းဘူး ၂၀၊ ကိုစိုး ကလေးမြို့ ဆေးဆိုင်က Remdesivir ၁၂ လုံး၊ နောင်တရားအာလူးအသင်းနှင့် Naungtayar Potato group Co.,ltd. က အောင်ဆီဂျင်စက် တစ်လုံး၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၅၀၊ လက်အိတ် ၁၀ ပုံး၊ သွေးဖောက်စစ်ပစ္စည်း သုံးခု၊ ခွဲစိတ်ခန်းသုံး မျက်မှန် ၁၀ ခု၊ N-95 နှာခေါင်းစည်း ၂၀၀၊ ကလိုရင်း ငါးဘူး စုစုပေါင်း ငွေကျပ် ၇၅ သိန်း တန်ဖိုးရှိ ကျန်းမာရေးသုံးပစ္စည်းများကို အလှူရှင်များကိုယ်စား



နောင်တရားမြို့ အာလူးအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးက ပေးအပ်လှူဒါန်းပြီး နောင်တရားမြို့ ပရဟိတအဖွဲ့များကိုယ်စား ဦးခွန်အောင်ထွန်းလင်းနှင့်အဖွဲ့ဝင်တစ်ဦးက လက်ခံရယူခဲ့သည်။ **ခွန်အောင်(နောင်တရား)**

# မိတ္ထီလာမြို့တွင် ဆောက်လုပ်နေသော အောက်ဆီဂျင်စက်ရုံအဆောက်အအုံ ဆောက်လုပ်ပြီးစီး

**မိတ္ထီလာ ဩဂုတ် ၂၂**
မိတ္ထီလာတွင်ဇူလိုင်လအတွင်းက စတင်ဆောက်လုပ်ခဲ့သော အောက်ဆီဂျင်စက်ရုံအဆောက်အအုံ ဆောက်လုပ်မှုပြီးစီးသွားပြီဖြစ်ပြီး အောက်ဆီဂျင်စက်ရောက်ရှိပါက စတင်ပေးဝေနိုင်မည်ဖြစ်ကြောင်း အဆိုပါအောက်ဆီဂျင်စက်ရုံအားတာဝန်ယူဆောက်လုပ်သည့် ဦးဆောင်စေတနာရှင်များအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

"အောက်ဆီဂျင်စက်ရုံအဆောက်အအုံ ဆောက်လုပ်တဲ့လုပ်ငန်းက နည်းနည်းအချောသပ်လုပ်စရာလေးတွေ ကျန်ရှိနေသေးပေမယ့် အားလုံးဆောက်လုပ်ပြီးစီးသွားပြီလို့ပြောနိုင်ပါတယ်။ အောက်ဆီဂျင်စက်ကို မှာယူထားတဲ့ ကုမ္ပဏီက ဩဂုတ်လ ၂၆ ရက်နေ့ စက်ရောက်ရှိမယ်လို့ပြောထားပါတယ်။ စက်ရောက်ရှိတာနဲ့ အောက်ဆီဂျင် စတင်ပေးဝေနိုင်မှာဖြစ်ပါတယ်ဟု"အဆိုပါ တာဝန်ရှိသူက ပြောသည်။

မိတ္ထီလာတွင်ဆောက်လုပ်သည့် အဆိုပါ အောက်ဆီဂျင်စက်ရုံတွင် စက်ရောက်ရှိတပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ၁၂၀ အထိ ထုတ်လုပ်ဖြန့်ဝေနိုင်မည်ဖြစ်ပြီး မိတ္ထီလာမြို့နယ်အတွက်သာမက ခရိုင်အတွင်းရှိ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များနှင့် အနီးပတ်ဝန်းကျင်ရှိ မြို့များအတွက်ပါ ဖြန့်ဝေနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။ အဆိုပါအောက်ဆီဂျင်စက်ရုံအား မိတ္ထီလာဒေသခံစေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် ဆောက်လုပ်ခြင်းဖြစ်သည်။ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ဦးဆောင်စေတနာရှင်များအဖွဲ့တို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကာ စုစုပေါင်းကုန်ကျမည့်တန်ဖိုးအား ငွေကျပ်သိန်းနှစ်ထောင့်ရှစ်ရာခန့် ခန့်မှန်းလျာထားဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**





# မော်လိုက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မော်လိုက် ဩဂုတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ကာကွယ်ဆေးမထိုးနှံရသေးသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူများအတွက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဆေးထိုးစုရပ်ဖြစ်သည့် တောင်းအင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)နှင့် ပန်းသာကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခဲ့သည်။

ဆေးလာရောက်ထိုးနှံသူများအား မြို့နယ်ထွေ/အုပ် ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းနှင့် အောက်ဆီဂျင်တိုင်းတာစစ်ဆေးခြင်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အထောက်အကူဖြစ်စေရန် ရရှိထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၁၅၀၀ တို့အား ဦးတည်အုပ်စုအလိုက် စာရင်းကောက်ယူပြုစုထားသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ စုစုပေါင်း ဦးရေ ၃၀၀၀ ကို ဆေးထိုးစုရပ်ငါးခုဖြင့် အုပ်စုများခွဲ၍ ထိုးနှံပေးခဲ့ရာ ယနေ့အချိန်ထိ လူဦးရေ စုစုပေါင်း ၂၁၈၀ ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ပြည်သူများအတွက်ကိုလည်း ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# ယင်းမာပင်မြို့နယ်တွင် စတုတ္ထအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမနေ့အဖြစ် ဆက်လက်ထိုးနှံပေး

**ယင်းမာပင် ဩဂုတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးသူများအား ယနေ့ ပဉ္စမနေ့အဖြစ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေးလျက်ရှိ**

ယင်းမာပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဩဂုတ် ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် လူဦးရေ ၄၇၀၀ ထိုးနှံပေးနိုင်ခဲ့သည်။ ယခုထပ်မံရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော (Sinopharm)ဆေးအမျိုးအစား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၀၀ အား လူဦးရေ ၂၀၀၀ ကို ဩဂုတ် ၁၈ ရက်မှ စတင်၍ ယင်းမာပင်မြို့ အထကကျောင်း၊ ရွှေတောင်ဦးဘုန်းကြီးကျောင်း




ဓမ္မာရုံ၊ ဖိုလ်ဝင်တောင်ကျောင်းဓမ္မာရုံ စုစုပေါင်း စုရပ် သုံးနေရာသတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။ ဩဂုတ် ၁၈ ရက်တွင် ၄၃၆ ဦး၊ ဩဂုတ် ၁၉ ရက်တွင် ၁၁၇၅ ဦး၊ ဩဂုတ် ၂၀ ရက်တွင် ၁၀၂ ဦး၊ ဩဂုတ် ၂၁ ရက်တွင် ၁၆၃ ဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ယနေ့ ပဉ္စမနေ့အဖြစ် အထကကျောင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

စတုတ္ထအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ပဉ္စမနေ့အဖြစ် ဆက်လက်ထိုးနှံပေးရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးမန်ကိုဟောနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းဖြိုးဟန်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းတို့မှ လိုအပ်သည့် အကူအညီများ ပံ့ပိုးကူညီပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ယင်းမာပင်)**



# ဝက်လက်မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် လူဦးရေ ၆၀၀၀ ထိုးနှံပြီး

**ဝက်လက် ဩဂုတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအကြိမ်အဖြစ် လူဦးရေ ၆၀၀၀ ကို ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးများကို ရဟန်းသံဃာများ၊ ကာကွယ်ဆေး မထိုးရသေးသည့် ဝန်ထမ်းများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကဆေးခန်းများမှ ဝန်ထမ်းများ၊ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေသူများ၊ ဘိုးဘွားရိပ်သာမှ သက်ကြီး ဘိုးဘွားများ၊ သီလရှင်များ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးတွင် လုပ်ကိုင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများ၊ ဈေးရောင်းချသူများကို ထိုးနှံပေးပြီးကြောင်းသိရသည်။

ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံခြင်းလုပ်ငန်းကို ဝက်လက်မြို့နယ်အတွင်း စုရပ်သုံးခုတွင် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ၊ ပထမအကြိမ် ဩဂုတ် ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် လူဦးရေ၂၀၀၀ ကို လည်းကောင်း၊ ဒုတိယအကြိမ် ဩဂုတ် ၇၊ ၈ ၊ ၉ ရက်တို့တွင် လူဦးရေ၂၀၀၀ ကိုလည်းကောင်း၊ တတိယအကြိမ် ဩဂုတ် ၁၄ ရက်တွင် လူဦးရေ ၁၀၀၀ ကိုလည်းကောင်း၊ စတုတ္ထအကြိမ် ဩဂုတ် ၂၀ ရက်က လူဦးရေ ၁၀၀၀ စုစုပေါင်း လူဦးရေ ၆၀၀၀ ကို ပထမအကြိမ်အဖြစ် ထိုးနှံပြီးကြောင်း မြို့နယ်အဆင့် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**စိုးစိုးလှိုင်( ဝက်လက်)**

# မိုင်းဖြတ်မြို့၌ အခြေခံစားကုန်များ လှူဒါန်း



**မိုင်းဖြတ် ဩဂုတ် ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်၌ ကျိုင်းတုံမြို့ အာခါနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (လူငယ်ဌာန)မှ မြို့နယ်အတွင်းရှိ အခြေခံလူတန်းစား အိမ်ထောင်စုနှင့် နေအိမ်တွင် နေထိုင်ရသည့် အိမ်ထောင်စုများသို့ အခြေခံစားကုန်များကို ယနေ့နံနက် ၁၀ နာရီခန့်က သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့အခြေခံစားကုန်များ သွားရောက်လှူဒါန်းရာတွင် ကျိုင်းတုံမြို့ အာခါနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ လှူဒါန်းသည့် ကြက်သွန်နီ၊ ဟင်းချိုမှုန့်၊ ဆား၊ ဆီနှင့် ဒေါက်တာနန်းမာလာဝမ်က လှူဒါန်းသည့် မားမားခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ မုန့်တို့ကို ကျိုင်းတုံမြို့ အာခါနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် (လူငယ်ဌာန)မှ ဦးဂျာဩဂတ်စတင်းနှင့် ဒေါ်မီကျားတို့က မိုင်းဖြတ်မြို့အဝင်တွင် မိုင်းဖြတ်မြို့ လူမှုကူညီရေးအသင်းသို့ လွှဲပြောင်းပေးအပ်ခဲ့ရာ ဥက္ကဋ္ဌ ဦးစိုင်းဆေးနော်နှင့် အသင်းဝင်များက လက်ခံရယူခဲ့သည်။

ထို့နောက် မိုင်းဖြတ်မြို့ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်လူငယ်များက မိုင်းဖြတ်မြို့ရှိ အခြေခံလူတန်းစား အိမ်ထောင်စု ၆၂ စုနှင့် နေအိမ်တွင် နေထိုင်ရသည့် ၃၄ အိမ် စုစုပေါင်း ၉၆ အိမ်ကို အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး**

## ဟုမ္မလင်းမြို့၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိ



**ဟုမ္မလင်း ဩဂုတ် ၂၂**
ဟုမ္မလင်းမြို့၌ ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းတာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အထက်ကျော်လွန်ပြီး ၂၉၁၅ စင်တီမီတာသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်၌ ဩဂုတ်လ ဒုတိယပတ်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးရေနှင့်အင်းရေပေါင်းစပ်ပြီး မြေနိမ့်ပိုင်းရှိ ကွက်သစ်ရပ်ကွက် အိမ်ထောင်စုအချို့တွင် မိုးရေဝင်ရောက်နေသော်လည်း ဟုမ္မလင်းမြို့တွင်း ချင်းတွင်းမြစ်ရေ ဝင်ရောက်ခြင်းမရှိသေးကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ်၌ မိုးအဆက်မပြတ်ဆက်လက်ရွာသွန်းနေပြီး ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် ချင်းတွင်းမြစ်ကမ်းအနီးရှိ ကျေးရွာများနှင့် မြေနိမ့်ပိုင်းတွင် နေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများက ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် နေ့စဉ် သတိပေးနှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

**ချန်လော (ဟုမ္မလင်း)**

## ဖောင်းပြင်မြို့နယ်၌ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အနီးရောက်ရှိနေ၍ သတိပေးနှိုးဆော်

**ဖောင်းပြင် ဩဂုတ် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်၌ ချင်းတွင်းမြစ်ရေသည် မြို့၏ စိုးရိမ်ရေမှတ်အနီးတွင် ရောက်ရှိနေပြီး ဆက်လက်မြင့်တက်လျက်ရှိရာ ပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ယမန်နေ့ ညနေပိုင်းက သတိပေးနှိုးဆော်ခဲ့သည်။

ဖောင်းပြင်မြို့နယ်၌ ယနေ့နံနက် ၆ နာရီအချိန်တိုင်းတာချက်အရ မြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် တစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိပါက မြေနိမ့်ပိုင်း၌ နေထိုင်ကြသည့် မြို့ပေါ်ရပ်ကွက်နှစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်ကာ ပြည်သူတို့၏ ပစ္စည်းဥစ္စာများ၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ပြီး ထိုသို့ဆုံးရှုံးမှုများမဖြစ်ပေါ်ရေးအတွက် ကြိုတင်သတိပေး ကြေညာရခြင်းဖြစ်ကြောင်း၊ လက်ရှိရေအမှတ်၌ပင် မြို့ပေါ်ရပ်ကွက်အချို့၌ ရေများဝင်ရောက်နေပြီဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်လင်းအောင်က ပြောကြားသည်။

ချင်းတွင်းမြစ်ရေသည် ဆက်လက်မြင့်တက်လာနိုင်ကြောင်း၊ လက်ရှိရေမှတ်မှာ စိုးရိမ်ရေမှတ်အနီး ရောက်ရှိနေသဖြင့် ပြောင်းရွှေ့နိုင်သော ပစ္စည်းများ ပြောင်းရွှေ့ထားကြပြီး ကျွဲ၊ နွား၊ မြင်းနှင့် အိမ်မွေးတိရစ္ဆာန်တို့ကို ကုန်းမြင့်ရာသို့ ရွှေ့ပြောင်းထားကြရန်၊ အရေးပေါ်အကူအညီများ လိုအပ်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်အကြောင်းကြားကြရန် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့်တကွ ကြေညာခဲ့ကြောင်း သိရသည်။

**ကိုထွန်း(ဖောင်းပြင်)**



## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

**နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် –**

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့်စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန**

# ရပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ပုသိမ်ကြီးမြို့နယ် ပရဟိတအသင်းသို့ လာရောက်အားဖြည့်ကူညီ

**ပုသိမ်ကြီး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်ကျေးရွာရှိ မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်းရုံးနှင့် အောက်ဆီဂျင် အခမဲ့ဖြန့်ဖြူးပေးသည့် အသင်းခွဲနေရာ ရွှေလှည်း (tea garden) သို့ အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် ယနေ့နံနက် ၉ နာရီက ရောက်ရှိပြီး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်အချို့အား တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအသိများ ပြန်လည်မျှဝေ ပြောကြားခဲ့သည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင်ဝေဠုကျော်သည် မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးမျိုးဝင်းနိုင်နှင့် အသင်းသားများအား ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် လူမှုကူညီရေးပရဟိတလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အသုံးဝင်မည့် တစ်ကိုယ်ရေသုံး ဝတ်စုံ စနစ်တကျ ဝတ်ဆင်ပုံအား သရုပ်ပြရှင်းလင်းပြသပေးခဲ့သည်။

**ပါဝင်အားဖြည့်**

ထို့နောက် မေတ္တာစေတနာရှင် လူမှုကူညီရေးအသင်း၏ နာရေးလမ်းကြောင်းတစ်ခု၌လည်း အသင်းဝင်များနှင့် အတူ အသင်းမော်တော်ယာဉ်မောင်းပြီး ပါဝင်အားဖြည့်ဆောင်ရွက်ပေးခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်သည် ယမန်နေ့က ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မန္တလေးနည်းပညာတက္ကသိုလ် (MTU)၌ ဖွင့်လှစ်ထားသော ရန်ကင်းကိုဗစ်စင်တာ (မန္တလေး) သို့လည်း သွားရောက် အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရသေ့တောင်မြို့၌ အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်း



**ရသေ့တောင် ဩဂုတ် ၂၂**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း စားဝတ်နေရေးခက်ခဲနေသော လက်လုပ်လက်စား အခြေခံလူတန်းစားများအတွက် ငွေကျပ် ခုနစ်သိန်းကျော်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များအား ရသေ့တောင် လူငယ်များအဖွဲ့အစည်းက ယနေ့ နံနက်ပိုင်းတွင် သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အခြေခံလူတန်းစားများအတွက် စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပေးရာတွင် ရသေ့တောင်လူငယ်များအဖွဲ့အစည်းအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ရသေ့တောင်မြို့ အရှေ့မြောက်ရပ်ကွက်ရှိ စားဝတ်နေရေးခက်ခဲနေသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၀၀ အတွက် ဆန်၊ ကြက်ဥ၊ ကြက်သွန်တို့ကို အိမ်တိုင်ရာရောက် လှူဒါန်းပေးခဲ့သည်။

ရသေ့တောင်မြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးခက်ခဲနေသော အခြေခံလူတန်းစားများအတွက် လုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများနှင့် လူမှုရေးပရဟိတအဖွဲ့အစည်းများက အခြေခံစားသောက်ကုန်များကို တစ်နိုင်တစ်ပိုင် ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

# ညောင်ဦးမြို့အတွင်းရှိ အခြေခံလူတန်းစားများအား မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ ဖြန့်ဝေ

**ညောင်ဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံ အောက်ဆီဂျင်အထောက်အကူပြုအဖွဲ့က ညောင်ဦးမြို့ အခြေခံလူတန်းစားများအတွက် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အခက်အခဲဖြစ်နေသောအိမ်ထောင်စု ၂၀၀၀ ကျော် အဆင်ပြေစေရန်အတွက် ယနေ့ နံနက် ၉ နာရီမှစတင်ပြီး ရပ်ကွက်များအတွင်း မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များ ပေးဝေခဲ့ကြောင်း သိရသည်။

ထိုသို့ မီးဖိုချောင်သုံးဟင်းချက်စရာများ ဝေငှရာတွင် ဂေါ်ဖီထုပ်တစ်ထုပ်၊ ပန်းဂေါ်ဖီပွင့် တစ်ပွင့်၊ ကြက်သွန် ၅၀ ကျပ်သား၊ ခရမ်းချဉ်သီး ၅၀ ကျပ်သား၊ အာလူး ၅၀ ကျပ်သားစီအား အမှတ်(၇)ရပ်ကွက် ဝက်ကြီးအင်းရပ်ကွက်နှင့် မြင်းကပါကျေးရွာတို့ရှိ အိမ်ထောင်စု ၂၀၀၀ အတွက် မီးဖိုချောင်သုံး ဟင်းချက်စရာ ဟင်းသီးဟင်းရွက်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များအား ရှမ်းပြည်နယ် အောင်ပန်းမြို့သို့ ယမန်နေ့က ၁၀ ဘီးကားတစ်စီးဖြင့် ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး အောက်ဆီဂျင် အထောက်အကူပြုအဖွဲ့က ဦးဆောင်ကာ သွားရောက်ဝယ်ယူခဲ့ပြီး ညောင်ဦးမြို့ အခြေခံအိမ်ထောင်စု ၂၀၀၀ အား ယနေ့ နံနက် ၉ နာရီမှ စတင်ဖြန့်ဝေခဲ့ရာ ညနေ ၄ နာရီခွဲတွင် ဖြန့်ဝေပြီးစီးခဲ့ကြောင်း ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီး အောက်ဆီဂျင်အထောက်အကူပြုအဖွဲ့ထံမှ သိရသည်။

**ကိုထိန်**



**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် **ပြည်သူများ ပူးပေါင်းပါဝင်မှုသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည် ဖြစ်ပါသည်။** သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့် နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကို စနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက် မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင်တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ တပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့် အနီးကပ်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေး ထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျ ပါဝင်ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**


## အများသိရှိရန်ကြေညာအပ်ပါသည်

ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မကီးယား(ခ)ဒေါ်ကြည်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ်(၇၀)၊ အခန်း(၄၀၄)နေ အဖ [ဟာဂျီအီဘရာဟင်(ခ)ဦးလှထွန်း]နှင့် အမိ ဒေါ်မကီးယား(ခ)ဒေါ်ကြည်တို့က (၁၃-၁၂-၂၀၁၁) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ၎င်းတို့၏ သားဖြစ်သူ မောင်ရဲဝဏ္ဏထွန်း(ခ)ပါပူး[၁၂/ဒဂန(နိုင်)၀၂၉၇၄၃]အား အမွေပြတ်သားအဖြစ်ကြော်ငြာခဲ့ပါသည်။ ယခုအခါ ခင်ပွန်း [ဟာဂျီအီဘရာဟင်(ခ)ဦးလှထွန်း]ကွယ်လွန်ခြင်းနှင့် သားဖြစ်သူ မောင်ရဲဝဏ္ဏထွန်း(ခ)ပါပူးမှလည်း (၁-၆-၂၀၁၂)ရက်နေ့မှစ၍ မိဘများအားဝန်ချတောင်းပန်ပြီး မိသားစုနှင့်အတူ နေထိုင်စားသောက်ပြီး စီးပွားရေးအတူလုပ်ကိုင်၍ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် မိခင်မှသားဖြစ်သူအား လက်ခံခွင့်လွှတ်ပြီး အဆိုပါအမွေပြတ်စွန့်လွှတ်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**မိခင် ဒေါ်မကီးယား(ခ)ဒေါ်ကြည်**
**[၁၂/ဒဂန(နိုင်)၀၂၂၉၅၁]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်နိုင် [B.A,R.L,(Advocate)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၈၇)**
**ဖုန်း-၀၉-၅၀၁၅၄၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရင်တိုက်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်-(၅၆၇/Aက)၊ ကွင်းအမည်-ကင်ပလင်းကွင်းဟုခေါ်တွင်သည့် ဦးပိုင်အမှတ်-၅၅၊ ဧရိယာအကျယ်အဝန်း(၁.၂၀)ဧက ဦးမြင့်ခိုင် အမည်ပေါက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရောက်ရောင်းချပိုင်ခွင့်ရှိသူ ဦးမြင့်ခိုင်[၁၂/မရက(နိုင်)၁၂၅၁၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီအောင်[၉/တသန(နိုင်)၁၁၅၂၄၁]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား(မြေပြေစာ)မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးပိုင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျွန်စစ်သားလမ်း၊ အောင်မြေသာယာ၊ Shop House၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**


## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်



**ထန်ပါခွေ ဩဂုတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်ပါခွေမြို့တွင် ယနေ့နံနက် ၁၀ နာရီက နှာခေါင်းစည်းတပ်ဆင်ရေး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အလှူရှင်များက လှူဒါန်းသော နှာခေါင်းစည်းအခု ၅၀၀ နှင့် လက်သန့်ဆေးရည် ၁၀ ဘူးကို ထန်ပါခွေမြို့ဌာနဆိုင်ရာဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး အတတ်နိုင်ဆုံး မိမိနေအိမ်တွင်သာနေထိုင်ကြရန်၊ မဖြစ်မနေအိမ်ပြင်ထွက်ရပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ပြီးမှသွားလာကြရန်၊ လက်ကို မကြာခဏဆပ်ပြာ၊ လက်သန့်ဆေးရည်တို့ဖြင့် ဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင် ပြောဆိုဆက်ဆံကြရန်၊ လူစုလူဝေးကိုရှောင်ရှားကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ရောဂါကာကွယ်ရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်နှင့် ရောဂါသံသယရှိပါက ကျန်းမာရေးဌာနနှင့် ဆက်သွယ်ကာ ဆေးစစ်ခံယူကုသကြရန် အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ဟန်ထွန်း(အင်း၀)**

## ဇန်းမော်မြို့နယ်၌ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**ဇန်းမော် ဩဂုတ် ၂၂**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်တွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း မြစ်ရေများဝင်ရောက်သဖြင့် ရေကြီးနစ်မြုပ်၍ ကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းနေထိုင်သည့် ရေဘေးသင့် အိမ်ထောင်စုများအား ယနေ့နံနက် ၉ နာရီတွင် ထောက်ပံ့ငွေများ သွားရောက်ထောက်ပံ့ပေးအပ်သည်။



ထိုသို့ သွားရောက်ထောက်ပံ့ပေးအပ်ရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သာစည်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ပင်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် ဆင်ကုန်းအခြေခံပညာမူလတန်းကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသည့် ရေဘေးရှောင်ပြည်သူ အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၈၆ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် တစ်ပတ်စာဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၈၁၀၆၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူဦးရေ ၃၈၆ ဦး**

ပေါက်ကုန်း ရပ်ကွက်မှ အိမ်ထောင်စု ၃၁ စု၊ လူဦးရေ ၁၁၉ ဦး၊ သီရိရပ်ကွက်မှ အိမ်ထောင်စု ၂၄ စု၊ လူဦးရေ ၉၉ ဦးနှင့် ခွန်သာရပ်ကွက်မှ အိမ်ထောင်စု ၁၅ စု၊ လူဦးရေ၅၁ ဦးသည် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ မင်းကျောင်းကုန်းရပ်ကွက်မှ အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၄၃ ဦး၊ ညောင်ပင်ရပ်ကွက်မှ အိမ်ထောင်စု နှစ်စု၊ လူဦးရေ ခြောက်ဦးတို့သည် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင်လည်းကောင်း၊ ဆင်ကုန်းရပ်ကွက်မှ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၆၈ ဦးတို့သည် ဆင်ကုန်းအခြေခံပညာမူလတန်းကျောင်းတွင်လည်းကောင်း စုစုပေါင်း အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၈၆ ဦး ရောက်ရှိထားကြောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်ဌေးက ပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## ဇူလိုင်လအတွင်းမှစ၍ ရော်ဘာဈေးနှုန်းမြင့်တက်လာသဖြင့် ရော်ဘာစိုက်ပျိုးတောင်သူများ အဆင်ပြေ

**နေပြည်တော် ဩဂုတ် ၂၂**

ရော်ဘာစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် ပြီးခဲ့သည့်ဇူလိုင်လမှစ၍ ရော်ဘာအစေးပြား တစ်ပေါင်လျှင် ငွေကျပ် ၁၀၀၀ ဈေးနှုန်းနီးပါး မြင့်တတ်လာ၍ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှည်းကူးမြို့နယ် အမြန်လမ်း မိုင်တိုင်အမှတ် ၂၉ မိုင်ဝန်းကျင်ရှိ ရော်ဘာစိုက်ပျိုးသူများထံမှ သိရသည်။

"ပြီးခဲ့တဲ့ဇူလိုင်လကစပြီး ရော်ဘာ တစ်ပေါင်ကို ငွေကျပ် ၉၀၀ ကျော် ၁၀၀၀ နီးပါးရရှိလာပါတယ်။ ကျွန်တော့်မှာ ၃၈ ဧကရှိပါတယ်။ ၂၅ ဧက က အပင်သက်တမ်း ၁၅ နှစ်ရှိပြီး ကျန်တဲ့ ၁၃ ဧကက ၁၀ နှစ်ခန့်ရှိပါတယ်။ ၂၀၁၃ ခုနှစ်လောက်မှာ တစ်ပေါင်ကို ငွေကျပ် ၁၂၀၀ နှုန်းရခဲ့ဖူးတယ်။ တစ်ပေါင်ကို ငွေကျပ် ၇၀၀ နှုန်းအောက်ရောက်ရင်တော့ အရှုံးပေါ်ပါတယ်" ဟု တောင်သူတစ်ဦးက ပြောသည်။

ယင်းဒေသ ရော်ဘာစိုက်ပျိုးရေးတောင်သူများသည် လက်ရှိတွင် မိမိတတ်ကျွမ်းသည့်နည်းစနစ်များဖြင့်သာ လုပ်ကိုင်နေရပြီး စနစ်တကျတတ်ကျွမ်းသည့် နည်းပညာရှင်များထံ လေ့လာဆည်းပူး၍သင်ကြားရန် ဆန္ဒရှိကြကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်မှ စိုက်ပျိုးစရိတ်ချေးငွေများနှင့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်မည်ဆိုပါက မြန်မာ့ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်သူများက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးမြေဧက စုစုပေါင်းမှာ ၂၆၀၁၁ ဧကရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

**✻ မန်ယူအသင်း**

ဝုလ်ဗက်အသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်မှာတော့ ပွဲကစားချိန် ကိုးမိနစ်မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးနဲ့ ဝုလ်ဗက်အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပင်နယ်တီကို ဒီလီအလီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စပါးအသင်းဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်မှာ လက်ရှိချန်ပီယံ မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားတာကြောင့် နှစ်ပွဲကစားအပြီးမှာ ရမှတ်ခြောက်မှတ်အထိ စုဆောင်းထားနိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ဦးစိန်ပို မြင်းမူ(ခွက်ခွင်းရွာ)**
**ဒုတိယဥက္ကဋ္ဌ၊ မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့၊**
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ထွေ/အုပ်၊ တရားလွှတ်တော်ရှေ့နေ**

## အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉၀)၊ ပထမထပ်(ဝဲ)၊ (၃၇)လမ်းနေ (ဦးဘိုးထွား–ဒေါ်လှခင်)တို့၏ သား၊ (ဦးတင်–ဒေါ်မြတင်)တို့၏ သားသမက်၊ ဒေါက်တာလှလှချို–ဦးညီညီဝင်း၊ ဦးရဲဝင်းအောင်(USA)တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်အေးအေး၏ ချစ်လှစွာသော ခင်ပွန်း ဦးစိန်ပိုသည် ၂၂–၈–၂၀၂၃ (တနင်္ဂနွေနေ့)နံနက် ၀၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ယင်းနေ့တွင်ပင်ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးအင်စော

**(ဒု –ဥက္ကဋ္ဌ)UPG Co.,Ltd**
**(M.D)UCF Co.,Ltd**

## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ River View Condo၊ အခန်းအမှတ်(804–B) နေ (ဦးဝိလျှံ–ဒေါ်အောင်ပို)တို့၏သား၊ ဒေါ်ကြည်ကြည်လှ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမျိုးဟိန်းကျော်၊ ဦးသန်းဇော်ဦးတို့၏ ဖခင်သည် ၂၀–၈–၂၀၂၃ (သောကြာနေ့) နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁–၈–၂၀၂၃ (စနေနေ့) နံနက်၁၁:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးစိုးပိုင်**
**သချာၤပါမောက္ခ(ငြိမ်း)၊ အဝေးသင်တက္ကသိုလ်**
**ရေနံချောင်းဒေသကောလိပ်ကျောင်းအုပ်ကြီးဟောင်း**
**စာရေးဆရာရွှေခြံသက်ပိုင်**
**(စာပေဗိမာန်စာမူဆုရှင်)**

## အသက် (၈၄)နှစ်

နွားထိုးကြီးမြို့နေ (ဦးရွှေ–ဒေါ်အေးတင်)တို့၏သား၊ မြင်းခြံမြို့နေ (ဦးကျော်ဟိုး–ဒေါ်မြညွန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ (၈)မိုင်၊ မရမ်းကုန်းနေ ဒေါ်ခင်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ အသျှင်ဣန္နာဉာန၏ ရဟန်းဒါယကာကြီး၊ ဒေါ်ဥမ္မာပိုင်(တွဲဖက်ပါမောက္ခ–ငြိမ်း၊ ဒဂုံတက္ကသိုလ်)၊ ဦးရွှေဘော်ပိုင်၊ ဒေါ်သူဇာပိုင်(ညွှန်မှူး–ငြိမ်း၊DEPP)၊ ဒေါ်သန္တာပိုင်(ကျောင်းအုပ်)၊ (ဦးရွှေဖြိုးပိုင်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးလေးယောက်တို့၏အဘိုးသည် ၂–၈–၂၀၂၃ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
**ခမ္မောခယေ၊ ဘ/က မူလွန်ကျောင်း၊ ကျောင်းထိုင်ဆရာတော်**
**ဘဒ္ဒန္တ ဦးဩဘာသ**
**(ဦးကျော်ရှိန် ကသ–၄၄၊ သူရ–၇၊ ဖောင်ကြီး)**

## သိက္ခာတော် (၂၄)ဝါ၊ သက်တော် (၇၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ခမ္မောခယေ၊ (ဘက)မူလွန်ကျောင်း၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဦးဩဘာသသည် ၂၀–၈–၂၀၂၃ ရက် ည ၁၀:၄၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၁–၈–၂၀၂၃ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သူရ(၇)၊ ဖောင်ကြီးသင်တန်းကျောင်း၊
ရဲအရာရှိနှင့်မိသားစုများ

# ဒေါ်ခင်စိုးရီ

**(Shirley Thoung Pe)**
**ဒုစီမံကိန်းမှူး(ငြိမ်း) ပညာရေးစီမံကိန်းဌာန**
**[တောင်ငူ–စိန့်ဂျွန်းဇက်ကွန်ဗင့်အထက်တန်းကျောင်း၊**
**အစိုးရအထက်တန်းကျောင်း–အမှတ်(၁)]**
**[ရန်ကုန်–အစိုးရအလယ်တန်းကျောင်း–အမှတ်(၄)မင်္ဂလာဒုံ၊**
**အစိုးရအထက်တန်းကျောင်း–အမှတ်(၂)ဒဂုံ၊ ပညာရေးစီမံကိန်းဌာန]**

## အသက် (၇၈)နှစ်

တောင်ငူမြို့၊ ဘုရားလမ်းနေ (ဦးသောင်းဖေ–ဒေါ်သန်းတင်)တို့၏သမီး၊ (ဒေါ်အေးရီ)၊ (ဒေါ်ညွန့်ရီ)၊ ဦးထွန်းသိန်း၊ ဦးစိုးနောင်၊ ဒေါ်နှင်းဆီ တို့၏ညီမ၊ ဒေါက်တာအေးလွင်၊ ဒေါက်တာခင်စောရီတို့၏အစ်မ၊ တူ၊တူမ ၁၆ယောက်တို့၏အဒေါ်၊ ကြီးကြီးမြေးများ၏အဘွားလေး ဒေါ်ခင်စိုးရီသည် ၁၆–၈–၂၀၂၃ရက် ည ၈:၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၇–၈–၂၀၂၃ ရက်တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယိကာမကြီး**

# ဒေါ်ခင်စန်းကြည်

## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ မေခအိမ်ရာ၊ မေခလမ်းသွယ်(၁)၊ တိုက်(၄)၊ အခန်း(၁၀၁)နေ (ဝဏ္ဏကျော်ထင် ဦးထွန်းဖေ(၁)–ဒေါ်ခင်လှ)တို့၏သမီးကြီး၊ (ဦးမောင်မောင်ဦး–ဒေါ်မြစိန်)တို့၏ချွေးမ၊ (ဗိုလ်ကြီးမောင်မောင်–ငြိမ်း)(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ဇနီး၊ (ဦးထိန်ဝင်း)၊ ဦးထိန်လင်း၊ ဦးထိန်မင်း–ဒေါ်ဥမ္မာဝင်း၊ ဦးမိုးဝင်းဇော်၊ ဗိုလ်မှူးနေထွန်းဦး(ငြိမ်း)–ဒေါ်ဥမ္မာလှမြင့်ထွေး၊ ဦးစိုးမိုးကျော်–ဒေါ်ချောကလျာ၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၂–၈–၂၀၂၃ရက် နံနက် ၁၀:၅၅နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

မူး
ယစ်
ကို
ပစ်
ပန်း
တိုင်
သစ်
စိတ်
သစ်
လူ
သစ်
ဘဝ
သစ်

# ဦးသက်တင်

**(လ/ထ မန်နေဂျာ–ပုံနှိပ်–ငြိမ်း)**

## အသက်(၇၅)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ (၅၇)လမ်း၊ (၁၀၆–၁၀၇)ကြား၊ (ဆဆ–၃/၃၀)နေ ဒေါ်သိန်းသိန်းအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာယဉ်ကေခိုင်(တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)၊ ဦးဇော်မျိုးသူ(Three Swallows Construction)–ဒေါ်နန်းစီရိဟွမ် တို့၏ဖခင်၊ မောင်သုတအောင်၏ အဘိုးသည် ၂၂–၈–၂၀၂၃ရက် မွန်းလွဲ ၁:၁၅နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

# ဒေါ်မိမိကြီး

## အသက်(၇၂)နှစ်

(ဦးအောင်ထွန်း–ဒေါ်လှကြင်)တို့၏သမီး၊ ဦးစံမှင်–ဒေါ်ခက်ရင်တို့၏သမီးချွေးမ၊ ဦးအောင်ဘ–(ဒေါ်ယဉ်မြ)၊ ဦးစန်းမောင်–ဒေါ်အေးမြတို့၏ညီမ (ဦးလှဖူး–ဒေါ်ငွေးမြင့်)တို့၏အစ်မ၊ ဦးအောင်ကျော်မြင့်–ဒေါ်ဝေဇင်ဦး၊ ဦးဝင်းလွင်သက်–ဒေါ်လွဲ့လွဲ့ခိုင်၊ ဒုတိယဗိုလ်မှူးကြီးနိုင်လင်း–ဒေါ်ပိုးပိုးသိန်း၊ ဦးကျော်ကျော်မိုး–ဒေါ်သီသီလှိုင်တို့၏မိခင်၊ မြေး(၆)ယောက်တို့၏အဘွား၊ ဦးမြင့်ငွေ(တပ်မတော်(လေ)(ငြိမ်း)၏ဇနီးဖြစ်သူ ရန်ကုန်မြို့ (၃/၁၀၃)ပိတောက်မြိုင်လမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်နေ ဒေါ်မိမိကြီးသည် ၂၁–၈–၂၀၂၃ ရက်နေ့ ၁၆: ၅၁ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ဖျာပုံမြို့တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇–၈–၂၀၂၃(သောကြာနေ့) နံနက် ၀၇:၀၀ နာရီမှ ၁၀:၀၀ နာရီထိ ဖျာပုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၅၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ခင်သိန်းမော်

## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၁၀၂)နေ(ဦးမြင့်ဝေ–ဒေါ်အုံထန်လွို)၊ (ဒေါ်ကြွယ်)တို့၏သမီးချွေးမ၊ (ဦးကျော်ညွန့်)–ဒေါ်ခင်လှိုင်တို့၏သမီးကြီး၊ (ဦးသိန်းလွင်)၏ဇနီး၊ ဦးတင်ဝင်း–ဒေါ်တင်တင်အေး၊ ဒေါ်လှမြင့်ကြည်၊ ဦးသန်းထွန်းအောင်–ဒေါ်လီလီ၊ ဒေါ်စန်းအေး၊ ဦးရဲထွန်း–ဒေါ်ခင်ငွေးငွေးတို့၏အစ်မကြီး၊ ကိုဇာနည်လွင်–မရည်မွန်ထက်၊ ကိုပြည့်ဖြိုးလွင်–မမေဇင်သိန်းတို့၏ မွေးသမိခင်၊ မဟေသီကျော်၊ မောင်ရှိုင်းလင်းအောင်တို့၏အဘွား ဒေါ်ခင်သိန်းမော်သည် ၄–၈–၂၀၂၃ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်မှူးမောင်မောင်ထူး(ငြိမ်း)**
**၁၉–၇–၂၀၂၃ရက်**

## အသက်(၅၉)နှစ်

**ဗိုလ်မှူးချုပ် ကိုကိုဆု(လေ–ငြိမ်း)**
**၈–၈–၂၀၂၃ရက်**

## အသက်(၆၁)နှစ်

စည်သူ(၇၁)မှ သူငယ်ချင်းနှစ်ဦးတို့သည် ယှဉ်တွဲပါ နေ့ရက်များတွင် ကွယ်လွန်သွားခဲ့ကြပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

(သူငယ်ချင်းတို့ကောင်းရာသုဂတိလားပါစေ။)

**စည်သူ(၇၁)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုများ**

# ဒေါ်ခင်သန်းမြင့်

**MPPE(ငြိမ်း)**

## အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ(ဦးကျော်မြင့်–ဒေါ်ထွေးစိန်)တို့၏ သမီး၊ (ဦးစံညိမ်း–ဒေါ်စန်းကြည်)တို့၏သမီးချွေးမ၊ ဦးလှဦး(MPPE–ငြိမ်း)၏ဇနီး၊ မရည်မွန်ဦး၊ မောင်ကျော်ကျော်ဇင်တို့၏မိခင်၊ (ဒေါ်မြင့်မြင့်စန်း)၊ (ဒေါ်မြင့်မြင့်ချို)၊ ဦးတင်ငွေး–ဒေါ်ပျိုငွေးတို့၏ညီမ၊ ဒေါ်ထားထားမြင့် (ဗဟိုဘဏ်–နေပြည်တော်)၊ ဦးဇော်ဇော်ဦး(လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)–ဒေါ်မြင့်မြင့်မူတို့၏အစ်မသည် ၂၂–၈–၂၀၂၃ (တနင်္ဂနွေနေ့) နံနက်၂:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးတင်မျိုးနိုင်

**ဒုတိယညွှန်ကြားရေးမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန၊**
**သီဟ–၈၈(ငြိမ်း)**

## အသက်(၅၃)နှစ်

(ဦးကြင်သန်း)–ဒေါ်မြင့်စိန်တို့၏သား၊ (ဦးမြသောင်း)–ဒေါ်စိန်ချစ်တို့၏သားသမက်၊ (ဦးမောင်မောင်အောင်)–ဒေါ်သန်းမြင့်မော်၊ (ဦးသက်နိုင်ဦး)တို့၏ညီ/မောင်၊ ဦးဝင်းသိန်းထွန်း–ဒေါ်သက်သက်နှင်း၊ ဒုတိယဗိုလ်မှူးကြီး ဝင်းမိုးနိုင်–ဒေါ်ကေသီဝင်းတို့၏အစ်ကို၊ ဦးသန့်စင်–ဒေါ်ကြူကြူမြသောင်း၊ ဦးကျော်မင်းသောင်း–ဒေါ်မိတခစုကိုတို့၏ညီ/မောင်၊ ဒေါက်တာ မေသူခင်၏ဦးလေး၊ ဒေါ်သူဇာသောင်း၏ ခင်ပွန်း ဦးတင်မျိုးနိုင်သည် ၂၂–၈–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အများသိစေရန် အသိပေးကြေညာခြင်း**

ဒေါ်တင်မေ(ခ)လင်ရုတ်ဖွန်း [၁၂/ကမတ(နိုင်)၀၅၃၉၂၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်တင်မေ၏ခင်ပွန်း ဦးခင်အောင်(ဘ)ဦးသန်းအောင် [၁၂/ကမတ(နိုင်)၀၅၄၇၉၄]သည် (၉–၈–၂၀၂၃)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သူ ဦးခင်အောင်သည် ရန်ကုန်မြို့တွင် "NEW LIFE STYLE" (MEDICAL & FOODS) BUSINESS Co.,Ltdကို ၎င်းတစ်ဦးတည်းပိုင်အဖြစ် တည်ထောင်၍ Electrical & Home Electronic Products, Mechanical Productsများအား ပြည်ပမှ မှာယူတင်သွင်းခြင်းဖြင့် မြန်မာနိုင်ငံတွင်း အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်ပါသည်။ ဦးခင်အောင်ကွယ်လွန်ပြီးချိန်မှစ၍ အထက်ပါ ဦးခင်အောင် တစ်ဦးတည်းအမည်ဖြင့် ၎င်းကိုယ်တိုင်လုပ်ကိုင်ခဲ့သော ကုမ္ပဏီလုပ်ငန်းကို ဇနီးဖြစ်သူ ဒေါ်တင်မေမှ ဆက်လက်လုပ်ကိုင်မည်မဟုတ်ကြောင်းနှင့် ကုမ္ပဏီလုပ်ငန်းအား တရားဝင် ဖျက်သိမ်းပါမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကွယ်လွန်သူ ဦးခင်အောင် တစ်ဦးတည်းအမည်ဖြင့် လုပ်ကိုင်သော အထက်ပါ ကုမ္ပဏီလုပ်ငန်းကို ဦးခင်အောင်ကွယ်လွန်ပြီးနောက်ပိုင်းမှစ၍ ၎င်း၏ဇနီး ဒေါ်တင်မေသည် လုံးဝလုပ်ကိုင်တော့ခြင်းမရှိသည့် အခြေအနေတွင် ကုမ္ပဏီနှင့် ပတ်သက်သော မည်သည့်အရောင်းအဝယ်ပြုမှုများကိုမဆို ဒေါ်တင်မေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ကုမ္ပဏီ၏အမည်ကို အလွဲသုံးစားပြု၍ လုပ်ကိုင်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်စန္ဒာထက် (LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၆၂၂)**
**အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၃၁၀၄၃၁၅၊ ၀၉–၇၉၅၇၃၅၁၂၈**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကေဇင်မြင့်သိန်း

**အထက်တန်းပြ (အ.ထ.က–၄၊ သဃ်ာန်းကျွန်း)**
**COE အပတ်စဉ် (၂/၉၉)**

## အသက်(၄၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၁၀၇) နေ ဦးမြင့်သိန်း–ဒေါ်တင်တင်ဝင်းတို့၏သမီးကြီး၊ (ဦးအောင်သန်း)–ဒေါ်စန်းစန်းအေးတို့၏သမီးချွေးမ၊ ဒေါက်တာစိုင်းဉာဏ်စိုး–ဒေါ်ဝတ်ရည်မြင့်သိန်း (စင်ကာပူ)တို့၏အစ်မ၊ ဦးသန့်ဇင်အောင်၏ဇနီး၊ မအေးကြည်ဖြူသန့်၊ မဖြိုးမဒီသန့်၊ မောင်ဘုန်းမြတ်လင်းသန့်တို့၏မိခင်သည် ၂၁–၈–၂၀၂၃ (စနေနေ့) ည ၈:၃၀နာရီတွင် တောင်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၂၃(တနင်္ဂနွေနေ့) နံနက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇–၈–၂၀၂၃(သောကြာနေ)နံနက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးတင်မျိုးနိုင်**
**ဒုတိယညွှန်ကြားရေးမှူး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးနိုင်သည် ၂၂–၈–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဦးဟိန်းလင်း

**(Managing Director)**
**Circle Ocean International Shipping Co.,Ltd**

## အသက်(၄၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂၈)နေ (ဦးသန်းဖေ)–ဒေါ်ခင်ပြုံးကြည်တို့၏သားကြီး ဦးဟိန်းလင်း Circle Ocean International Shipping Co.,Ltd ၏ (Managing Director) သည် ၁၆–၈–၂၀၂၃ ရက် နံနက် ၅:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးတင်မျိုးနိုင်**
**ဒုတိယညွှန်ကြားရေးမှူး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မျိုးနိုင်သည် ၂၂–၈–၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး**
**ညွှန်ကြားရေးမှူးနှင့် မိသားစုများ**

သင့် သွေး ဖြင့် အ သက် ကယ် ပါ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


ကြေးမုံ ယနေ့ ဖတ်စရာ

ဟေတီနိုင်ငံ၌ အင်အားပြင်းငလျင်လှုပ်ခတ်ပြီးနောက် ဒေသခံပြည်သူများ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ

စာမျက်နှာ » ၁၂

အခန်းဆက်ဝတ္ထုရှည်






စာမျက်နှာ » ၂၃

ဩဂုတ် ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၁၇၃ ဦးတွေ့ရှိ

စာမျက်နှာ » ၂၆

ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော် ပုသိမ်ကြီးမြို့နယ် ပရဟိတအသင်းသို့ လာရောက်အားဖြည့်ကူညီ

စာမျက်နှာ » ၂၇


# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတုအပများနှင့်ပတ်သက်၍ သိရှိနိုင်ပါရန် သတင်းထုတ်ပြန်ခြင်း

ရက်စွဲ။ ၂၂-၈-၂၀၂၁

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသောဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန်နှင့် ဆေးဝါးများ စနစ်တကျ မှတ်ပုံတင်ထားရှိရန်တို့နှင့်ပတ်သက်၍ အမျိုးသားဆေးဝါးဥပဒေပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အချိန်နှင့်တစ်ပြေးညီ ပြည်သူလူထုအား သိရှိစေရန် အချက်အလက်များကို ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

၂။ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများဖြစ်ပွားနေသဖြင့် နိုင်ငံတော်အစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူခြင်း၊ လှူဒါန်းမှုများမှရရှိသော ကာကွယ်ဆေးများအား ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံပေးလျက်ရှိသည့်နည်းတူ ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက လိုက်နာရမည့်အချက်များအားလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍






COVISHIELD အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ထားသည့် ကာကွယ်ဆေးအတုနမူနာများ



# မန်ယူအသင်း သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပြီး စပါးအသင်းက ဝုလ်ဗက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ ဩဂုတ် ၂၂ ရက် ညအစောပိုင်းပွဲစဉ်တွေအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ဆောက်သမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဝုလ်ဗက်အသင်းနဲ့ စပါးအသင်းတို့ ပွဲစဉ်မှာတော့ စပါးအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဆောက်သမ်တန်အသင်းနဲ့ မန်ယူအသင်းတို့ ပွဲစဉ်မှာ ဆောက်သမ်တန်အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၃ဂ မှာ မန်ယူကစားသမား ဖရက်ဒ်ရဲ့ အမှားကနေတစ်ဆင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး မန်ယူအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်မှာ ဂရင်းဝုဒ်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၁)မှာ လိဒ်ယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ်(၁)မှာ အဲဗာတန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် မန်ယူအသင်းဟာ နှစ်ပွဲကစားအပြီးမှာ လေးမှတ်ရရှိထားပြီး ဆောက်သမ်တန်အသင်းကတော့ ရမှတ်တစ်မှတ်သာ ရရှိထားသေးတာဖြစ်ပါတယ်။

စာမျက်နှာ ၂၈ ကော်လံ ၄ သို့ ❋